# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## စိတ်နှလုံးစင်ကြယ်ချမ်းသာ

တရားသိသော သူတော်ကောင်းတို့သည် တရားနှင့်ဆိုင်သော ပီတိကို စားသုံး၍ စိတ်နှလုံးကြည်လင်သန့်ရှင်းပြီး ချမ်းသာစွာနေရ၏။ သူတော်ကောင်း တရား၌လည်း အစဉ်မွေ့လျော်၍ နေ၏။ တရား၏ အရသာကို ခံစားရသဖြင့် စိတ်နှလုံးသန့်ရှင်းစင်ကြယ်၏။ စိတ်နှလုံးစင်ကြယ်သဖြင့် ချမ်းသာစွာနေရ၏။ ပီတိ ဟူသမျှတို့တွင် ဓမ္မပီတိသည် အမြတ်ဆုံးဖြစ်၏။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၃၁၇)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသား ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်း အမှတ်(၁)ကားလမ်း မိုင်တိုင် အမှတ်(၂/၄)နှင့်(၂/၅)အကြားရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ်(၁၆)ရှိ သဘာဝသစ်တောအတွင်း၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ အင်ကြင်း၊ ယင်းမာ၊ ငုရွှေဝါ၊ ပန်းမဲဇလီ၊ တမာ၊ ပုန်းညက်တို့ကို စိုက်ပျိုးကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတဦးထင်ကျော် အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်** (ဓာတ်ပုံ-သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)

# ကိုသိန်းဇော်(ခ)ကိုဇော်ဇော်ကို ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်ကြောင်း ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ၊ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ကိုသိန်းဇော်(ခ)ကိုဇော်ဇော်ကို ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဩဂုတ် ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)**

၁။ နိုင်ငံများ၏အနာဂတ်သည် လူငယ်မျိုးဆက်သစ်များ၏ ပစ္စုပ္ပန်ကာလလေ့လာသင်ယူမှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ နိုင်ငံတည်ဆောက်ရေးမဟာဗျူဟာနှင့်မျှော်မှန်းချက်များကို ချမှတ်ရာတွင်လည်း လူငယ်မျိုးဆက်သစ်များ၏ အနာဂတ်မျှော်မှန်းချက်များနှင့် ကင်းလွတ်၍ မရနိုင်ပါ။

၂။ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်အတွက်ကြီးမားလှသော စွမ်းအား အရင်းအမြစ်များဖြစ်သည်သာမက ဤနိုင်ငံတော်၊ ဤပြည်ထောင်စုကို ထိုလူငယ်များက လက်ဆင့်ကမ်း လွှဲပြောင်းရယူကာ ဆက်လက်တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ နှစ်ဆယ့်တစ်ရာစု အသိပညာခေတ်စိန်ခေါ်မှုများကိုလည်း အသိပညာလူ့အဖွဲ့အစည်းဖြင့် ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိကိုယ်ကိုအားကိုးအားထားပြုမှုများရှိနေစေရန် မပြတ်လေ့လာဆည်းပူးခြင်းဖြင့် ကြုံတွေ့လာနိုင်သော အရာရာအတွက်အဆင်သင့်ဖြစ်နေရန် အရေးကြီးလှပါသည်။ယနေ့အချိန်ကာလတွင် နိုင်ငံသူနိုင်ငံသားများအကျိုးအတွက် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး နယ်ပယ်အသီးသီးတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့မြင်နေရပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆





# (၂၁)ရာစု ပင်လုံညီလာခံ၏ အောင်ပွဲခံမည့်ခြေလှမ်းများ

ဩဂုတ်လ ၁၅ ရက်နေ့က ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြဿနာတို့ကို ကျော်လွှားနိုင်ရမည်ဟူသောစိတ်ဓာတ်၊ ယုံကြည်ချက်တို့ဖြင့် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပန်ကြားခဲ့ပါသည်။ ဤအမှာစကားက ပြည်ထောင်စုအပေါ်ထားရှိသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ စိတ်ဓာတ်၊ ယုံကြည်ချက်နှင့် စေတနာတို့ကို ဖော်ပြနေပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်မှန်သည့်ပြည်ထောင်စုကြီးတည်ဆောက်ရန်အတွက် ဘုံသဘောတူညီချက်တစ်ရပ်ရရှိရန် အရေးကြီးသည်ကို ထောက်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးမရရှိသေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်အတွေးအမြင်သည် အလေးအနက်ထားနှလုံးသွင်းရမည့်ကိစ္စဟု ခံယူပါသည်။ အဆိုပါ အတွေးအမြင်မှာ ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခြင်းသည် ငြိမ်းချမ်းရေးမရရှိခဲ့ခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟူသော သဘောထားအယူအဆဖြစ်ပါသည်။ ဤသဘောထားအယူအဆကို သုံးသပ်ကြည့်လျှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုသားတိုင်းရင်းသားအားလုံးအပေါ် သာတူညီမျှဖြစ်စေလိုသည်ကို လှစ်ဟဖော်ပြနေပါသည်။ ၁၀၀ ရာခိုင်နှုန်းအားလုံးသဘောတူညီသော ကိစ္စရပ်မရှိနိုင်ဟူသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် စစ်မှန်သောပြည်ထောင်စုကို တိုင်းပြည်၏ပကတိအခြေအနေအား ထင်ဟပ်လျက် မရ၊ ရအောင် တည်ဆောက်မည်ဟူသော သန္နိဋ္ဌာန်ကို အလေးအနက်ဖော်ပြနေပါသည်။ "အတိတ်မှ အဆိုးများကို ပယ်ဖျက် ၊အနာဂတ်ကိုညီညီညွတ်ညွတ်ချီတက်" ဟူသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်သည် ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး မဆုတ်မနစ် ဆုပ်ကိုင်ရမည့် အခြေခံမူတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်၊ သဘောထား လမ်းညွှန်ချက်များနှင့်အညီ (၂၁)ရာစုပင်လုံညီလာခံ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား တက်ရောက်ခွင့်ပြုရန် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)က ဆုံးဖြတ်ခဲ့ခြင်းသည် ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့် ကိစ္စရပ်ဖြစ်ပါသည်။ (၂၁)ရာစုပင်လုံညီလာခံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်ခွင့်ရရှိစေရန် ဦးတည်၍ "ညီလာခံကိုယ်စားလှယ်များ" ဟူသော အသုံးအနှုန်းအစား "ညီလာခံတက်ရောက်သူများ" ဟု ပြောင်းလဲခဲ့ခြင်းသည် "ပြဿနာတို့ကို ကျော်လွှားနိုင်ရမည်" ဟူသော စိတ်ဓာတ်၊ ယုံကြည်ချက်တို့ကို ထင်ဟပ်နေပါသည်။ (၂၁)ရာစုပင်လုံညီလာခံ ပူးတွဲကျင်းပရေးကော်မတီ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (NCA)လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ပါဝင်ခွင့်ပြုရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က ဆုံးဖြတ်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လာရေးကို မမိုတ်မသုန် ဆောင်ရွက်မည်ဟူသော နိုင်ငံရေးသန္နိဋ္ဌာန်ကို ထပ်မံအလေးအနက် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အခင်းအကျင်း၊ အပြင်အဆင်ခြေလှမ်းတို့သည် (၂၁)ရာစုပင်လုံညီလာခံအောင်မြင်ရေးကို အခိုင်အမာဦးတည်နေသည်ဖြစ်၍ လှိုက်လှိုက်လှဲလှဲ၊ ဝမ်းမြောက်ဝမ်းသာကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။



# နေပြည်တော်၌ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၆**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည့် စေတနာရှင်အလှူရှင်များအနေဖြင့် ရိပ်သာအုပ်ချုပ်ရေးမှူးများ ဖုန်း-၀၉-၄၄၈၅၃၅၁၁၁၊ ၀၉-၉၇၀၉၅၄၅၇၇၊ ၀၉-၉၇၄၃၀၆၀၅၃၊ ၀၉-၂၁၃၃၁၄၂ တို့သို့ ဩဂုတ် ၂၀ ရက်ထက်နောက်မကျဘဲ စာရင်းပေးသွင်းရန်နှင့် မော်တော်ယာဉ်ဝင်ခွင့်ကတ်ပြားများကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက် တို့တွင် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူးများထံ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများအား ရှာဖွေကုသမှုလုပ်ငန်းများ မြို့နယ် ၁၀ မြို့နယ်၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ပြည်သူများအနေဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ၏ အန္တရာယ်ကြီးမားလာမှုကို သိရှိစေရန်၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ကူညီပံ့ပိုးမှုများပေးနိုင်ရန်နှင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှု၊ အရွယ်မတိုင်မီသေဆုံးမှုများ လျော့နည်းကျဆင်းလာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Help Age International (Myanmar Office)တို့က ပူးပေါင်းဆောင်ရွက်သော မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားသည်။



ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေက မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှု၊ Risk Factors ကာကွယ်နှိမ်နင်းရေး အကြောင်းအရာများကို လည်းကောင်း၊ ဆီးချို၊သွေးချို ကာကွယ်ထိန်းသိမ်းရေး စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာကိုကိုက ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် ကင်ဆာရောဂါများ၊ ရောဂါရှာဖွေကုသမှု လုပ်ငန်းများကို အခြေခံကျန်းမာရေး ဝန်ထမ်းများက ပဏာမကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်း လုပ်ငန်း Pakage of Essential NCDS နှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသဆွေးနွေးသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ဆီးချို၊သွေးချိုနှင့် သွေးတိုးရောဂါများ ရှာဖွေကုသမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး အတွက် Pakage of Essential NCDS လုပ်ငန်းကို ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာကိုကိုက ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**သတင်း- ခင်ဇော်(မင်္ဂလာ)၊ ချစ်ကိုကို**

## မိုးထစ်ချုန်းမည်

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရေဝတီတိုင်းဒေသကြီးတွင် မိုးအားလျော့နည်းနိုင်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



**အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်** (ဓာတ်ပုံ-သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)

✱ *ရှေ့ဖုံးမှ*

၂၀၁၆ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြိမ်ရေ ၅၀၀ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူလူထု အင်အား ၁၂၀၀၀၀ ခန့် တက်ရောက်ကာ အပင်ပေါင်း ၃၅၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

၂၀၁၆ ခုနှစ် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် တစ်နိုင်ငံလုံး ပျိုးပင်မျိုးစုံ ၅၈ သန်းကို နိုင်ငံတော်ပိုင်စိုက်ခင်းတည်ထောင်ခြင်း၊ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြည်သူများ၊ အသင်းအဖွဲ့များပါဝင်သည့် သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းတည်ထောင်ခြင်းနှင့် ကျေးရွာသုံး စိုက်ခင်းတည်ထောင်ခြင်း၊ စည်ပင်သာယာရေးကော်မတီများအစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၏ အစီအစဉ်များဖြင့် စိုက်ပျိုးခြင်း စသည့် နည်းလမ်းများဖြင့်စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ အပင်ပေါင်း ၄၃ သန်းခွဲခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

၃။ ထိုသို့သော မျိုးဆက်သစ်လူငယ်များအနက်မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကတောကျေးရွာအုပ်စု၊ စည်သာကျေးရွာမှ ကိုသိန်းဇော်(ခ) ကိုဇော်ဇော်သည် အတန်းပညာအားဖြင့် စတုတ္ထတန်းအောင်မြင်သည်အထိသာ ပညာသင်ကြားခဲ့ရသော်လည်း ရန်ကုန်မြို့၌ သမ္ဗာအာဇီဝငါးကင်ရောင်းချခြင်းဖြင့် ကိုယ်ထူးကိုယ်ချွန်ရပ်တည် လုပ်ကိုင်ကာ တစ်ဖက်တွင်လည်း "မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်သည်မှာ စာအုပ်စာပေသာဖြစ်သည်" ဟု ခံယူ၍ ချွေးနဲ့စာဖြင့် တစ်ပိုင်တစ်နိုင် စာကြည့်တိုက်များကို ထူထောင်လျက်ရှိကြောင်း သိရှိရပါသည်။ အများပြည်သူ အသိအမြင်တိုးတက်ပြောင်းလဲလာစေရန်ရည်ရွယ်၍ အိုးပိုင်အိမ်ပိုင်မဟုတ်ဘဲ အခန်းငှားကာ နေထိုင်ရသည့်ကြားမှ မွန်မြတ်သော ရည်ရွယ်ချက်ကို မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်နေသူလည်းဖြစ်ပါသည်။ ကိုသိန်းဇော်(ခ)ကိုဇော်ဇော်သည် လိုအပ်သည့်နေရာများသို့ စာအုပ်များ လှူဒါန်းလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် "မန္တလေးအခမဲ့စာကြည့်တိုက်" ငါးခုအထိ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ စာအုပ်စာပေများမှ ရရှိသောခွန်အားဖြင့် ဘဝကို ခိုင်ခိုင်မာမာရပ်တည်နိုင်သည့်အပြင် မျိုးဆက်သစ်လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် အသိပညာလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်သလို နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သမျှပါဝင်ဆောင်ရွက်နေခြင်းဟု ရှုမြင်ပါသည်။ သို့ဖြစ်၍ ကိုသိန်းဇော်(ခ)ကိုဇော်ဇော်အား ယခုနှစ်ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ ကိုသိန်းဇော်(ခ)ကိုဇော်ဇော်ကဲ့သို့ပင် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့လူ့အဖွဲ့အစည်း၊ မိမိတို့နိုင်ငံတော်အတွက် ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအားပေးလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ်-၂၀၁၆ ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု(ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်- ၂၀၁၆) အတွက် ဘက်စုံထူးချွန်သူ ၁၆ ဦးအားရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက်ကြာလေ့လာရေးအစီအစဉ်ကို အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်ရာ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့်သတ်မှတ်ချက်ပြည့်မီပြီး သတ်မှတ်ရက်တွင် အဆိုပြုလွှာများ ပြန်လည်ပေးပို့ခဲ့သည့် ကျောင်းသားကျောင်းသူ ၁၁၀ အား ပဏာမဆန်းစစ်မှုစာမေးပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် (YUFL) ၌ ကျင်းပခဲ့သည်။

**အတည်ပြုရွေးချယ်**

အသင်း၏ ထူးချွန်ကျောင်းသားရွေးချယ်ရေးကော်မတီသည် ပထမဆန်းစစ်မှုစာမေးပွဲ ရလဒ်များနှင့်တစ်ဦးချင်းအဆိုပြုလွှာများကို စိစစ်၍သတ်မှတ်အဆင့်အရည်အချင်းမီသူ ၆၁ ဦးအား ပထမအဆင့် လူတွေ့စစ်ဆေးမှုကို ဩဂုတ် ၆ ရက်တွင် လည်းကောင်း၊ ဒုတိယအဆင့် လူတွေ့စစ်ဆေးမှုအဖြစ် ကျောင်းသားကျောင်းသူ ၂၆ ဦးကို ဩဂုတ် ၁၄ ရက်တွင်လည်းကောင်း ပြုလုပ်ခဲ့ပြီး အောက်ဖော်ပြပါ ဘက်စုံထူးချွန်သူ ၁၆ ဦးအား အတည်ပြုရွေးချယ်ခဲ့သည်။

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) မှ**

(၁) မထက်ရည်နိုင် (ဒုတိယနှစ်၊ ဂျပန်ဘာသာ)
(၂) မသဲနုဆွေ (ဒုတိယနှစ်၊ ဂျပန်ဘာသာ)
(၃) မောင်လင်းသန့်ဦး (ဒုတိယနှစ်၊ ဂျပန်ဘာသာ)
(၄) မကြည်လဲ့ဝင်းပြည့် (တတိယနှစ်၊ ဂျပန်ဘာသာ)
(၅) မအေးချမ်းမိုး (တတိယနှစ်၊ ဂျပန်ဘာသာ)
(၆) မသက်နှင်းပိုင်စိုး (တတိယနှစ်၊ ဂျပန်ဘာသာ)

**၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ-**

(၇) မောင်မင်းသွင်ခန့် (အထက-၁ ဒဂုံ၊ ရန်ကုန်)
(၈) မအိန္ဒြေဖိုလ်ဖိုလ် (အထက-လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်)
(၉) မခင်ဦးကုံကော် (အထက-၂၊ ဒဂုံ၊ ရန်ကုန်)
(၁၀) မမြပန်းချီ (အထက-လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်)
(၁၁) မပန်ဆုသော်(ဝိပွဲ) (အထက-၂၊ စမ်းချောင်း၊ ရန်ကုန်)
(၁၂) မအိန္ဒြေမိုးသုံသန်း(ဝိပွဲ) (အထက-၄၊ ကမာရွတ်၊ ရန်ကုန်)

**၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ-**

(၁၃) မောင်ကျုံလျှန်ထန် (အထက-၁၊ ဟားခါး၊ ချင်းပြည်နယ်)
(၁၄) မဖြိုးသဥ္ဇာထက် ((ကပက-ပါရမီပညာရိပ်မွန်)၊ မုံရွာ၊ စစ်ကိုင်းတိုင်း)
(၁၅) မောင်နေနေဉ်ဦး (အထက-၁၊ တောင်ကြီး၊ ရှမ်းပြည်နယ်)
(၁၆) မချိုးဆက်စံသာ (အထက-၁၊ ထားဝယ်၊ တနင်္သာရီတိုင်း)

ရွေးချယ်ခံရသည့် ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန်ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရေးအပါအဝင် အုပ်ချုပ်မှုကိစ္စများဆောင် ရွက်ရန်အတွက် မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်)ဖုန်း ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅၊ ၀၉-၄၂၁၁၆၂၃၃၁ သို့ အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၂ ရက်က ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးက ထပ်ဆင့်ရှင်းလင်းပြောကြားစဉ် (၁၁၀)




**ရခိုင်ပြည်နယ်ရှိ တောင်ကုတ်ကောလိပ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်က အဆိုပါကောလိပ်၌ ကျင်းပရာ ကာယအလှမယ်များ ကိုယ်ဟန်ပြသနေစဉ်**
(ကာယဗလမောင်ပြိုင်ပွဲပထမဆုကို ဒုတိယနှစ်သတ္တဗေဒကျောင်းသား မောင်သန်းနိုင်ဝင်းနှင့် ကာယအလှမယ်ပြိုင်ပွဲပထမဆုကို ဒုတိယနှစ်ရုက္ခဗေဒကျောင်းသူ မအေးချမ်းမြတ်တို့ရရှိကြရာ ကျောင်းအုပ်ဆရာကြီးဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။) **(မြို့နယ် ပြန်/ဆက်)**

**ရက် ၁၀၀ အတွင်း ဆောင်ရွက်ပြီးစီးမှုများ စစ်ဆေး**

**ပြည် ဩဂုတ် ၁၆**

ပေါက်ခေါင်းမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်လုပ်ငန်းများဖြစ်သော ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ကျေးလက်လမ်း၊ ရေပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှန်တကယ်ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိနှင့် သတ်မှတ်ထားသော စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ /မရှိအား ခရိုင်ရုံးများ အပြန်အလှန်စစ်ဆေးခြင်းအရ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သာယာဝတီခရိုင်ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့်အဖွဲ့လာရောက်စစ်ဆေးခဲ့သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေအား မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်

❈ *ကျော်ဖုံးမှ*

မူခင်းကျဆင်းရေးတွင် အရေးယူဆောင်ရွက်ခြင်းအနေဖြင့် ကြိုတင်ကာကွယ်အရေးယူမှု ၅၀၁၀၈ မှု၊ အမှုကြီး ၇၉၁ မှုနှင့် အခြားအမှု ၁၆၅၅၄ မှုတို့ကို အရေးယူနိုင်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် အမှု ၂၇၈၈ မှု၊ တရားခံ ၄၃၄၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၏အမှုများအား တရားရုံးများတွင် ရုပ်သိမ်းခြင်း/ပိတ်သိမ်းခြင်းတွင် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၊ ဥပဒေရုံးအဆင့်ဆင့်၊ တရားစွဲအဖွဲ့အစည်းအဆင့်ဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရုပ်သိမ်း/ပိတ်သိမ်းအမှုပေါင်း ၂၇၄ မှုနှင့် အမှုရင်ဆိုင်နေရသူ ၄၅၇ ဦးတို့အား ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။






ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ရှောက်ခြင်းနှင့် လှည့်ကင်း/ရပ်ကင်းများ ဆောင်ရွက်စဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲဖော်ဆောင်လျက်ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့် ရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအတွက် နှစ်နိုင်ငံရဲချုပ်များက ဇွန် ၁၃ ရက်တွင် ဆစ်ဒနီမြို့၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြည်တွင်းတွင် UNODC၊ ICRC၊ ISDP၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့နှင့် လုပ်ဆောင်လျက်ရှိပြီး ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများသို့လည်း စေလွှတ်လျက်ရှိပါကြောင်း။

**ဘိန်းချက်စခန်း နှစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား သန်း ၃၀ ခန့် ဖော်ထုတ်ဖမ်းဆီးနိုင်**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် ထူးခြားချက်အနေဖြင့် ဘိန်းချက်စခန်းနှစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၈ သန်း၊ ဘိန်းစိမ်း ၁၇၅ ကီလို၊ ဘိန်းဖြူ ကီလို ၆၀၊ အက်ဖီဒရင်း ကီလို ၅၀၀၊ ကဖင်း ၁၄ တန်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား ပိုမိုရင်းနှီးနွေးထွေးစွာ ဆက်ဆံနိုင်ရေးအတွက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်၏အနှစ်သာရများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့နှင့် ရဲစခန်းဌာနများအပေါ် ထိတွေ့ဆက်ဆံရမည့် ပြည်သူလူထု၏အကြောက်တရားနှင့် စိုးရိမ်မှုများကို လျှော့ချနိုင်ခဲ့ပြီး ပိုမိုရင်းနှီးပွင့်လင်းသောဆက်ဆံရေးများနှင့် ပြည်သူ၏ယုံကြည်အားကိုးမှုကို ပိုမိုတည်ဆောက်နိုင်ခဲ့ပါကြောင်း။

ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခဲ့မှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်တို့ရှိ ကျေးရွာပေါင်း ၂၇၅ ရွာတွင် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးဆောင်ရွက်ခဲ့ရာ မေ ၁ ရက်မှ ယနေ့ကာလအထိ ကျေးရွာမြေငှားဂရန်ပေါင်း ၁၂၇၉၃ ခု ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာမြေငှားဂရန်များအား ပြည်သူများ၏လက်ဝယ်သို့ မြန်ဆန်စွာ ပြီးပြတ်အောင် ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံးများက ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများမှာ စားသောက်ဆိုင်များနှင့်ပတ်သက်၍ ထောက်ခံချက်ပေးခြင်း၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စရပ်များကို အကြံပြုခြင်း၊ ဘိလိယက်ခုံလိုင်စင်ထုတ်ပေးခြင်း၊ ပျော်ပွဲရွှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေ ပြောင်းဝင်/ထွက်ကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နှင့်ပတ်သက်သော ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေး တိုင်ကြားမှုကိစ္စရပ်များ၊ သစ်တောနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ လူမှုဖူလုံရေး၊ အလုပ်သမား၊ အလုပ်အကိုင် ကိစ္စရပ်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပါကြောင်း။

**အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်း**

အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်းအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုထားသောအသင်းအဖွဲ့အရေအတွက်မှာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ NGO ၆၅၀၊ INGO ၁၄၈ ခု၊ တိုင်းဒေသကြီး/ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၁၀၁ ခု၊ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့မှ NGO နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသမှတ်ပုံတင်ရေးအဖွဲ့မှ NGO ငါးခု၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၁၅ ခု၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ NGO ၂၇၀ စုစုပေါင်း NGO ၁၀၄၃ ခု၊ INGO ၁၄၈ ခု ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက မြစ်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်းထိန်းသိမ်းရေးအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ဆောင်ရွက်သည့် လုပ်ငန်းနှစ်ခု၊ တိုင်းဒေသကြီးအစိုးရများ၏ ဘတ်ဂျက်ခွင့်ပြုငွေနှင့် ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်း ၃၆ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းတွင်း၀-မုံရွာ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းပြီးဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် လုပ်ငန်းများစတင်နိုင်မှု မရှိသေးပါကြောင်းနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် တွင် အပြီးဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်မည်**

ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၃၆ ခုအနက် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီးလုပ်ငန်း ၂၈ ခု၊ ၆၅ ရာခိုင်နှုန်း ပြီးစီးသည့် လုပ်ငန်းတစ်ခု၊ ၆၀ ရာခိုင်နှုန်း ပြီးစီးသည့်လုပ်ငန်းနှစ်ခု၊ ၅၅ ရာခိုင်နှုန်း ပြီးစီးသည့်လုပ်ငန်း နှစ်ခု၊ ၅၀ ရာခိုင်နှုန်းပြီးစီးသည့် လုပ်ငန်းနှစ်ခုတို့ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ရေဝတီမြစ်ရေ သုံးကြိမ်မြင့်တက်မှုကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်း၊ မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်တည်ဆောက်ရန် ဂျပန်နိုင်ငံမှ ထောက်ပံ့ငွေရရှိရေးအတွက် ဆောင်ရွက်ထားပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍအတွက် မုန်တိုင်းဖြစ်ပေါ်မှုများကိုစောင့်ကြည့်နိုင်ရန် ရန်ကုန်၌ ရေဒါတပ်ဆင်ရေးအတွက် အမြင့် ၇၇ မီတာရှိ တာဝါတည်ဆောက်ခြင်း၊ စက်ကိရိယာတပ်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အယ်နီညိုနှင့် လာနီညာဖြစ်စဉ်များ၏ နောက်ဆုံးအခြေအနေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး အယ်နီညိုရာသီဥတုဖြစ်စဉ်၏အခြေအနေများကို တစ်လလျှင် နှစ်ကြိမ် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ လာနီညာရာသီဥတုဖြစ်ပေါ်လာမှုမှာ ဇူလိုင်မှ စက်တင်ဘာလထိ ၄၄ ရာခိုင်နှုန်းဖြစ်နိုင်ခြေရှိသည်ဟု ခန့်မှန်းရသဖြင့် ဆက်လက်စောင့်ကြည့် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် မြစ်ငယ်ဒွေးလမ်းတံတား (အရှည်ပေ ၈၆၀)တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ရထားများ အစုန်၊ အဆန်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ စီးပွားရေးတွက်ခြေမကိုက်သော ရထားလမ်းပိုင်းများ ဖျက်သိမ်းရေး စိစစ်မှုများ ဆောင်ရွက်ခြင်းအတွက် လုံးဝဖျက်သိမ်းရမည့် ရထားလမ်းပိုင်း ၁၆ ခုကို ဖျက်သိမ်းခဲ့ပြီး ရထားလမ်း ၁၄ ခုကို ပြင်ဆင်ပြေးဆွဲစေလျက်ရှိပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် လှိုင်းနှုန်းအသုံးပြုခွင့်အတွက် လှိုင်းနှုန်းစဉ် လေလံတင်မှုဆောင်ရွက်ခဲ့ပြီး Action Framework ကို ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ Myanmar National Satellite Project အတွက် ဦးစားပေးရွေးချယ်ထားသော Intelsat Satellite Operator နှင့် အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊ မိုဘိုင်းစခန်း ၄၄၂၈ ခု ဖွင့်လှစ်ထားရှိပြီး ထပ်မံ၍ GSM စခန်း ၅၀၀ တိုးချဲ့ဖွင့်လှစ်ခြင်းကို ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်ရှိ အော်တိုအိတ်ချိန်းရုံးတွင် Mobile Operation Center (MOC) ဖွင့်လှစ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များတွင် MPT Brand Shop ၄၉ ခု ဖွင့်လှစ်ထားပြီး ထပ်မံ၍ အခု ၂၀ တိုးချဲ့ဖွင့်လှစ်ရန် လျာထားခဲ့ပါကြောင်း၊ ၄၀ အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရေအောက်ကေဘယ်ဆက်ကြောင်းအတွက် ငွေဆောင်ကမ်းခြေနှင့် ပုသိမ်မြို့ရေအောက်ကေဘယ်စခန်းအကြား ၅၈ ကီလိုမီတာ မြေအောက်ဆက်ကြောင်းဖြင့် ဖိုင်ဘာကေဘယ်နှင့် ပါဝင်ကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**ပို့ဆောင်ရေးမူဝါဒကြေညာချက်သစ်**

လုပ်ငန်းစီမံကိန်း ၁၇ ခုအနက် လုပ်ငန်း ၁၆ ခု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး မြစ်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်း ထိန်းသိမ်းရေး၊ ကမ်းပြို/ကမ်းထိန်းလုပ်ငန်းစီမံကိန်းတစ်ခုသာ မြစ်ရေမြင့်တက်မှုကြောင့် ကျန်ရှိပါကြောင်း၊ လုပ်ငန်းတစ်ခုလုံးအတွက် ၈၇ ရာခိုင်နှုန်းဆောင်ရွက်ပြီး ကျန်ရှိလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးမူဝါဒကြေညာချက်သစ်တစ်ရပ် ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ပြည်သူများအတွက် ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာများကို နမူနာဆောက်လုပ်ခြင်း၏ စံနှုန်းများအရ ကျန်ဒေသအသီးသီးတွင် ဆက်လက်ဆောက်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာ Low Cost Housing ၏နမူနာပုံစံကို အဆောက်အအုံဦးစီးဌာန၊ ဗိသုကာ၊ ပုံထုတ်-ခန့်သု၊ ရေသန့်၊ လျှပ်စစ်ဌာနခွဲများမှ ဆောင်ရွက်ပြီးစီး၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း။

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်တွင် ကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာ နမူနာစီမံကိန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံမှုဖြင့် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၂) မှ ရှစ်ခန်းတွဲ ငါးထပ် အိမ်ခန်း (၄၀) ပါ သံကူကွန်ကရစ် (R.C.C) အဆောက်အအုံ တစ်လုံးနှင့် သံထည် (Steel Structure) အဆောက်အအုံ တစ်လုံး၊ စုစုပေါင်းအဆောက်အအုံနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (Myanmar National Building Code - MNBC) ကို အတည်ပြုထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ (Myanmar National Building Code-MNBC) ကို စည်းမျဉ်းစည်းကမ်း (Code) အနေဖြင့် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် MNBC ကို ဥပဒေပြုနိုင်ရေးအတွက် UN-Habitat အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် စည်းမျဉ်း စည်းကမ်းအဖြစ် လိုက်နာဆောင်ရွက်သွားရန် အထိန်းအကွပ်တစ်ရပ်အနေဖြင့် ရရှိလာမည်ဖြစ်ပါကြောင်း။

**ဂိတ် ၁၆၀ ကျော် လမ်း/တံတား အသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြု**

နိုင်ငံတစ်ဝန်း လမ်း/တံတား အသုံးပြုခကောက်ခံလျက်ရှိသည့် ဂိတ်အရေအတွက် ၃၀၂ ဂိတ်အနက်မှ ၁၆၁ ဂိတ်ကို လမ်း/တံတားအသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်လေးခုတို့တွင် လမ်းဂိတ် ၈၉ နှင့်တံတားဂိတ် ၇၂ စုစုပေါင်း ၁၆၁ ဂိတ်ကို ဧပြီ ၁ ရက်မှစ၍ တိုးလ်ဂိတ်ကောက်ခံခြင်းမှ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်း၍ ဘေးကင်းလုံခြုံရေးအတွက် Road Patrol ကားများထားရှိဆောင်ရွက်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်မဆမှု အဖြစ်များသောနေရာများတွင် Road Patrol ကားနှစ်စီးဖြင့် စောင့်ကြပ်ကြည့်ရှုရန် မိုင်တိုင်အပိုင်းအခြားအလိုက်နှင့် အချိန်နာရီအလိုက် တာဝန်ချထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က အစိုးရသစ်တာဝန်ယူပြီးနောက် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ဘေးကင်းလုံခြုံမှုကို ပိုမိုဖန်တီးပေးနိုင်ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဦးစားပေးစီမံချက် ခုနစ်ရပ်ပါဝင်သော ရက် ၁၀၀ စီမံချက်ကို ဧပြီ ၂၁ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင်လုပ်ငန်းစီမံချက် (၅) ရပ်မှာ ရာနှုန်းပြည့်ပြီးစီးပြီး ကျန်စီမံချက် (၂) ရပ်မှာ ၉၈ ရာခိုင်နှုန်း နှင့် ၇၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပါကြောင်း။

ချင်းပြည်နယ် မြေပြိုဆည်များနှင့်ပတ်သက်၍ ဘေးအန္တရာယ် လျှော့ပါးစေရေးအတွက် အရေးပေါ်တုံ့ပြန်ရေးစီမံချက်အရ နေပြည်တော်သို့ ဆည်အခြေအနေ သတင်းပို့နိုင်ရန် Single Side Band (SSB) ဆက်သွယ်ရေးစက် နှစ်လုံး တပ်ဆင်ခြင်း၊ မြေပြိုဆည်ပြိုခဲ့ပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ရမည့်နေရာ ၆၆ ခု သတ်မှတ်ဖော်ထုတ်ခြင်း၊ ယင်းမြေပြိုဆည်ပြိုကျလာပါက ရာဇဂြိုဟ်ဆည်သို့ နုန်းများ အတိုင်းအဆမရှိဝင်ရောက်၍ ဆည်ထိခိုက်မှုကာကွယ်ရေးနုန်းတားဆည် သုံးခုတည်ဆောက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သန်း ၂၅၈ ဒသမ ၀၆ကို သုံးစွဲနိုင်ရန်စီစဉ်ပေးခဲ့ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ မြေပြိုဆည်တွင် ပေ ၃၀၀ × ပေ ၂၀ ရေပိုလွှဲဖောက်လုပ်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇူလိုင် ၃ ရက်တွင် ယင်းရေပိုလွှဲမှ ရေတိုက်စားကာ ဆည်ကျိုးပေါက်ခဲ့သဖြင့် တည်ဆောက်ဆဲနုန်းဖမ်းဆည်သုံးခု ထိခိုက်ပျက်စီးခဲ့ပြီး ယခုအခါ မြေပြိုဆည်တွင် ရေအနည်းငယ်သာကျန်ရှိနေပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွက် မြေပြိုဆည်ကျိုးပေါက်ခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကင်းဝေးခဲ့ပြီဖြစ်ပါကြောင်း။

နေပြည်တော်ရှိ အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Centre- EOC) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ကျရောက်လွယ်သောဒေသများတွင် ပြည်သူလူထုထံ ကြိုတင်သတိပေးချက်ရရှိစေရေးအတွက် Single Side Band (SSB) စက်များတပ်ဆင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ပြည်သူများကိုယ်စား သတင်းပေးပို့နိုင်မည့် Kobo Collect Mobile Application ထုတ်ဝေမှု ၁၀၀ ရာခိုင်နှုန်း၊ ဘေးအန္တရာယ်ကြိုတင်သတိပေးချက်များအား ပြည်သူများထံ သတိပေးနိုင်မည့် ( Disaster Alert Notification-DAN) Mobile Application ဆောင်ရွက်ခြင်း ၁၀၀ ရာခိုင်နှုန်းနှင့် ပြည်သူလူထုကိုယ်တိုင်ပါဝင်သော မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူလလျာထားသည့် လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်သဖြင့် ကျန်ရှိနေသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**Help Line နှင့် Hot Line ဖုန်းနံပါတ်များ**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများနှင့်ဆက်စပ်ပြီး ပြည်သူများ သိရှိလိုသည့် သတင်းအချက်အလက်များ ဆက်သွယ်မေးမြန်း၍ အကူအညီရယူနိုင်ရန် နေပြည်တော်တွင် Help Line နှင့် Hot Line ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၀၄၆၆၆နှင့် ၄၀၄၇၇၇ တို့ကိုတပ်ဆင်စေပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှလည်း ပြည်သူ့ဆက်ဆံရေးဌာနဖွင့်လှစ်၍ ဖုန်းအမှတ် ၀၉-၅၅၃၁၉၇၂၈၅ သို့ ဆက်သွယ်၍ လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ အကူအညီများဆက်သွယ်ဆောင်ရွက်နိုင်နေပြီဖြစ်ပါကြောင်း။

လူငယ်မူဝါဒရေးဆွဲရေးအကောင်အထည်ဖော်ရေးစီမံချက်ကို ပညာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်မူဝါဒ(မူကြမ်း)ရေးဆွဲရေးအဖွဲ့တွင် လူငယ်များကိုယ်တိုင် ပါဝင်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လူငယ်များနှင့်တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ပြီးလူငယ်ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့် လူငယ်မူဝါဒတွင် ထည့်သွင်းရေးဆွဲမည့်အချက်များပေါ်ထွက်လာရေး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆက်လက်ဆောင်ရွက်လျက်ရှိရာ စီမံချက်အနေဖြင့် ၇၀ ရာခိုင်နှုန်း ပြီးစီးအောင်မြင်ခဲ့ကြောင်း။

**လမ်းပေါ်နေကလေးများနှင့် မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်**

လမ်းပေါ်နေ ကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ရွယ်ဆောင်ရွက်ပါကြောင်း၊ ဤစီမံချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့များကို တွေ့ဆုံဆွေးနွေး တင်ပြခဲ့ပါကြောင်း၊ ဆက်စပ်ဌာနဆိုင်ရာများ၊ မိတ်ဖက်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကနဦးဆန်းစစ်ချက်များပြုလုပ်၍ ဦးတည်အုပ်စု၏လိုအပ်ချက်များဖော်ထုတ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ လမ်းပေါ်နေ ကလေးများနှင့် ခိုကိုးရာမဲ့များအား ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ဆန်းစစ်တွေ့ရှိချက်ကိုအခြေခံ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် စီမံချက်ကိုရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

## ချင်းပြည်နယ် မြေပြိုဆည်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု




မြန်မာနိုင်ငံ၏ ဆင်းရဲမှုအမြင့်မားဆုံး ချင်းပြည်နယ်မှ ထိခိုက်အားနည်းလွယ်သော အုပ်စုများအား လူမှုကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် စီမံချက်တစ်ရပ် ပေါ်ထွန်းလာရန် ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကာကွယ်စောင့်ရှောက်ပေးရမည့် အုပ်စုများဆိုင်ရာ စာရင်းကောက်ယူမှုနှင့် အတည်ပြုမှုအတွက် လမ်းညွှန်များ၊ စာရင်းဇယားပုံစံများပြုစုခြင်း၊ စီမံချက်ရေးဆွဲခြင်းတို့ကို ၂၀၁၆ ခုနှစ်၊ မေလအစောပိုင်းက ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် ဤလုပ်ငန်းအကောင်အထည်ဖော်ရာ၌ ပါဝင်သက်ဆိုင်မည့်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းအသိပေးခဲ့ပါကြောင်း၊ ဇွန် ၂၀ ရက်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းပြီး ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းမှာ လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဝန်ကြီးဌာနမှ စီမံချက်ဖော်ထုတ်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်မှ ရန်ပုံငွေသတ်မှတ်ခွင့်ပြုပေးခြင်း (သို့မဟုတ်) ရန်ပုံငွေရရှိနိုင်ရေး အခြားနည်းလမ်းများ ဖော်ထုတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများဘဝ ပိုမိုလုံခြုံအေးချမ်းစေရန်နှင့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရေရှားပါးမှု ပြဿနာအတွက် ငွေကျပ် သန်း ၂၇၀ ကျော် သုံးစွဲ**

ဦးစားပေးစီမံချက် ခုနစ်ရပ်အပြင် အယ်နီညိုကြောင့် ရေရှားပါး၍ ဆင်းရဲဒုက္ခရောက်ရှိနေသော ပြည်သူများအား ဧပြီ ၁၇ ရက်မှ မေ ၃၁ ရက်အထိ သောက်သုံးရေသန့် ၃၁၃၃၀ လီတာ၊ သောက်သုံးရေ ၆၃၃၁၅၅ ဂါလန်ဖြန့်ဝေခြင်းအတွက် ဝန်ကြီးဌာနဘတ်ဂျက်မှ ကျပ်သန်း ၉ ဒသမ ၉၄၂ သန်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၉ ဒသမ ၄၅၅ သန်း၊ စုစုပေါင်းငွေကျပ်သန်း ၁၉ ဒသမ ၃၉၈ သန်းကို သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ရေတွင်း ရေကန်တူးဖော်ခြင်း၊ ရေသန့်စက်များထောက်ပံ့ခြင်းနှင့် ယာယီရေလှောင်ကန်ပြုလုပ်ရန်အတွက် ငွေကျပ် ၂၅၇ ဒသမ ၁၄ သန်းသုံးစွဲခဲ့သဖြင့် အယ်နီညိုကြောင့် ရေရှားပါးမှုပြဿနာအတွက် စုစုပေါင်းကျပ်သန်း ၂၇၆ ဒသမ ၅၃၉ သန်း သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းထောက်များ၏မေးမြန်းချက်များကို ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် အရေးယူဆောင်ရွက်မှုနည်းပါးကြောင်းနှင့် ယခု မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ယခင်အစိုးရလက်ထက်က စတင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားပြီး ယနေ့အချိန်ထိ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကောင်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် မရှိခင်က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကို နိုင်ငံတော်အစိုးရက တိုက်ရိုက်တာဝန်ပေးအပ်ပြီး ခိုင်းခဲ့ပါကြောင်း။

**ငွေကြေးခဝါချမှုလုပ်ငန်းများ အဓိက စုံစမ်းဖော်ထုတ်**

ယခုအချိန်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဆောင်ရွက်လျက်ရှိသည့်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ငွေကြေးခဝါချမှုလုပ်ငန်းများကို အဓိကစုံစမ်းဖော်ထုတ်၍ တရားစွဲဆိုဆောင်ရွက်ပါကြောင်း၊ ယခုကာလအတွင်း တာဝန်ပေးမှု ၃၉ မှု ရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှု ၂၉ မှုဖြစ်ပြီး လက်ကျန် ၁၀ ခုရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ငွေကြေးစီးဆင်းမှု မှန်ကန်မျှတခြင်း၊ ဆုံးရှုံးသွားသည့် ပြည်သူဘဏ္ဍာများ ပြန်လည်ရရှိခြင်းအကျိုးအမြတ်များကို ရရှိခဲ့ပါကြောင်း။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက တိုင်စာများကိုလည်း စုံစမ်းစစ်ဆေးပါကြောင်း၊ အထက်အဖွဲ့အစည်း အဆင့်ဆင့်၏ တာဝန်ပေးချက်ရ ဝန်ထမ်းမသမာမှုကိစ္စများ၊ အဂတိတရားလိုက်စားမှုကိစ္စများကိုစုံစမ်းပြီး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားမှုအရ ဆောင်ရွက်ရပါကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူကိစ္စများကို တိုက်ရိုက်ဆောင်ရွက်ရခြင်း မဟုတ်ဘဲ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို အကူအညီပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

အဂတိလိုက်စားမှုကိစ္စရပ်များကို တိုင်ကြားရာတွင် အရေးယူဆောင်ရွက်မှုအားနည်းနေသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ရှိ၊ မရှိနှင့် ယခင်အတိုင်း အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အထူးတာဝန်ပေးခိုင်းစေရန် ရှိ၊ မရှိ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ယခုကိစ္စကို နိုင်ငံတော်သမ္မတရုံး၏ အစီအမံအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဌာနအသီးသီးတွင် အရေးယူဆောင်ရွက်မှုများရှိပြီး အချို့ဝန်ထမ်းများကို ထုတ်ပယ်ခြင်း၊ ပြောင်းရွှေ့ခြင်းများပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူကိုမျက်နှာမူသည့် အစိုးရဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေအနေပေးသည့်အခါတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူဆောင်ရွက်ခဲ့မှုများကို သတင်းထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**CID မှုခင်းတပ်ဖွဲ့**

အစိုးရသစ် ရက် ၁၀၀ အတွင်း CID မှုခင်းတပ်ဖွဲ့ကကိုင်တွယ်နေသည့် အမှုကြီးများ ဖော်ထုတ်နိုင်မှု ရှိ၊ မရှိနှင့် ဖယ်ခုံမြို့တွင် IS အယောက် ၈၀ ကျော်ရောက်နေသည် ဆိုသည့် ကိစ္စ မှန်၊ မမှန် သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က CID မှုခင်းတပ်ဖွဲ့အနေဖြင့် အမှုကြီးများကို စုံစမ်းဖော်ထုတ်ပါကြောင်း၊ လူသတ်၊ လုယက်၊ ဖောက်ထွင်းမှု အပါအဝင် အမှုကြီး ၁၀ မျိုးတွင် ခေတ်မီသည့် ကိရိယာများဖြင့် ဆောင်ရွက်ရန် စီမံနေပါကြောင်း၊ အမှုကြီးများထဲတွင် လူသတ်မှု၊ မုဒိန်းမှုများကို နှစ်စဉ် ပိုမိုဖမ်းဆီးရမိမှုရှိပါကြောင်းနှင့် ဖယ်ခုံတွင် IS များ ရောက်နေသည် ဆိုသည့်သတင်းမှာ မှားယွင်းသည့်သတင်းဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးရာဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဇော်ဝင်းအောင်က CID မှုခင်းတပ်ဖွဲ့အနေဖြင့် ဖော်ထုတ်ရန်ခက်ခဲသည့်အမှုများ၊ အများပြည်သူစိတ်ဝင်စားနေသည့် အမှုများ၊ ငွေတုပြုလုပ်သည့်အမှုများကို ဖော်ထုတ်ပေးပါကြောင်း၊ ထို့ပြင် မှုခင်းတပ်ဖွဲ့မှ ကျွမ်းကျင်သူများသည် သိပ္ပံနည်းကျ ထင်မြင်ချက်ပေးနိုင်ရေး ဆောင်ရွက်ပါကြောင်း။

ရက် ၁၀၀ စီမံချက်ကာလအတွင်း အမှုကြီးများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မှုခင်းတပ်ဖွဲ့တို့ပူးပေါင်း၍ ဖော်ထုတ်သည့်အခါ ၈၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ အခြားအမှုများနှင့်ပတ်သက်ပြီး ဖြစ်ပွားမှုများအပေါ် စီမံချက်ကာလအတွင်း ၉၁ ဒသမ ၇၄ ရာခိုင်နှုန်းအထိ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထုအပိုင်းကလည်း မှုခင်းကျဆင်းရေးအသိပညာပေးမှုများကို လိုက်နာရန်လိုအပ်ပါကြောင်း၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်း လိုက်နာမှုသာလျှင် မှုခင်းများ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရက် ၁၀၀ စီမံချက် နောက်ပိုင်း ပြည်သူများ မြေဂရန်လျှောက်ထားသည့်အခါ လွယ်လင့်တကူ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် မည်သို့ညွှန်ကြားပေးနိုင်မလဲ၊ မြေပုံမြေစာရင်း ရေးကူးခွင့်လျှောက်ထားရာတွင် မည်သို့လျှောက်ထားရမည်၊ မည်မျှကြာမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြေငှားဂရန်များကို တည်ဆဲဥပဒေများအရဆောင်ရွက်ရပါကြောင်း၊ မြေငှားရမ်းထုတ်မည်ဆိုပါက ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်မှုရှိ၊ မရှိ ဥပဒေနှင့်အညီ ကြေညာရပါကြောင်း၊ ဥပဒေအရ ရက် ၃၀ သတ်မှတ်ထားပါက သတ်မှတ်ထားသည့် ရက်ပြည့်သည်အထိ ကြေညာရပါကြောင်း၊ ယင်းမြေအား ကန့်ကွက်မှုမရှိသည့်အခါ လျှောက်လွှာစိစစ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ကန့်ကွက်လွှာများခေါ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရပါကြောင်း၊ ယင်းမြေသည် သစ်တောမြေ၊ မြေလွတ်မြေလပ် မြေရိုင်း၊ ယဉ်ကျေးမှုနယ်မြေ၊ ရှေးဟောင်းနယ်မြေ၊ စားကျက်မြေ၊ ဘုံမြေ စသည့် အမျိုးအစားထဲတွင် ပါဝင်ပါက ဂရန်ပေး၍ မရပါကြောင်း၊ မြို့အဖြစ် တရားဝင်ဥပဒေအရ သတ်မှတ်ထားသည့်မြေကို ဂရန်ပေးခြင်းဖြစ်ပါကြောင်း။

**တိုင်ကြားနိုင်**

ဂရန်ပြုလုပ်ရာတွင် တစ်ဧကထက်မပိုသောမြေကို ခရိုင်အုပ်ချုပ်ရေးမှူးက ထုတ်ပေးရပြီး ရက် ၄၀ အတွင်း ထုတ်ပေးရန်၊ တစ်ဧကထက်ပိုသော ငါးဧကအထိ မြေကို တိုင်းအုပ်ချုပ်ရေးမှူးက ထုတ်ပေးရပြီး ရက် ၆၀ အတွင်း ထုတ်ပေးရန်၊ ငါးဧကထက်မြေများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထုတ်ပေးရပြီး ရက် ၈၀ ထုတ်ပေးရန် ဖြေလျှော့မှုများ ပြုလုပ်ပေးထားပါကြောင်း၊ ကန့်ကွက်မှုများရှိပါက ယခုရက်များထက် ပိုမိုကြာမြင့်နိုင်ပါကြောင်း၊ မြေငှားဂရန်နှင့်ပတ်သက်၍ သတ်မှတ်ရက်ထက်ပိုပြီး ကန့်ကွက်မှုမရှိ၊ မြေသည်လည်း မြို့မြေ၊ ဂရန်ပေးနိုင်သည့်မြေဖြစ်ပါလျက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းအုပ်ချုပ်ရေးမှူးများက ကပ်ထားခြင်း၊ မလုပ်ပေးခြင်းပြုလုပ်ပါက တိုင်ကြားနိုင်ပါကြောင်းနှင့် အရေးယူပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက နိုင်ငံပိုင်လုပ်ငန်းများအား ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ယခင်အစိုးရသက်တမ်းတွင် ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်သည့်ဌာန လေးခုရှိပါကြောင်း၊ ယင်းတို့အနက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အခြေခံပြည်သူများအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ ပြည်တွင်းရေကြောင်းအနေဖြင့် နိုင်ငံတော်၏ လမ်း၊ တံတားများ ဖွံ့ဖြိုးလာသော်လည်း မြစ်ကြောင်းပြုပြင်ထိန်းသိမ်းမှုအပိုင်း၌ နည်းပညာနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုတို့တွင် အားနည်းခဲ့ပါကြောင်း၊ ထို့အပြင် လမ်းတံတားများ တိုးတက်လာမှုကြောင့် ပြည်သူများအနေဖြင့် အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်မှုကို အသုံးပြုမှုများလာပါကြောင်း၊ ပြည်တွင်းရေကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းဒေသနှင့် ဧရာဝတီကမ်းရိုးတန်းဒေသရှိ နေရာအချို့မှလွဲ၍ နေရာတော်တော်များများတွင် အခက်အခဲများကြုံတွေ့ရပြီး အရှုံးပေါ်နေပါကြောင်း၊ ပြီးခဲ့သည့်ကာလတွင် ယခုလုပ်ငန်းများကို မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းက ပိုင်ဆိုင်သောမြေများပေါ်တွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ပါက ဝင်ငွေရရှိမည်ဖြစ်သော်လည်း ဝန်ဆောင်မှုဌာနတစ်ခုဖြစ်ခြင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် အရှုံးပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ အရှုံးပေါ်သည့်လုပ်ငန်းကို ဖျက်သိမ်းပါကလည်း ပြည်သူလူထု၏ လိုအပ်ချက်ရှိနေသည့်အတွက် နိုင်ငံတော်ဘတ်ဂျက်သို့ ပြန်လည်ဝင်ရောက်ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**နိုင်ငံတော်ဘဏ္ဍာငွေသက်သာမှု**

မြန်မာ့မီးရထားလမ်းပိုင်းများရပ်ဆိုင်းမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ သက်သာမှုအခြေအနေနှင့်စပ်လျဉ်းပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက မြန်မာ့မီးရထားအနေဖြင့် စီးပွားရေးအရ တွက်ခြေမကိုက်သည့် လူစီးရထားတွဲ ၁၆ စင်းကိုရပ်ဆိုင်းပြီး ကျန်လူစီးရထားတွဲ ၁၄ စင်းကို ခရီးစဉ်ပြောင်းလဲ ပြေးဆွဲခဲ့ပါကြောင်း၊ ခရီးစဉ်များ ရပ်ဆိုင်းခြင်းနှင့် ပြောင်းလဲပြေးဆွဲသည့်အတွက် ခရီးသည် ၈၀၀ ကျော်ခန့်လျော့နည်း၍ ဝင်ငွေတစ်ရက်လျှင် နှစ်သိန်းခွဲကျော် လျော့နည်းသွားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စက်သုံးဆီကုန်ကျမှု တစ်ရက်လျှင် ပျမ်းမျှ ၂၉၉ ဂါလန်၊ တန်ဖိုးငွေကျပ် ၉ သိန်းခန့် လျော့နည်းသက်သာသွားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းမှုအပိုင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အဆောက်အအုံများကို ပုဂ္ဂလိကပိုင်းက ဆောက်လုပ်ရာတွင် အချို့သည် စံချိန်စံညွှန်းမမီသည့်အပြင် လုပ်ငန်းခွင်အန္တရာယ်ကင်းမှုမရှိသည့်အတွက် ပြိုကျမှုများရှိပါကြောင်း၊ ရန်ကုန်၊ မန္တလေးသာမက နယ်များတွင်လည်း ဖြစ်နေပါကြောင်း။

**ဆောက်လုပ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘုတ်အဖွဲ့ဥပဒေ**

ထို့ကြောင့် စံချိန်စံညွှန်းမီ အဆောက်အအုံများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိသော လုပ်ငန်းခွင်များဖြစ်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘုတ်အဖွဲ့ဥပဒေ (Construction Industry Development Board Law - CIDB Law) ကို ရေးဆွဲနေပါကြောင်း၊ ထိုဥပဒေကို နိုင်ငံတိုင်းတွင် ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ မလေးရှားနိုင်ငံတွင် Construction Industry Development BoardConstruction Industry Development Board Lawလည်းရှိပါကြောင်း၊ စင်ကာပူနိုင်ငံတွင် အဆောက်အအုံဆောက်လုပ်ရေးအာဏာပိုင်အဖွဲ့ (Building Construction Authority -BCA) ရှိပါကြောင်း။

မြန်မာနိုင်ငံရှိ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့် ဆောင်ရွက်နေသည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စည်းမျဉ်းဥပဒေများအတိုင်း ကွဲပြားစွာဆောင်ရွက်နေပါကြောင်း၊ တစ်နိုင်ငံလုံး ဆောက်လုပ်ရေးဆိုင်ရာမူဝါဒတစ်ခုဖြစ်ရန်အတွက် CIDB Law ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေဖြင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းခွင်တိုင်းတွင် ဘေးကင်းလုံခြုံမှု အင်ဂျင်နီယာနှင့် ဘေးကင်းလုံခြုံမှုအစီအမံ (Safety Measures) များကို စီမံဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြစီမံကိန်းများရေးဆွဲရာ၌ အတိုင်းအတာနှင့် သတ်မှတ်ချက်များသည် တစ်ပြေးညီဖြစ်ရန် ရေးဆွဲနေပါကြောင်း၊ အလားတူ CIDB Law နှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် ဆောက်လုပ်ရေးစီမံခန့်ခွဲမှုစည်းမျဉ်း (Construction Management Regulation) ကို ကိုရီးယားနိုင်ငံ ဆောက်လုပ်ရေးစီမံခန့်ခွဲမှုအသင်း၏အကူအညီဖြင့် ရေးဆွဲနေပါကြောင်း၊ ၎င်းဥပဒေကို လေးစားလိုက်နာကျင့်သုံးရေးအတွက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းကို ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး သိန်းတစ်ရာအောက် တန်ဖိုးနည်းအိမ်ရာများ ပေါ်ထွန်းလာရေးအတွက် နမူနာအိမ်နှစ်လုံးကို နေပြည်တော် ရွှေနံ့သာရပ်ကွက်တွင် စတင်စမ်းသပ်ဆောက်လုပ်နေပါကြောင်း၊ ၎င်းနမူနာပုံစံရရှိပါက တစ်နိုင်ငံလုံးတွင် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆောက်လုပ်ဆဲအခန်းပေါင်း ၂၂၀၀ ကို ယခုလေးလအတွင်း အပြီးတည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါအိမ်ခန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏အစီအစဉ်ဖြင့် အိမ်ရာအမှန်တကယ်လိုအပ်နေသည့် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူများကိုရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာများကို ပုဂ္ဂလိကအပိုင်းနှင့် အစိုးရပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ငါးနှစ်တာကာလအတွင်း အခန်းပေါင်း ၁၈၀၀၀၀ ခန့် ဖော်ထုတ်သွားရန်အတွက် မြေနေရာရှာဖွေနေပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်မည့် အခန်းပေါင်း ၈၀၀၀ အတွက် မြေနေရာရရှိပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

**အမြန်လမ်းအတွက် နိုင်ငံတကာမှ အကူအညီများ တောင်းခံထား**

ရန်ကုန် - မန္တလေး အမြန်လမ်းပိုင်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က အမြန်လမ်းမကြီး၏ ပင်မစီမံချက်အရ ကားကြီး၊ ကားငယ် အကုန်အသုံးပြုနိုင်မည့် ခြောက်လမ်းသွားလမ်းအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်းပိုင်းပြီးစီးပါက လမ်းဘေးအကာအရံများအပါအဝင် လမ်းမကြီးတစ်လျှောက်ကို အပြည့်အဝထိန်းချုပ်သွားမည့်အပြင် ကျေးရွာချင်းဆက်လမ်းများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခု ငါးနှစ်အတွင်း ရန်ကုန်-

*စာမျက်နှာ ၉ သို့*

# လယ်ယာစီးပွားလုပ်ငန်းများအဆင်ပြေမှ နိုင်ငံ့လူမှုစီးပွားတိုးတက်မည်

## မောင်မြင့်ဆွေ

**နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်လယ်ယာကဏ္ဍ**

နိုင်ငံတော်၏စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ကြောင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန်ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဝါဒမူဘောင်ချမှတ် ဆောင်ရွက်ရန် မျှော်မှန်းကြောင်း နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်ကို ၂၉-၇-၂၀၁၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်မှ လယ်ယာကဏ္ဍနှင့်ပတ်သက်၍ "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်" နှင့် "အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေးဆောင်ရွက်ရန်" မူဝါဒများချမှတ်ထားရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို မှီတင်းနေထိုင်ကြသူများ ဖြစ်ပါသည်။ နိုင်ငံအနေဖြင့် စက်မှုကဏ္ဍကို ဦးတည်ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကို လျစ်လျူရှုထား၍ မရနိုင်ပါ။ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် စားနပ်ရိက္ခာဖူလုံရေး (Food Security) ကို လိုလားပြောဆိုနေကြသော်လည်း လက်တွေ့အမှန်တကယ်ဆောင်ရွက်မှု နည်းပါးနေကြပါသည်။ မြန်မာနိုင်ငံ၏ ရေ၊ မြေအခြေအနေကောင်းများကို အားသာချက်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး၊ သားငါးမွေးမြူထုတ်လုပ်ရေးနှင့် စက်မှုကဏ္ဍတို့ကို ဘက်ညီတိုးတက်စေရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**လယ်ယာကဏ္ဍအခြေခံမြေယာစီမံခန့်ခွဲမှု**

နိုင်ငံတော်၏စီးပွားရေးသည် ယနေ့မျက်မှောက်ကာလတိုင်အောင် လယ်ယာကဏ္ဍကို အဓိကအခြေခံလျက်ရှိပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ ပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် ပဓာနအကျဆုံးဖြစ်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မိရိုးဖလာ သမားရိုးကျစိုက်ပျိုးခြင်းမှ လယ်ယာစီးပွားကုန်ထုတ်လုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်ချက်များစွာရှိနေပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် မြေအသုံးချမှုနှင့် မြေယာစီမံခန့်ခွဲမှုသည် အရင်းခံပဓာနအချက်တစ်ချက် ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံမှုအတွက် လယ်ယာမြေသည် မရှိမဖြစ် အလိုအပ်ဆုံးသော အရင်းအမြစ်ဖြစ်ပါသည်။ လယ်ယာမြေကို စိုက်ပျိုးမှုအတွက် စနစ်တကျထိရောက်မှန်ကန်စွာအသုံးချရန်နှင့် စည်းကမ်းမဲ့စွာ အခြားနည်းဖြင့် အသုံးပြုမှုများကို တားမြစ်ထိန်းချုပ်ရန် လိုအပ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ငန်းခွင်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို စနစ်တကျစီမံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ အခြေခံမြေယာစီမံခန့်ခွဲမှုတွင် ယခင်ကဖြစ်ပေါ်ခဲ့သည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် တောင်သူလယ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စိစစ်ဖြေရှင်းရေးသည် ဆောလျင်စွာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

**မြေယာပြဿနာ၏ အကြောင်းရင်းခံများ**

မြေယာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ပထမအကြိမ်လွှတ်တော်ကာလက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအရ မြေယာကိစ္စရပ်များတွင်(၁) မြို့ပြများတိုးချဲ့တည်ဆောက်ရေး၊ (၂) စက်မှုဇုန်များတည်ဆောက်ရေး၊ (၃) နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ရေး၊ (၄)နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြေသိမ်းဆည်းခြင်း၊ (၅) တပ်မတော် တပ်ရင်း တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်းနှင့် (၆) စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများပါရှိသွားခြင်း အကြောင်းရင်းများကို တွေ့ရှိသုံးသပ်တင်ပြခဲ့ပါသည်။

အထက်ဖော်ပြပါ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ၁၉၉၈-၁၉၉၉ ခုနှစ်က မြန်မာနိုင်ငံတွင် နိုင်ငံအတွင်းစားနပ်ရိက္ခာဖူလုံမှုအပြင် နိုင်ငံတကာစားနပ်ရိက္ခာလိုအပ်မှုကို ထောက်ပံ့တင်ပို့နိုင်ရန်ရည်ရွယ်ပြီး မြေလွတ်မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်စိုက်ပျိုးရေးကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အဆင့် မြေယာဖော်ထုတ်လုပ်ကိုင်ခွင့်ပြု၍ စည်းရုံးတာဝန်ပေးဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ဝန်ထမ်းနှင့် ပညာရှင်များအင်အားဖြင့် စိုက် ထုတ်လုပ်ကိုင်ခဲ့ခြင်းကြောင့် စိုက်ပျိုးမြေများပေါ်ထွက်လာပြီး ကျေးလက်ဒေသနှင့် တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

မြေယာဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားသည့်အတွက် လက်တွေ့လုပ်ဆောင်ရာ၌ အဆင်မပြေမှုများနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ကြပြီး ကုမ္ပဏီလုပ်ငန်းရှင်များဘက်မှ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြပါသည်။ တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးတွင် ကုမ္ပဏီအချို့အနေဖြင့် လုပ်ကိုင်ခွင့်ရရှိထားသောမြေများကို ဆက်လက်လုပ်ကိုင်လိုခြင်း၊ လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ကြပါသည်။ အဆိုပါမြေများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက လုပ်ကိုင်လိုသော၊ လုပ်ကိုင်နိုင်စွမ်းရှိသော ဒေသခံ တောင်သူလယ်သမားများအား စနစ်တကျပေးအပ်ချထားလျက်ရှိပါသည်။

ဒေသခံတောင်သူလယ်သမားများအား မြေယာလုပ်ကိုင်ခွင့်များ ချထားပေးရာတွင် မပြေလည်မှုများနှင့် အငြင်းပွားမှုပြဿနာများ တွေ့ရှိပေါ်ပေါက်ခဲ့ပါသည်။ တိုင်းရင်းသား ကုမ္ပဏီလုပ်ငန်းရှင်များ မြေယာဖော်ထုတ်လုပ်ကိုင်ရာ၌ အချို့အလှမ်းဝေး၍ သွားလာရေးခက်ခဲသည့်နေရာများတွင် မြေပြင်ပကတိအခြေအနေနှင့် မြေပုံ၊ စာရင်းကွဲလွဲမှုများ၊ မြေကြီး၊ မြေပုံနှင့် စာရင်းမကိုက်ညီခြင်းတို့ကြောင့် စိုက်ပျိုးမြေဧရိယာအချို့မှာ မြေလွတ်မြေလပ်နှင့် မြေရိုင်းများအဖြစ် ပါဝင်သွားခဲ့ခြင်း၊ တောင်သူအချို့အနေဖြင့် မိမိတို့၏မြေများကို ကိုယ်တိုင်ဖော်ထုတ်လုပ်ကိုင်နိုင်စွမ်းမရှိသဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များ၏ မြေယာဖော်ထုတ်ရေးတွင် တစ်ဆက်တည်းပါဝင်ပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းများ ရှိခဲ့ပါသည်။ ဒေသခံတောင်သူအချို့အနေဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များက မြေယာဖော်ထုတ်ပြီးနောက် ပေါ်ပေါက်လာသည့်မြေများတွင် ကုမ္ပဏီမှ မျိုး၊ မြေဩဇာ၊ စက်ကိရိယာ၊ စိုက်ပျိုးစရိတ်စသည်တို့ကို စိုက်ထုတ်ပေးပြီး ကုမ္ပဏီနှင့်အကျိုးတူ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပါသည်။ ကုမ္ပဏီလုပ်ငန်းရှင်များက မိမိတို့ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည့် မြေများကို ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ ပြန်လည်အပ်နှံသည့်အခါ အဆိုပါမြေပေါ်တွင် လက်ရှိစိုက်ပျိုး လုပ်ကိုင်နေသူများနှင့် ယခင်ကလုပ်ကိုင်ခဲ့သည်ဆိုသူများအကြား အငြင်းပွားမှုများ ပေါ်ပေါက်သည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးထုတ်ကုန်ဖြစ်ပြီး လယ်ယာကဏ္ဍတွင်စုစုပေါင်း လုပ်သားအင်အား၏ ၆၁ ရာခိုင်နှုန်း ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။ စိုက်ပျိုးရေးထုတ်ကုန်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်တွက်ချက်မှုအရ စုစုပေါင်းပို့ကုန်၏ ၁၉ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်လျက်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်**

**မြေယာပြဿနာများ စိစစ်ဖြေရှင်းရေး**

ပထမအကြိမ်လွှတ်တော်ကာလအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအကြံပြုချက်များအရ ဝန်ကြီးဌာနအသီးသီးနှင့် အဖွဲ့အစည်းများက တည်ဆောက်ရေးလုပ်ငန်းများအတွက် သိမ်းယူထားသောမြေများတွင် မူလသိမ်းယူစဉ်က စီမံကိန်းလုပ်ငန်း များအတိုင်း ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့သော မြေများကို မူလပိုင်ရှင်များသို့ ပြန်လည်လွှဲအပ်ပေးပြီး စီမံကိန်းလုပ်ငန်းအသုံးပြုမြေများအတွက် ဒေသန္တရသတ်မှတ်ဈေးနှုန်းများဖြင့် လျော်ကြေးငွေများပေးချေလျက်ရှိပါသည်။

ယခင်အစိုးရကာလက ဖော်ပြပါစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်းအသီးသီးပါ မြေကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် အောက်ခြေကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့သော်လည်း သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် စိစစ်ဖြေရှင်းဆဲကိစ္စများ ကျန်ရှိနေခဲ့ပါသည်။

ယခုအစိုးရသစ်ကာလတွင် ကျန်ရှိနေသော မြေယာပြဿနာများကို ဒုတိယသမ္မတ (၂) ဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီက တာဝန်ယူဖြေရှင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ ဗဟိုကော်မတီအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့်ကို ထပ်ဆင့်ဖွဲ့စည်းပြီး လိုက်နာဆောင်ရွက်ရမည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်လျက် ဒေသအလိုက် မြေယာကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ အလျင်အမြန်ပြီးပြတ်အောင် ဦးစားပေး ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

မြေလုပ်ကိုင်ခွင့်များ ပြန်လည်စိစစ်ချထားပေးရာတွင် အငြင်းပွားမှုများပေါ်ပေါက်ပါက အခြေခံအကျဆုံးဖြစ်သော မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အုပ်စုကော်မတီများက မြေပြင်ပကတိအခြေအနေမှန်ကို သိရှိဖြေရှင်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ အငြင်းပွားမှုများအပေါ် ပတ်ဝန်းကျင်လယ်နီးချင်းကန်သင်းတင် သက်သေများ၊ ရပ်မိရပ်ဖများ၏ ထွက်ဆိုတင်ပြချက်များနှင့် အထောက်အထားများအရ စိစစ်ဖော်ထုတ်ပြီး အမှန်တကယ်လုပ်ကိုင်သင့်သူများကို လုပ်ကိုင်ခွင့်ပေးရမည် ဖြစ်ပါသည်။ အောက်ခြေကော်မတီများက စိစစ်ဖြေရှင်း ပြီးပြတ်ခြင်းမရှိပါက ခရိုင်နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများက ဆက်လက်စိစစ်ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြီးကြပ်ကွပ်ကဲဖြေရှင်း သွားရမည်ဖြစ်ပါသည်။

**ပြဿနာဖြေရှင်းရေးသည် စိန်ခေါ်မှုမဟုတ်၊ အခွင့်အလမ်းကောင်းဖြစ်သည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြေယာဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်း ချမှတ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများအတွက် ဥပဒေနှင့်အညီ မြေသိမ်းယူဆောင်ရွက်ရာတွင်လည်းကောင်း ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ ယင်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသည့် မြေယာကိစ္စရပ်များကို ပကတိအခြေအနေမှန်အတိုင်း စိစစ်သုံးသပ်ဖြေရှင်းရန် အခက်အခဲမရှိနိုင်ပါ။ မြေယာဖော်ထုတ်ခြင်းနှင့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ကွဲလွဲမှုများရှိနိုင်သည်ဖြစ်ရာ ပေါ်ပေါက်လာသည့် မြေကိစ္စရပ်များကို အမှန်အတိုင်း၊ အရှိအတိုင်းစိစစ်သုံးသပ်၍ အမှန်တကယ်လုပ်ကိုင်နိုင်သည့်၊ လုပ်ကိုင်သင့်သည့်သူများကို လုပ်ကိုင်ခွင့်ပြုပေးခြင်းဖြင့် အဆင်ပြေချောမောစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

မြေယာကိစ္စရပ်များကို တရားသဖြင့်မှန်ကန်စွာ စိစစ်ဖြေရှင်းပေးခြင်းဖြင့် လုပ်ကိုင်ခွင့်ရရှိသူများက လယ်ယာမြေကို မြေလွတ်မြေလပ်မကျန် ထိရောက်အကျိုးရှိစွာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။ လယ်ယာမြေကို ပိုမိုတန်ဖိုးထားလုပ်ကိုင်ကြခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ဖြစ်ထွန်း၍ လယ်ယာလုပ်သားများအပါအဝင် တောင်သူလယ်သမား မိသားစုများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေတိုးတက်ရရှိပြီး စားဝတ်နေမှု ပိုမိုပြည့်စုံလာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မြေယာပြဿနာဖြေရှင်းရေးသည် နိုင်ငံတော်အစိုးရအတွက် စိန်ခေါ်မှုမဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တောင်သူလယ်သမားမိသားစုများ၏ လူမှုစီးပွားမြင့်မားရေးနှင့် နိုင်ငံတော်စီးပွားတိုးတက်ရေးတို့အတွက် အခွင့်အလမ်းကောင်းအဖြစ် ရှုမြင်သုံးသပ်ပြီး လက်တွေ့အမှန်တကယ်အကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**လယ်ယာစီးပွားလုပ်ငန်းများအဆင်ပြေမှနိုင်ငံ့လူမှုစီးပွားတိုးတက်မည်**

မြန်မာနိုင်ငံတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးထုတ်ကုန်ဖြစ်ပြီး လယ်ယာကဏ္ဍတွင်စုစုပေါင်း လုပ်သားအင်အား၏ ၆၁ ရာခိုင်နှုန်း ပါဝင်လုပ်ကိုင်လျက်ရှိပါသည်။ စိုက်ပျိုးရေးထုတ်ကုန်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွက်ချက်မှုအရ စုစုပေါင်းပို့ကုန်၏ ၁၉ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်လျက်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့လယ်ယာထုတ်ကုန်များ တိုးတက်ထွက်ရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားမြှင့်တင်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးမြေအားလုံး၏ တောင်သူတစ်ဦးချင်းပျမ်းမျှလုပ်ကွက်ဧရိယာမှာ ၄ ဒသမ ၇၇ ဧကရှိပြီး စုစုပေါင်းမြေဧရိယာ၏ ၃၀ ဒသမ ၄၁ ရာခိုင်နှုန်းမှာ ပျမ်းမျှလုပ်ကွက်ဧရိယာ ၂ ဒသမ ၀၇ ဧကရှိသည့် လုပ်ကွက်ငယ်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာလုပ်သားတစ်ဦးပျမ်းမျှထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်ဒေါ်လာ ၃၀၀ မျှသာရှိပြီး လယ်ယာကုန်ထုတ်စွမ်းအားမှာလည်းစိုက်ပျိုးမြေတစ်ဟက်တာလျှင် ၄၅၁ ဒေါ်လာသာရှိသဖြင့် ဒေသအတွင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်နေပါသည်။

တောင်သူလယ်သမားတစ်ဦးချင်း ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ပြီး ပိုမိုတိုးတက်ထွက်ရှိအောင် ထုတ်လုပ်နိုင်မှသာ တစ်ဦးချင်းစီ၏ဝင်ငွေနှင့် စုစုပေါင်းထုတ်လုပ်မှုပမာဏ တိုးတက်လာမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းဖြင့် ဆက်စပ်လျက်ရှိသည့် ကုန်သွယ်မှု၊ စက်မှုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏လူမှုစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**လယ်ယာလုပ်ငန်းထုတ်လုပ်မှု ကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေး**

လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိရေးအတွက် အထူးအထွက်ကောင်းမျိုးများ ပြောင်းလဲအသုံးပြုစိုက်ပျိုးရေး၊ မြေပြုပြင်ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးနောက် ရိတ်သိမ်းချိန်လွန် လုပ်ငန်းများအထိ ခေတ်မီ စိုက်ပျိုးနည်းပညာပြောင်းလဲကျင့်သုံးရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များ (မျိုး၊ မြေဩဇာ၊ စက်ကိရိယာ၊ စိုက်ပျိုးရေစသည့် သွင်းအားစုများမှ သယ်ယူပို့ဆောင်၊ သိုလှောင်ကြိတ်ခွဲရောင်းချသည်အထိ လိုအပ်ချက်များ) အတွက် အရင်းအနှီး၊ အထောက်အပံ့ရရှိရေးတို့မှာ အဓိကသော့ချက်များ ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တောင်သူလယ်သမားများ တွက်ချေကိုက်၍ အကျိုးအမြတ်ရှိသည့် ဈေးနှုန်းရရှိနိုင်စေရန် ဈေးကွက်ကောင်းသည့် အရည်အသွေးမြင့်လယ်ယာထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတစ်ခုလုံး၏ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ကို စလယ်ဆုံး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဆင့်တက်တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added Products) ထုတ်လုပ်နိုင်မည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) အပါအဝင် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industries) တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ အင်အားပြည့်ပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိပါသည်။ လယ်ယာထုတ်ကုန်များ ဈေးကွက်နှင့်ဈေးကောင်းရရှိရေးအတွက် အရည်အသွေးမြင့် ကြိတ်ခွဲထုတ်လုပ်ပေးနိုင်မည့် ခေတ်မီတန်းမြင့်ဆန်စက်များ၊ သီးနှံသန့်စင်စက်များ၊ သီးနှံသိုလှောင်ရုံများ တည်ဆောက်အသုံးပြုရန်လည်း အရေးကြီးလိုအပ်ချက်ဖြစ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး**

နိုင်ငံတော်၏လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးသည် အခြေခံအကျဆုံးဆောင်ရွက်ရမည့် အချက်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်

*စာမျက်နှာ ၉ သို့*

# နိုင်ငံတော်သမ္မတထံမှပေးပို့သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲဥပဒေများနှင့် စပ်လျဉ်း၍ ခေတ်ကာလအလိုက် ပြဋ္ဌာန်းပြီးဥပဒေပေါင်း ၁၅၉၉ ခုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းဥပဒေများမှ ဥပဒေပေါင်း ၆၈၁ ခုကို ရုပ်သိမ်းပြီးဖြစ်၍ တည်ဆဲဥပဒေ ၉၁၇ ခု ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေ ၉၁၇ ခုတွင် ပြင်ဆင်သည့် ဥပဒေ ၂၈၉ ခုနှင့် တည်ဆဲမူရင်းဥပဒေ ၆၂၈ ခု ပါဝင်ပါကြောင်း၊ ယင်းတည်ဆဲဥပဒေများတွင် ဆက်လက်ကျင့်သုံးခြင်း မရှိသည့် ဥပဒေ ၂၃၁ ခု ပါဝင်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက တာဝန်ခံဆောင်ရွက်ရမည့်၊ စီမံခန့်ခွဲကိုင်တွယ် ကျင့်သုံးလျက်ရှိနေကြသည့် ကျင့်သုံးဆဲတည်ဆဲဥပဒေ ၃၉၇ ခု ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေသည် ဝန်ထမ်းများနှင့် လစာတိုးမြှင့်ရေးတွင် သုံးစွဲရေးနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်မှုမရှိပါကြောင်း၊ လစာပေးရန် ငွေမလုံလောက်၍ ချေးယူရခြင်း လုံးဝမဟုတ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်တစ်နှစ်အတွက် လစာအသုံးစရိတ်မှာ ငွေကျပ် ၂၃ ဘီလီယံခန့် ရှိပါကြောင်း၊ လစာကဲ့သို့သော အသုံးစရိတ်သည် ပွင့်လင်းမြင်သာပြီး အဂတိလိုက်စားမှု ကင်းရှင်းသော အသုံးစရိတ်ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းသည် အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုစေမည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရန်ဟူသည့် မူဝါဒကို အဓိကအထောက်အကူပြုမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းသည် အစိုးရအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ဘဲ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ခုစလုံးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများငွေကြေးဝန်ဆောင်မှု လွယ်လင့်တကူရရှိရေး၊ ကုန်ကျစရိတ် သက်သာရေး၊ အကာအကွယ်ပေးရေး၊ စသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်ဝန်ထမ်းများ အရည်အသွေးတည်ဆောက်ရေး၊ IT အဆင့်မြှင့်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံပိုင်ဘဏ်များ စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြည့်ဆည်းရမည့် ညွှန်းကိန်းများ အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်ရာတွင် သုံးစွဲမည်ဖြစ်ပြီး အသုံးစရိတ်ကို ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ကုန်ကျစရိတ်နှင့် အချိန်ကာလ သက်မှတ်ချက်များ တိကျစွာဖော်ပြ အကောင်အထည်ဖော်နိုင်မှသာ ဆောင်ရွက်မှုအပေါ် မူတည်၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အလားတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူမည့်ကိစ္စရပ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းကဏ္ဍ အရည်အသွေးမြှင့်တင်တည်ဆောက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ အဆင့်မြင့်သင်တန်းကျောင်း ဖွင့်လှစ်ရေး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# နိုင်ငံတော်က ပေးဆပ်ရန်ကျန်ရှိသည့် ပြည်ပချေးငွေများ၏ အခြေအနေမှန်ကိုသိရှိလိုကြောင်း မေးမြန်း

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို က **နိုင်ငံတော်မှ ပေးဆပ်ရန် ကျန်ရှိသည့် ပြည်ပချေးငွေများ အခြေအနေမှန်ကို မဲဆန္ဒရှင်ပြည်သူများ ကိုယ်စားသိရှိလိုကြောင်း** မေးခွန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် နိုင်ငံအဖွဲ့အစည်းအလိုက် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ရှိ ပြည်ပချေးငွေလက်ကျန်မှာ အမေရိကန်ဒေါ်လာ ၉၀၈၆ ဒသမ ၇၉၆ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ယူသုံးစွဲငွေမှာ အမေရိကန်ဒေါ်လာ ၇၉၀ ဒသမ ၃၃၆ သန်း ၊ ပေးဆပ်ပြီးသည့် အရင်းငွေ အမေရိကန်ဒေါ်လာ ၃၄၄ ဒသမ ၃၁၆ သန်းနှင့် အတိုးငွေ အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၇၄၆ သန်း ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေများမှာ ငွေကြေးအမျိုးအစားအလိုက် စာရင်းပြုစုထားခြင်းဖြစ်ရာ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်၍ ညီမျှသည့် အမေရိကန်ဒေါ်လာတန်ဖိုးများဖြင့် ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ အချက်အလက်အပြည့်အစုံအား ပြည်သူ့လွှတ်တော်သို့ အသေးစိတ်တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက ချေးငွေများ၏ သက်တမ်းအား ဆိုင်းငံ့ကာလအပါအဝင် ချေးငွေသက်တမ်းဖြင့် ပြုစုထားခြင်းဖြစ်ကြောင်း၊ ဆိုင်းငံ့ကာလအတွင်းတွင် ချေးငွေထုတ်ယူသုံးစွဲသည့် ပမာဏအပေါ် ကျသင့်အတိုးကိုသာ ပေးဆပ်ရကာ ဆိုင်းငံ့ကာလ ကုန်ဆုံးသည့်အခါ ကျသင့်အတိုးအပြင် အရင်းကိုပါ အရစ်ကျ စတင်ပေးဆပ်ရပါကြောင်း၊ အရင်း နောက်ဆုံးအရစ် ပေးချေပြီးသည့်အခါမှသာ ၎င်းချေးငွေနှင့်ပတ်သက်၍ သက်ဆိုင်ရာ ချေးငွေပေးသည့် နိုင်ငံ/ အဖွဲ့အစည်းများနှင့် ချေးငွေစာရင်း ရှင်းလင်းမှု ပြီးပြတ်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ/ဦးစီးဌာနများသည် ဘဏ္ဍာရေးနှစ်အလိုက် ရအသုံးခန့်မှန်းခြေငွေစာရင်း



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

များ ရေးဆွဲရာတွင် ပြည်ပချေးငွေရယူထားပါက ပြည်ပချေးငွေအရင်း ပြန်လည်ပေးဆပ်ရန် (သို့မဟုတ်) အတိုးနှင့် စရိတ်ပေးချေရန်တို့အတွက် အသုံးစရိတ်တွင် ထည့်သွင်းလျာထားပြီး ရေးဆွဲရပါကြောင်း၊ ၎င်းအသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ (ခ) အရ ဖြတ်တောက်ခြင်း မပြုရပါကြောင်း၊ သက်ဆိုင်ရာ ပြည်ပချေးငွေသုံးစွဲသည့် ဌာနများသည် မိမိတို့ရယူထားသည့် ချေးငွေ၏ စည်းကမ်းချက်များအပေါ် မူတည်၍လည်းကောင်း၊ ထုတ်ယူသုံးစွဲသည့် ချေးငွေပမာဏအပေါ် မူတည်၍လည်းကောင်း၊ အရင်းအတိုးပေးဆပ်ရမည့် အချိန်ဇယားများကို ရေးဆွဲပြီး ဘတ်ဂျက်အချိန်မီလျာထားခြင်း၊ အချိန်မီပေးဆပ်ခြင်းတို့ ဆောင်ရွက်ရပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် ပြည်တွင်း/ပြည်ပကြွေးမြီများကို စီမံခန့်ခွဲနိုင်ရန် ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲကို ဖွဲ့စည်းထားရှိပြီး ၎င်းဌာနခွဲအနေဖြင့် နိုင်ငံတော်၏ အာမခံချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများအပေါ် ပြည်ပချေးငွေပေးအပ်သည့် မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်၊ ချေးငွေသုံးစွဲသည့်ဌာန/ အဖွဲ့အစည်းအလိုက် မှတ်တမ်းများထားရှိခြင်း၊ ချေးငွေတစ်ခုချင်းအလိုက် အရင်း/ အတိုး ပေးဆပ်ရမည့် အချိန်ဇယားများ ရေးဆွဲထားရှိခြင်း၊ ထိုအချိန်ဇယားများအပေါ် မူတည်၍ သက်ဆိုင်ရာဌာနများ၏ ဘတ်ဂျက်လျာထားမှု၊ ပြန်လည်ပေးဆပ်မှုတို့ကို ပေါင်းစပ်ညှိနှိုင်း ကြီးကြပ်ကွပ်ကဲခြင်း၊



လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို

ပြည်ပချေးငွေစာချုပ်များအတွက် ညှိနှိုင်းဆွေးနွေးပေးခြင်း ၊ အတိုးနှုန်းသက်သာမှု ရှိ မရှိ ဆန်းစစ်ပေးခြင်း၊ နိုင်ငံတော်၏ ပြည်ပကြွေးမြီခံနိုင်ရည်ရှိမှု အခြေအနေကို ဆန်းစစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာန/ အဖွဲ့အစည်းများသည် တစ်စုတစ်ပေါင်းတည်းသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ ၎င်းတို့၏ ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရပြီး၊ သုံးငွေများအားလုံးကိုလည်း ဘတ်ဂျက်လျာထားချက်နှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရခြင်းဖြစ်ပါကြောင်းနှင့် ပေးဆပ်ရန်ကျန်ငွေများအတွက် အဓိကရရှိနိုင်သည့် အရင်းအမြစ်များမှာ အခွန်အကောက်မှ ရငွေများနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေများ၊ အခြားရငွေများ ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**ကို တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း** ကြေညာသည်။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# စလင်းမြို့နယ်အတွက် မြေယာလျော်ကြေးငွေများကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပေးချေမည်

**နေပြည်တော် ဩဂုတ် ၁၆**

စလင်းမြို့နယ်အတွက် မြေယာလျော်ကြေးငွေများကို ပေးချေနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံပြီးဖြစ်၍ ဖြည့်စွက်ရန်ပုံငွေ သုံးစွဲခွင့်ရရှိပါက မြေယာလျော်ကြေးငွေများကို ဆက်လက်ပေးချေသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် မရရှိခဲ့ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ တောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုပါက မြေယာလျော်ကြေးများအား ဆက်လက်ပေးချေသွားမည်ဖြစ်ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ ဦးဝင်းမောင်၏ **“မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၄၀၂ ဦး၊ စိုက်ပျိုးမြေ ၄၈၉ ဒသမ ၈၁ ဧကအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၉၉၆၁၇၉၀၀၀ ကို ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါ်ထုမေ၏ **“ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူများ၏ အသက်ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် သက်ဆိုင်ရာက ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လတ်တလောရေကြောင်းခရီးကို အသုံးပြုနေကြသော ကျောင်းသားလူငယ်များ၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် စက်လှေ၊ မော်တော်များတွင် အသက်ကယ်ဝတ်စုံများကို လုံလောက်စွာ ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနအနေဖြင့် ရခိုင်ဌာနခွဲတွင် စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-မြောက်ဦးခရီးစဉ်တို့ကို ဌာနပိုင်အောင်တံခွန်ရေယာဉ်သုံးစင်းဖြင့် ပြေးဆွဲပေးလျက်ရှိပါကြောင်း။

အဆိုပါ ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာရန်နှင့် ကုန်စည်နှင့် ခရီးသည်များအား သတ်မှတ်ချက်အတိုင်း တင်ဆောင်ပြီး ဝန်ချိန်ပို၍ မတင်ဆောင်ရန်အတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ရေယာဉ်ကြံ့ခိုင်မှုများကို တိုင်းတာစစ်ဆေးမှုခံယူပြီး Surveyor လိုင်စင်ရှိမှသာ ခရီးလမ်းပြေးဆွဲစေခြင်း၊ ရေယာဉ်များတွင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ၏ ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍ Life Jacket များ ထားရှိခြင်းအပြင် Life Buoy များပါထားရှိခြင်းတို့ကို ပြည့်စုံစွာဖြည့်ဆည်းထားပြီး ဘေးကင်းလုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ဒေသအတွက် လိုအပ်လျက်ရှိသော ခရီးသည် တင်ရေယာဉ်ကို ဂျပန်နိုင်ငံ အစိုးရမှ ပေးအပ်လှူဒါန်းရန် ဆောင်ရွက်လျက်ရှိရာ ပြေးဆွဲမည့်ရေလမ်းခရီးနှင့် လှူဒါန်းမည့်ရေယာဉ်သည် သင့်လျော်ကိုက်ညီမှု အခြေအနေကို ဂျပန်နှင့် မြန်မာ ရေကြောင်းကျွမ်းကျင်ပညာရှင်များက ဇူလိုင်လအတွင်းက ရခိုင်ပြည်နယ်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါကြောင်း။

ရခိုင်ဒေသ ရေကြောင်းပို့ဆောင်ရေးအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် ရေယာဉ်သုံးစင်းရရှိရေး Project Proposal ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ကူးတို့လုပ်ငန်းများကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ချမှတ်ကာ ပြေးဆွဲစေလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်အတွင်း ရေကြောင်းဖြင့် သွားလာကြသော ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းစိစစ်ကြပ်မတ်လျက်ရှိကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **“မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်နေသော တိုင်းရင်းသားအစီအစဉ်တွင် နာဂတိုင်းရင်းသား အစီအစဉ် ထည့်သွင်းပေးရန် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းကို တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ပြည်နယ်များကို ကိုယ်စားပြုကာ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ တစ်ရက်လျှင် ၁၇ နာရီ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားရေဒီယိုအစီအစဉ်မှလည်း အထက်မြန်မာပြည်အတွက် နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိလည်းကောင်း၊ အောက်မြန်မာပြည်အတွက် နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ လည်းကောင်း တိုင်းရင်းသားဘာသာ ၁၇ ဘာသာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်ရန် စနစ်တကျအဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယအဆင့် လုပ်ငန်းများ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် သြဂုတ် ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာရှယ်အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် သြဂုတ် ၁၆**

မြန်မာနိုင်ငံအတွင်း လတ်တလောရေဘေးအန္တရာယ် ကျရောက်နေသည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၀ ဦး၏ တစ်ရက်စာနေ့တွက်စရိတ် လှူဒါန်းငွေကျပ် ၄၄၂၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ရုံး အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၅၅၈၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးအပ်သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ များနှင့် အတွင်းရေးမှူးများ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

*ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် တင်သွင်းခဲ့သည့် **အစိုးရသစ်၏ လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတား အနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က **နိုင်ငံတစ်နိုင်ငံအဖို့ နည်းပညာများမည်မျှပင် တိုးတက်နေသည်ဖြစ်စေ၊ မည်မျှ ချမ်းသာကြွယ်ဝနေသည်ဖြစ်စေ တရားဥပဒေစိုးမိုးမှု အားနည်းပြီး ရာဇဝတ်မှုများထူပြောကာ ပြည်သူများ၏ ဘဝ လုံခြုံစိတ်ချရမှုမရှိပါက ယင်းသို့ ဖွံ့ဖြိုးတိုးတက် ချမ်းသာကြွယ်ဝမှုများသည် အချည်းနှီးပင်ဖြစ်ကြောင်း၊** နိုင်ငံတစ်နိုင်ငံအတွက် တရားဥပဒေစိုးမိုးရန်၊ ပြည်သူများ၏ဘဝ လုံခြုံစိတ်ချမှုရှိစေရန်၊ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများသည် အရေးကြီးပါကြောင်း၊ ယနေ့ခေတ် အာဖရိကနှင့် လက်တင်အမေရိကတွင် ဖွံ့ဖြိုးရန်အခွင့်အလမ်းများ အန္တရာယ်ကျရောက်နေခြင်းသည် အကျင့်ပျက်ခြစားမှုနှင့် ရာဇဝတ်မှု ထူပြောခြင်းကြောင့် ဖြစ်ပါကြောင်း၊ ရာဇဝတ်မှုထူပြောခြင်းသည် အလုပ်လက်မဲ့ဖြစ်ခြင်း၊ စီးပွားရေးကျဆင်းခြင်းနှင့် မငြိမ်သက်မှုများဖြစ်ပေါ်ခြင်း အဆိုးသံသရာကိုလည်းစေပါကြောင်း။

ရာဇဝတ်မှု လျှော့ချရန်အတွက် နိုင်ငံအချို့တွင် အလုပ်လက်မဲ့လျှော့ချခြင်း၊ မိသားစုဝင်ငွေ မြှင့်တင်ပေးခြင်း၊ ဝင်ငွေနိမ့်သူများအတွက် အိမ်ရာများ စီစဉ်ပေးခြင်း၊ လူမှုဖူလုံရေး အထောက်အပံ့များ မြှင့်တင်ပေးခြင်း နည်းလမ်းများဖြင့် ဖြေရှင်းကြပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရမည်းသင်း ရဲလေ့ကျင့်ရေးကျောင်းတွင် သင်တန်းသားများ၏ လိုအပ်ချက်နှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက အဖိုးတန်သည့် ရဲတပ်ဖွဲ့ဝင်များကို မွေးထုတ်ပေးရာ၌ ပြဿနာရှိနိုင်ပြီး သင်တန်းသားများ အနေဖြင့်လည်း ဆရာများနှင့် ဆွေးနွေးတင်ပြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီး တစ်ခုလုံး အဆင့်မြင့်မားလာဖို့ အကြံပြုသင့်သည်ဟု မိန့်ကြားခဲ့ပါကြောင်း၊ ဒီမိုကရေစီအရည်အသွေးပြည့်ဝသည့် အစိုးရတစ်ရပ်တွင် တရားဥပဒေစိုးမိုးမှုသည် အခြေခံအကျဆုံးဖြစ်ပြီး ကျန်အခြင်းအရာများသည် ၎င်းအချက်ပေါ်တွင် မှီခိုနေပါကြောင်း၊ ထို့အတွက် အဆိုရှင် တင်သွင်းသည့် အဆိုအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး**က တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် မှုခင်းကျဆင်းရေး အောင်မြင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး နိမ့်ကျသည်နှင့်အမျှ မှုခင်းများ ပေါ်များနေမည်ဖြစ်ပါကြောင်း၊ **တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိသည်မှာ ပြည်သူတွေသာမဟုတ်ဘဲ ဝန်ထမ်းအဖွဲ့အစည်းများအတွင်းမှာပါ တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊** အုပ်ချုပ်ရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့စသည်တို့သည် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ ဖြစ်ကြပါကြောင်း၊ ၎င်းတို့သည် တရားဥပဒေကို ကိုင်တွယ်၍ ပြည်သူများ၏ အရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေကြသူများ၊ အဖွဲ့အစည်းများဖြစ်သော်လည်း ၎င်းတို့ကိုယ်တိုင် တရားဥပဒေဘောင်အတွင်းမှ မလုပ်လာသည့်အခါ တရားဥပဒေစိုးမိုးရေးသည် ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မှုခင်းများသည် မဖြစ်သင့်သည့် နေရာတွင် ဖြစ်ပွားသည်ကို တွေ့ရပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူတို့၏ အရေးကို အနီးကပ်စောင့်ရှောက်နေရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ သို့သော်လည်း **ရဲတပ်ဖွဲ့ဝင်များသည် ယနေ့ကာလတွင် ပြောင်းလဲလာသည့် တပ်ဖွဲ့ဝင်များ ရှိလာသကဲ့သို့ မပြောင်းလဲသေးသည့် တပ်ဖွဲ့ဝင်များလည်း ရှိနေသေးသည့်အတွက် ပြည်သူများအဖို့ အစိုးရကို အထင်အမြင်လွဲစရာများ ဖြစ်လာသည်ကို တွေ့ရပါကြောင်း။**

တတိယမဏ္ဍိုင်ဖြစ်သည့် တရားဥပဒေ စိုးမိုးရေးအတွက် အဓိက ဆောင်ရွက်နေသည်မှာ တရားစီရင်ရေးမဏ္ဍိုင်ပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်ကာလ တရားစီရင်ရေးသည် အလွန်ယိမ်းယိုင်လျက်ရှိသည်ကို တွေ့မြင်နေရပါ ကြောင်း၊ တရားဥပဒေသည် စာရွက်စာတမ်းပေါ်တွင်သာ ရှိသည်၊ စာအုပ်ထဲတွင်သာ ရှိသည့်အခြေအနေမျိုးတွင်သာ ရှိနေပြီး တကယ့်လက်တွေ့တွင် တရားဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမရှိပါကြောင်း။

အစိုးရအနေဖြင့် မူတစ်ရပ်ကို ချမှတ်ပေးရန်သာလိုပြီး တကယ်တမ်း အကောင်အထည်ဖော်ရမည့်သူများမှာ ဝန်ထမ်းအဖွဲ့အစည်းများပင် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအဖွဲ့အစည်းများအတွင်း ထိုသို့ဖြစ်နေသည်နှင့်အမျှ တရားဥပဒေစိုးမိုးမှု နည်းပါးကာ မှုခင်းများလာမည်ဆိုပါက နိုင်ငံ၏တိုးတက်မှုသည် ဟန့်တားမှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွင်း ဖြစ်ပွားသည့်ကိစ္စများအားလုံးအတွက် ပြည်သူများကို အသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးမည်ဆိုပါက တရားဥပဒေစိုးမိုးရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်သည့်အတွက် အဆိုရှင်၏ အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်အစည်းအဝေးမှ*

ပြီးစီးခဲ့သဖြင့် DVB-T2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၄၄ ရုံမှ ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်နိုင်ပြီဖြစ်ရာ တိုင်းရင်းသားရုပ်သံလိုင်း အစီအစဉ်များလည်း ထည့်သွင်းထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထို့အတူ FM လွှင့်စက်ရုံ ၇၈ ရုံကိုလည်း တတိယအဆင့်တွင် အပြီးတည်ဆောက်နိုင်ခဲ့ပြီး ထုတ်လွှင့်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုလက်ရှိအချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် DVB-T2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ထားရှိခြင်းမရှိသေးပါကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရန် လျာထားပါကြောင်း၊ ထို့ကြောင့် DVB-T2 ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးစီးသည့်အချိန်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင် ဖြေကြားစဉ်

တွင် နာဂတိုင်းရင်းသားဘာသာအစီအစဉ်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်သွားနိုင်ရေး လျာထားပြင်ဆင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး**က ပြည်သူ့ဘဏ္ဍာကိုစားနေသည့် ဝန်ထမ်းများသည် ပြည်သူများကို မိဘသဖွယ် သဘောထားပြီး အလုပ်အကျွေးပြုရမည်ဆိုသည့် အသိတရားရှိစေရန် ပြဋ္ဌာန်းပြီး ပြည်သူများ လိုလားနေသည့် အပြောင်းအလဲကို ဖော်ဆောင်နိုင်စေရန် လွှတ်တော်က ကြိုးပမ်းဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဥပဒေ၏အမည်ကို အရပ်သား နိုင်ငံ့ဝန်ထမ်းများဥပဒေဟု ပြောင်းလဲပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေကိုရေးသားရာတွင် အနှစ်သာရရှိပြီး ကိုယ်သိရုံ မှန်ကန်ရုံဖြင့်မပြီးပါကြောင်း၊ မှန်ကန်မှုတကြောင်းကို အများပြည်သူ မြင်သာထင်ရှားအောင်လည်း ရှင်းရှင်းလင်းလင်း ရေးသားသင့်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး**က တိုင်းပြည်၏ စနစ်ကောင်းမှ ဝန်ထမ်းကောင်းမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စနစ်ကောင်းရန်အတွက် ပေါ်ပေါက်လာသည့် အစိုးရသည် ပြည်သူနှင့် အမြဲတမ်း ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံပြီး ပြည်သူ၏ အသံကို နားထောင်မှ စနစ်ကောင်းတစ်ခု ပေါ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံသူ နိုင်ငံသားများပင်ဖြစ်ပါကြောင်း၊ ပေါ်ပေါက်လာသည့် အစိုးရတစ်ရပ်၏ ကောင်းမွေဆိုးမွေကို ပြည်သူနှင့်အတူ ခံစားရသူများဖြစ်ပါကြောင်း၊ အစိုးရ၏ ယန္တရားကို လည်ပတ်စေသည့် ဝန်ထမ်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လည်ပတ်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက ပြဋ္ဌာန်းထားသည့်ဥပဒေများကို စနစ်တကျ ထိန်းချုပ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး**က ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အိမ်ပိုင်မရှိသောကြောင့် ဘဝနိဂုံးမလှကြသည်ကို တွေ့ရပါသဖြင့် ဝန်ထမ်းများ အသက်ပြည့်၍ အငြိမ်းစားယူသည့်အခါ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခွင့်ရရန် အဆောက်အအုံ သို့မဟုတ် တိုက်ခန်းများပိုင်ဆိုင်ခွင့် အထူးအခွင့်အရေးပေးရန်လို အပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် သြဂုတ် ၁၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**(မြန်မာ့အလင်း)**

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

ဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာခြောက်သန်း၊ သတင်းအချက်အလက်နည်းပညာစနစ် တည်ဆောက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ အဆင့်မြှင့်တင်ခြင်း သို့အတွက် အမေရိကန်ဒေါ်လာနှစ်သန်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရန် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ပါဝင်မည့် ဝန်ထမ်းများကို အရည်အသွေး တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာနှစ်သန်းသုံးစွဲသွားမည် ဖြစ်ကြောင်း အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် သေချာစွာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ ၇၅ သန်း ချေးယူနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်ဆန္ဒပြုကြရာ ထောက်ခံမဲ ၄၉၂ မဲ၊ ကန့်ကွက်မဲ ၂၃ မဲ၊ ကြားနေမဲ ခုနစ်မဲဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၂၅ သန်း ချေးယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်ဆန္ဒပြုကြရာ ထောက်ခံမဲ ၅၀၆ မဲ ကန့်ကွက်မဲ ၁၃ မဲ၊ ကြားနေမဲ ငါးမဲတို့ဖြင့် လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က **နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆွေးနွေးကြသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းက စာချွန်လွှာပါ ရည်ရွယ်ချက်များကိုကြည့်လျှင် အာဆီယံ၏ မူလမဏ္ဍိုင်ကြီး (၃)ရပ်ကို အခြေခံပြီး တိုးမြှင့်ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် အာဆီယံ၏ မူလရည်မှန်းချက်များနှင့် ကိုက်ညီသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ စာချွန်လွှာ၏ အပိုဒ်(၉) အပိုဒ်ခွဲ(၅)တွင် အသုံးစရိတ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျခံရမည်ဖြစ်သည်ဟူသည့်အချက်ကို ရှင်းလင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ရရှိရန် လိုအပ်ကြောင်း၊ အလားတူ အပိုဒ်(၁၂) အပိုဒ်ခွဲ(၁)တွင် မည်သည့်ကင်းလွတ်ခွင့် သက်ညှာခြင်းကိုမျှ ပြုမည်မဟုတ်ကြောင်း၊ ရည်ညွှန်းသည်ကို နားလည်ထားရမည်၊ အဆိုပါကိစ္စအတွက် သီးခြားသက်ညှာခွင့်လိုအပ်မည်ဟု ဆိုထားသည့်အတွက် ကင်းလွတ်ခွင့်၊ သီးခြားသက်ညှာခွင့် မည်မျှရမည်ကို ရှင်းလင်းစွာသိရန် လိုအပ်မည်ဖြစ်ကြောင်း အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ငါးဆမှ ၁၀ ဆအထိ နည်းပါးနေသည်ကို တွေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်က မြန်မာ-အိန္ဒိယ နယ်နိမိတ်ထိစပ်နေခြင်းသည် ကြီးမားသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် အကျိုးပိုမိုခံစားရရှိနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒအရ အိန္ဒိယနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ဆက်သွယ်မည်ဆိုလျှင် ပင်လယ်ရေကြောင်းဖြစ်စေ၊ ကုန်းလမ်းဖြစ်စေ၊ ပထမဆုံး ထိတွေ့ရမည်မှာ မြန်မာနိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အရှေ့တောင်အာရှ၏ တံခါးပေါက်တစ်ခုဟု ပြော၍ရပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အာဆီယံနိုင်ငံများမှ ကျခံရမည့်စရိတ်စကများနှင့် စပ်လျဉ်း၍ အာဆီယံ-အိန္ဒိယဗဟိုဌာန တည်ထောင်နေသမျှကာလပတ်လုံး အာဆီယံနိုင်ငံများက အချိုးကျ ကျခံကြရမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ရုံးခန်းငှားခြင်းနှင့် အမှုထမ်းခန့်အပ်ခြင်းတို့အတွက် ပထမနှစ်နှစ်တွင် အိန္ဒိယနိုင်ငံမှ တာဝန်ယူပေးချေသွားမည်ဖြစ်ကြောင်း၊ ယခုစာချွန်လွှာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုမည်ဆိုပါက အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး နှစ် ၂၀ မြောက် ထိပ်သီးအစည်းအဝေး၌ အာဆီယံနှင့် အိန္ဒိယခေါင်းဆောင်များ ချမှတ်ခဲ့သည့် မျှော်မှန်းချက်တစ်ရပ်ဖြစ်သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာန တည်ဆောက်ခြင်း အောင်မြင်မှုဖြစ်ပါကြောင်း။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့ လက်မှတ်ရေးထိုးပြီးလျှင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြုစာချွန်လွှာ ပေးပို့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပေးပို့ပြီးပါက အာဆီယံ-အိန္ဒိယ ဗဟိုဌာနပေါ်ပေါက်လာမည်ဖြစ်ကြောင်း အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များတွင် ကူညီပံ့ပိုးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ ကျင်းပစဉ်

# ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၆**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား သုံးသပ်ဆွေးနွေးရန်နှင့် မြန်မာနိုင်ငံရှိ ရုပ်သံလွှင့်လုပ်ငန်းများ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမအကြိမ်"ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"ကို မေ ၂၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို လက်ရှိအခြေအနေများနှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်ရေး စုပေါင်းဆောင်ရွက်သွားကြရန်နှင့် ယင်းသို့ဥပဒေပြင်ဆင်ရေးဆွဲစဉ်ကာလအတွင်း ရုပ်သံလွှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် လက်ရှိ MRTV ၏ Network ကို မျှဝေသုံးစွဲရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

လက်ရှိ MRTV ၏ Multi Channel Payout System တွင် ရုပ်သံထုတ်လွှင့်သူ (Content Provider) များအဖြစ် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများမှ လုပ်ငန်းဆောင်ရွက်နိုင်မည့်အစီအမံများ၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အပေါ် စိတ်ပါဝင်စားမှုဖော်ပြချက် အဆိုပြုလွှာ (Expression of Interest) ဆိုင်ရာများနှင့် ပတ်သက်သည့် အချက်အလက်များကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲသို့ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများ ဆက်လက်၍ပြန်လည်ခေါ်ဆောင်သွားမည်

**နေပြည်တော် ဩဂုတ် ၁၆**

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် C of I ရရှိပြီး မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သည့် မြန်မာနိုင်ငံသားများအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူလျက်ရှိသည်။

ဩဂုတ် ၁၇ နှင့် ၁၉ ရက်တို့တွင် ပြန်လည်ခေါ်ဆောင်မည့် မြန်မာနိုင်ငံသား ၁၃၈ ဦးစီတို့၏ အမည်စာရင်းများနှင့် ဆက်လက်ခေါ်ယူမည့် အလုပ်သမားများ၏ အမည်စာရင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website;www.mol.gov.mm တွင် ကြည့်ရှုနိုင်ပြီး ဖုန်းအမှတ် ၀၆၇ -၄၃၀၁၁၉၄၊ ၀၁-၆၆၇၆၄၄ နှင့်တိုင်းဒေသကြီး /ပြည်နယ်တို့ရှိ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

နေပြည်တော်အမြန်လမ်းပိုင်းကို ပင်မစီမံချက်အတိုင်း တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာမှ အကူအညီများ တောင်းခံထားပါကြောင်း ဖြေကြားသည်။

**ရန်ကုန် - မန္တလေး လမ်းဟောင်းအဆင့်မြှင့်တင်ရေး**

ထို့ပြင် ရန်ကုန်-မန္တလေး လမ်းဟောင်းအဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်-မန္တလေးလမ်းဟောင်းကို လေးလမ်းသွားအဆင့်မြှင့်တင်ရန် ဆောင်ရွက်မည့်ကုမ္ပဏီများရှိပါကြောင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်းကို ပြည်သူများအတွက် ခြောက်လမ်းသွားကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးမည့်ကုမ္ပဏီများရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လတွင် ရန်ကုန် - မန္တလေးလမ်းဟောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးမည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ကုမ္ပဏီခုနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အတွင်းသာမက စီမံချက်အလွန်တွင်လည်း ပြည်သူ့လိုလားချက်များကို လေ့လာဆန်းစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရေဘေးသင့်ဒုက္ခသည်များ လုံလုံလောက်လောက် စားသောက်နိုင်အောင် စီမံထား**

ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးအခြေအနေများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ရေဘေးသင့်ဒေသများကို ထောက်ပံ့ရေးပစ္စည်းတွေပေးပို့ရာတွင် အနီးဆုံးဒေသမှဝယ်ပြီး မြန်မြန်ဆန်ဆန် ထောက်ပံ့ပေးပါကြောင်း၊ ဘေးသင့်ပြည်သူတွေကို မျှမျှတတ လုံလုံလောက်လောက် စားသောက်နိုင်အောင် စီမံထားပါကြောင်း၊ ဆန်ကို ဒေသပေါက်ဈေးအတိုင်း ဝယ်ယူထောက်ပံ့ပေးပါကြောင်း၊ ဘတ်ဂျက်အနေဖြင့် လုံလောက်မှုရှိပါကြောင်း၊ ထပ်မံလိုအပ်ပါကလည်း နိုင်ငံတော်မှ ထပ်မံဖြည့်တင်းပေးရန် အစီအစဉ်ရှိပါကြောင်း။

**နာဂဒေသအတွက် အာဟာရဖြည့်စွက်ဆန်များ ဝယ်ယူပို့ဆောင်**

နာဂဒေသမှာ အာဟာရချို့မှုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဟာရဖြည့်စွက် ဆန်ဝယ်ယူပြီး တပ်မတော်လေယာဉ်ဖြင့် ဟုမ္မလင်းကို ဩဂုတ်လ ၁၆ ရက် နေ့လယ်ပိုင်းမှာ ပို့ဆောင်ခဲ့ ပါကြောင်း၊ ၎င်းမှတစ်ဆင့် လဟယ်မြို့သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိပါကြောင်း၊ သဘာဝဘေးဖြစ်လာပါက တပ်မတော်၊ အစိုးရအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၆ မှ*

အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါသည်။ ဥပဒေ၏ ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းဥပဒေများ ထုတ်ပြန်ထားပြီးဖြစ်သော်လည်း တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးကို အမှန်တကယ်ထိရောက် အကျိုးရှိစွာရရှိစေရန် တောင်သူလယ်သမားတစ်ဦးချင်းကိုယ်တိုင် အာမခံသည့်စနစ်ဖြင့် ချေးငွေထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းပြုနိုင်ရေး ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများက လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ဥပဒေနှင့်အညီ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ ဦးဆောင် အဖွဲ့အပါအဝင် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများ ဝင်ငွေနှင့်အလုပ်အကိုင် တိုးတက်ရရှိကြမည်ဖြစ်ပြီး လယ်ယာ သားငါးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထွက်ရှိ၍ နိုင်ငံတော်၏စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။

တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အမှန်တကယ်ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ရန်မှာ လယ်ယာစိုက်ပျိုးရေးနှင့်သားငါးမွေးမြူထုတ်လုပ် ရေးတွင် လိုအပ်လျက်ရှိသည့် အရင်းအနှီး၊ နည်းပညာနှင့် သွင်းအားစုများကို ပံ့ပိုးကူညီထောက်ပံ့ရန်နှင့် ထွက်ရှိလာသည့် လယ်ယာထုတ်ကုန်များအား သင့်တင့်မျှတသော ဈေးနှုန်းနှင့်ရေရှည်တည်တံ့ခိုင်မာသည့်ဈေးကွက်များ ဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။

ထို့အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာ၌ တောင်သူလယ်သမားများနှင့်အတူ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် သွင်းအားစုများစိုက်ထုတ်လုပ်ကိုင်နိုင်သော အကြီးစားနှင့် အလတ်စား ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းအစုအဖွဲ့များ ပါဝင်ပူးပေါင်းလုပ်ကိုင်လာစေရန် ဖိတ်ခေါ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ဆက်စပ်လျက်ရှိသည့် သားငါးမွေးမြူရေးလုပ်ငန်းအတွက် မွေးမြူရေးအစာကုန်ကြမ်းများပိုမိုရရှိပြီး သားငါးကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင် စက်မှုကုန်ကြမ်းသီးနှံများ ပိုမိုထွက်ရှိလာမည်ဖြစ်၍ လယ်ယာအခြေခံစက်မှုလုပ်ငန်းများလည်း တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ လယ်ယာ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ အဆင်ပြေကောင်းမွန်မှသာ ကျေးလက်ဒေသတောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝများ မြင့်တက်လာမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍများ တစ်ပြိုင်တည်း ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးလာခြင်းဖြင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် နိုင်ငံတော်၏ လူမှုစီးပွားတစ်ရပ်လုံး တိုးတက်မည်ဖြစ်ပါသည်။

မြန်မာ့လယ်ယာမြေကို အခြေပြု၍ တောင်သူလယ်သမားများ၏ စိတ်ဓာတ်နှင့်စွမ်းအား၊ နိုင်ငံတော်၏ မှန်ကန်သောမူဝါဒနှင့် လုပ်ငန်းစဉ်၊ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများ၏ ခံယူချက်နှင့် လုပ်ဆောင်မှု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ အထောက်အကူများဖြင့် ဘက်စုံ၊ ကဏ္ဍစုံပါဝင်ပူးပေါင်းဆောင်ရွက်ကြမှသာ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့လူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# ယီမင်နိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ဆော်ဒီဦးဆောင်သည့်

## လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၂၀ သေဆုံး



**ဆာနား ဩဂုတ် ၁၆**

တနင်္လာနေ့က ယီမင်အနောက်မြောက်ပိုင်းပြည်နယ် ဟာဂျား၌ လူသားချင်းစာနာထောက်ထားမှုအဖွဲ့မှ နယ်စည်းမထား ဆရာဝန်များ ဖွဲ့စည်းလုပ်ကိုင်လျက်ရှိသည့် ဆေးရုံတစ်ရုံတွင် ဆော်ဒီဦးဆောင်သည့် တိုက်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးကာ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း MSF အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

ဆရာဝန်များအဖွဲ့သည် ထိခိုက်ဒဏ်ရာရရှိသူများကို ပြုစုကုသမှုများ ပြုလုပ်ရေးဆောင်ရွက်နေကြကြောင်း မျက်မြင်သက်သေအမျိုးသမီး မလက်ရှဟာက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံတစ်စိတ်တစ်ပိုင်း ပျက်စီး ခဲ့ရသည်။ ပြီးခဲ့သည့် လအနည်းငယ်အကြာကလည်း ဆော်ဒီဦးဆောင်သော မဟာမိတ်စစ်သွေးကြွအဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အိမ်နီးချင်း ဆာဒါးပြည်နယ်ရှိ MSF အဖွဲ့လုပ်ကိုင်သော ဆေးရုံနှစ်ခု ထိခိုက်ပျက်စီးခဲ့သည်။

စနေနေ့က နောက်ထပ် ဆော်ဒီလေကြောင်း တိုက်ခိုက်ရေးအဖွဲ့၏ စီးနင်းတိုက်ခိုက်မှုကြောင့် ဆာဒါးပြည်နယ်ဟိုင်ဒန်ဒေသရှိ ကျောင်းတစ်ကျောင်းမှ ကျောင်းသားကလေးငယ် ၁၀ ဦးမက သေဆုံးခဲ့ရသည်။

**(ဆင်ဟွာ)**

# ဂွါတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများကိုပြောင်းရွှေ့

**ဝါရှင်တန် ဩဂုတ် ၁၆**

ဂွါတာနာမို အကျဉ်းစခန်းမှ ထိန်းသိမ်းထားသည့်လူ ၁၅ဦးကို အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ လွှဲပြောင်းပေးခဲ့ရာ ယင်းပမာဏသည် အမေရိကန်သမ္မတအိုဘားမားလက်ထက်၌ နိုင်ငံတစ်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်သည့် အများဆုံး ပမာဏပင်ဖြစ်သည်ဟု အမေရိကန်တို့ဘက်မှ ပြောသည်။

လွှဲပြောင်းပေးလိုက်သည့် ၁၅ ဦးမှာ ယီမင်နိုင်ငံသား၁၂ ဦးနှင့် အာဖဂန်နိုင်ငံသား သုံးဦးတို့ဖြစ်ပြီး ယင်းသို့ လွှဲပြောင်းပေးလိုက်ခြင်းဖြင့် အကျဉ်းသားအရေအတွက် ၆၁ ဦးအထိ လျော့ကျသွားသည်ဟု ပင်တဂွန်မှ ပြောသည်။

ယခု လွှဲပြောင်းပေးလိုက်သည့် အကျဉ်းသားများမှာ တရားစွဲဆိုခြင်းမခံရဘဲ ဖမ်းဆီးခံထားရသူများဖြစ်ပြီး အချို့မှာ ၁၄ နှစ်ကျော်ကြာ ဖမ်းဆီးခံထားရသူများဖြစ်သည်။



သမ္မတအိုးဘားမားသည် ၎င်း၏ သမ္မတသက်တမ်းမကုန်ဆုံးမီ ယင်းအကျဉ်းစခန်းကိုပိတ်ပစ်လိုသည်။ အိမ်ဖြူတော်မှလည်း ကျန်ရှိနေသေးသော အကျဉ်းသားများကို လွှဲပြောင်းပေးလိုသော်လည်း လွှတ်တော်၏ခွင့်ပြုမှု မရသေးပေ။ သမ္မတအိုဘားမားက ဂွါတာနာမိုအကျဉ်းစခန်း ဖွင့်ထားခြင်းမှာ ဂျီဟတ်အုပ်စုများ တပ်သားသစ်စုဆောင်းရာနှင့် အမေရိကန်ကို မုန်းတီးသည့် ခံစားချက်များပေါက်ဖွားရာ အရင်းအမြစ်ဟု ယူဆထားသည်။

ဧပြီလအတွင်းကလည်း ယီမင်အကျဉ်းသားကိုးဦးကို ဆော်ဒီအာရေဗျသို့လွှဲပြောင်းပေးခဲ့သည်။ ဂွါတာနာမိုစခန်းသည် ၂၀၀၂ ခုနှစ် ဇန်နဝါရီလက နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများကို ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၁ခုနှစ် သမ္မတဂျော့ ဒဗလျူဘုရှ်လက်ထက် စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်၌ ကုန်သွယ်ရေးအမြှာအဆောက်အအုံ တိုက်ခိုက်ခံရပြီးနောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# ဘာသာရေးခေါင်းဆောင်နှင့် လက်ထောက်တို့အား သေနတ်ဖြင့်ပစ်သတ်ခဲ့သူကိုဖမ်းမိ

**နယူးယောက် ဩဂုတ် ၁၆**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း နယူးယောက်ရှိ အစ္စလာမ်ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် ၎င်း၏လက်ထောက်တို့အား သေနတ်ဖြင့် ပစ်သတ်ခဲ့သည့် လူသတ်သမားကို တနင်္လာနေ့တွင် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူနှစ်ဦး၏ ဈာပနသို့ ဝမ်းနည်းပူဆွေးသူရာပေါင်းများစွာ လာရောက်စုဝေးခဲ့ပြီး နာရီပိုင်းအနည်းငယ်အတွင်းမှာပင် ဘရွတ်ကလင်၌ နေထိုင်သူ




အော်စကာမိုရယ်လ်အား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ Queens နယ်နိမိတ်အတွင်း၌ဖြစ်သွားသော အဆိုပါလူသတ်မှုက အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်လူမျိုးစုအသိုင်းအဝိုင်းအား အကြီးအကျယ်တုန်လှုပ်စေခဲ့သည်။

ဘာသာရေးခေါင်းဆောင် မော်လမာ အာကွန်ဂျီ (၅၅နှစ်)နှင့် သာရာအူဒင် (၆၄ နှစ်)တို့အား ပစ်သတ်ခဲ့မှုဖြင့် မိုရယ်လ်အား တရားစွဲဆိုလျက်ရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

**(ရိုက်တာ)**

# အလက်ပိုမြို့၌ အမေရိကန်နှင့် ရုရှားတို့ စစ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိဟုဆို

**အလက်ပို ဩဂုတ် ၁၆**

ဆီးရီးယားနိုင်ငံအလက်ပိုမြို့၌ စစ်သွေးကြွများကို နှိမ်နင်းရာတွင် အမေရိကန်နှင့် ရုရှားတို့သည် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ရုရှားသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။

လူပေါင်း နှစ်သန်းခန့်ရှိသော နှစ်ခြမ်း ကွဲနေသည့် မြို့၌မကြာသေးမီ သီတင်းပတ်အတွင်း တိုက်ပွဲများပြင်းထန်လာခဲ့ပြီး ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ပွားရာတွင် သူပုန်များဘက်မှ အနိုင်ရသည့်အခါမျိုးလည်းရှိလာသည်။

ငါးနှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်အတွင်း၌ ဆီးရီးယားသမ္မအာဆတ်၏ တပ်ဖွဲ့များကို ရုရှားတို့ကထောက်ပံ့မှုပြုထားပြီး အမေရိကန်တို့ကမူ သမ္မတအာဆတ် အစိုးရပြုတ်ကျသွားသည်ကို လိုလားသည်။

သို့သော်နှစ်ဖက်စလုံးမှ ပြည်တွင်းစစ်အဆုံးသတ်သွားစေရေး နိုင်ငံရေးအရ အဖြေရှာရန် ဆွေးနွေးမှုများ၌ပါဝင်ကြသည်။

ရုရှားနှင့်အမေရိကန်တို့မှ စစ်ဘက်ဆိုင်ရာအကြီးအကဲများသည် ဆီးရီးယားပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် ပတ်သက်၍ ဂျီနီဗာ၌တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးခဲ့ကြသည်ဟု ကုလသမဂ္ဂ ဆီးရီးယားနိုင်ငံဆိုင်ရာ အထူးသံတမန်က လွန်ခဲ့သော ကြာသပတေးနေ့တွင် ပြောခဲ့သည်။

**(ရိုက်တာ)**

# နီပေါနိုင်ငံအလယ်ပိုင်းတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲကျ၊ ခရီးသည် ၂၇ ဦးထက်မနည်းသေဆုံး

**ခေတ္တမန္ဒူ ဩဂုတ် ၁၆**

နီပေါနိုင်ငံအလယ်ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး လမ်းဘေးချောက်ထဲထိုးကျတိမ်းမှောက်သွားရာ ကားပေါ်ပါခရီးသည် ၂၇ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘတ်စ်ကားသည် ကဗ်ရီပလန်ချော့ခ်ပြည်နယ်၌ မီတာ ၃၀၀ အနက်ရှိ ချောက်ထဲသို့ ဩဂုတ် ၁၅ ရက်က ကျသွားခဲ့ခြင်းဖြစ်သည်။ ကားပေါ်စီးနင်းလိုက်ပါလာသော ခရီးသည် ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ဩဂုတ် ၁၅ ရက်မတိုင်မီ ရွာသွန်းခဲ့သောမိုးကြောင့် လမ်းမှာစိုစွတ်လျက်ရှိကြောင်း သိရသည်။

တောင်ကုန်းထူထပ်သောဒေသရှိ ပြည်သူများအတွက် ဘတ်စ်ကားများမှာ မရှိမဖြစ်အရေးပါသော သယ်ယူပို့ဆောင်ရေးတစ်ခုဖြစ်သည်။ ယာဉ်မတော်တဆမှုများလည်း မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

နီပေါနိုင်ငံရှိလမ်းအများစုမှာ မြေသားလမ်းများဖြစ်ခြင်း၊ အရံအတားများမရှိခြင်းကြောင့် ထိုသို့မကြာခဏယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိထွက်ရှိသော စာအုပ်စာရင်း









| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ငွေလရောင် | သောတပန်မင်းတစ်ပါး၏ရွှေပေလွှာနှင့်ကမ္ဘဋ္ဌာန်းနည်းပညာ | ၁၈၀၀ိ/- | စာပေနန်းတော် |
| ၂ | | A GLOSSARY OF DIPLOMATIC TERMS & USAGES | ၅၀၀၀ိ/- | ဦးတင့်တယ်စာပေ |
| ၃ | မောင်နီဦး | အစွန်းရောက်တေးသွား | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၄ | ဆူးငှက် | အိပ်မက်ဇွန်မရွေ့သောအလှ ....နှင့်မျှော်လင့်ညများ | ၂၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၅ | မောင်မင်းစိုး | လူငယ်နှင့်လူမှုရေး | ၁၀၀၀ိ/- | PICA Media |
| ၆ | မောင်ခန့်မြေ(ထီလာ) | ညီမလေးရဲ့အမေ | ၁၀၀၀ိ/- | PICA Media |
| ၇ | မောင်ရန်ပိုင် | တက္ကသိုလ်ရွှေရတုသဘင်မှာကန့်လန့်ကာဆွဲတဲ့ကောင်လေး | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | ဦးညာဏ | ဗမာသစ်ပြဇာတ် | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | ဝင်းဝင်းလှိုင်-မြန်မာပြန် | အလွယ်ကူဆုံးတိရစ္ဆာန်ရုပ်စက္ကူခေါက်နည်း ၄၅ ခု | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မောင်စင်ကြယ် | သူ့ရဲကောင်းနှလုံးသား | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | မော်ဘီဆရာသိန်းကြီး | ပေါရာဏဒီပနပေါင်းချုပ် | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | စက္ကောမ | ကျွန်တော့်ဘဝကျွန်တော့်အတွေ့အကြုံကျွန်တော့်လှို့ဝှက်ချက် | ၃၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၁၃ | ဆရာချိန်(ပဲခူး) | မှတ်ဖွယ်မှတ်ရာမြန်မာသဒ္ဒါ | ၂၅၀၀ိ/- | Wisdom House |
| ၁၄ | ဦးသာညွန့်နှင့်ဦးမျိုးသန့် (မောင်ဆုရှင်) | ဘဂဝတ်ဂီတ ဟိန္ဒူဘာသာ၏ လမ်းညွှန်အဆီအနှစ်ကျမ်း | ၂၀၀၀ိ/- | Wisdom House |
| ၁၅ | ဟိန်းလတ် | အကောင်းဆုံးလက်ရွေးစင် ၉၅ အက်ဆေး | ၂၅၀၀ိ/- | မဇမစာပေ |
| ၁၆ | ဆရာညီညီပိုင်း(မြန်မာစာ) | အလွယ်ကူဆုံးစာစီစာကုံးများ | ၂၀၀၀ိ/- | ဖူးပွင့်ဝေစာပေ |
| ၁၇ | မင်းသုဝဏ် | အာကာတခွင်မြေပြင်တဝန်း | ၂၀၀၀ိ/- | The Key Collection |
| ၁၈ | The Key Collection | လီယိုနာဒိုဒါဗင်ချီ | ၁၅၀၀ိ/- | The Key Collection |
| ၁၉ | နိုင်ဦး | အကျိုးစီးပွားပဋိပက္ခ(အနာဂတ်မရေရာသော မြန်မာသစ်တောများအရေး) | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၀ | စိန္တာမယဆရာပိုင် | ကျွန်ုပ်တွေ့ကြုံခဲ့ဖူးသောပယောဂအတိုက်ဆန်းများ | ၂၀၀၀ိ/- | ရွှေဗညားစာပေ |
| ၂၁ | ဦးဇော်မျိုး (ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အလယ်တန်းအဆင့်) စာစီစာကုံးများတွေးတောရေးသားပုံ | ၁၅၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၂ | ဦးဇော်မျိုး(ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အလယ်တန်းအဆင့်) နေထူးနေ့မြတ်စာစီစာကုံးများ | ၁၅၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၃ | မဏိစန္ဒာ | အမျိုးသမီးအပ်ချုပ်သင်တန်းခါးရှည်ပုံဆန်းအမျိုးမျိုး | ၄၈၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၂၄ | စိန်လင်း | နယသာဂရပဋ္ဌာန်းတရားတော် | ၆၀၀၀ိ/- | စိန်လင်းစာပေ |
| ၂၅ | ထွန်းရီ (ရှေးဟောင်းစာပေ သုတေသနတစ်ဦး) | ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ်ပထမတွဲအပိုင်း(၁) | ၅၀၀၀ိ/- | မိဘဂုဏ်ရည်စာပေ |
| ၂၆ | ထွန်းရီ (ရှေးဟောင်းစာပေ သုတေသနတစ်ဦး) | ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ် ဒုတိယတွဲအပိုင်း(၂) | ၅၀၀၀ိ/- | မိဘဂုဏ်ရည်စာပေ |
| ၂၇ | ကောင်းထက် | နပိုလီယံ(သို့မဟုတ်)ဥရောပတိုက်တစ်တိုက်လုံးကို ဖိမ့်ဖိမ့်တုန်စေခဲ့သူ | ၂၀၀၀ိ/- | မျိုးမြန်မာစာပေ |
| ၂၈ | ဘီဇက်ဇော်လီ(ကချင်ပြည်နယ်) | WUNPAWNG လို့ခေါ်တဲ့ကချင်လူမျိုး | ၂၅၀၀ိ/- | ပန်းလက်ဆောင်စာပေ |
| ၂၉ | ဘီဇက်ဇော်လီ (ကချင်ပြည်နယ်) | တရုတ်ပြည်နယ်ကချင်လူမျိုးအဇီး(ဇိုင်ဝါး) တိုင်းရင်းသားတွေရဲ့ရိုးရာပုံပြင် | ၂၀၀၀ိ/- | ပန်းလက်ဆောင်စာပေ |
| ၃၀ | ကလောင်စုံ | ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (တရားဝင်)ဖြစ်မြောက်ရေးကော်မတီ၏ပထမအကြိမ်ညီလာခံ ၂၈.၈.၈၈ | ၁၀၀၀ိ/- | ယဉ်မျိုးစာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆက်လက်ကျင်းပ

**သတင်း-မျိုးမြင့်၊ အောင်ရဲသွင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-ထိန်နန်နော်**



**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ဆွေးနွေးမည့်အစီအစဉ်များ၊ ညီလာခံကျင်းပရေး ပူးတွဲကော်မတီဖွဲ့စည်းရေး၊ ညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ်များကိစ္စ၊ ဖွင့်ပွဲနှင့် ညစာစားပွဲအစီအစဉ်တို့ကို ဆက်လက်ဆွေးနွေးကြသည်။

"မိုင်ဂျာယန်မှာ ကျွန်မတို့စဉ်းစားထားတာက အားလုံးပါဝင်ရေးနဲ့ ဘယ်လိုပါဝင်နိုင်မလဲဆိုတာကို ကြိုးပမ်းဆောင်ရွက်ဖို့ အရေးပေါ်ဆွေးနွေးခဲ့ကြတယ်။ မိုင်ဂျာယန်အစည်းအဝေးအပြီးမှာ CT လို့ခေါ်တဲ့ Coordination Team နဲ့ DPN လို့ခေါ်တဲ့ UNFC က ဖွဲ့စည်းထားတဲ့ အဖွဲ့နဲ့ ချင်းမိုင်မှာ အစည်းအဝေး ဆက်လုပ်တယ်။

ရှေ့က EAO ရှစ်ဖွဲ့ကလည်း ကျွန်မတို့တစ်တွေ ပါဝင်လာဖို့အတွက် အများကြီးကြိုးစားပါတယ်။ အဲ့ဒီလို ကြိုးစားတဲ့အချိန်၌ သူတို့တစ်တွေဖြစ်မြောက်ရေးကော်မတီမှာ ပူးပေါင်းပါဝင်လာဖို့အတွက် ကျွန်မတို့အားလုံးက ဆုံးဖြတ်လိုက်တဲ့အတွက်ကြောင့် ဒီဆွေးနွေးပွဲဟာ အနာဂတ်တိုင်းပြည် တည်ဆောက်ရေးအတွက် သမိုင်းတစ်ခုကို အပြောင်းအလဲဖြစ်စေမယ့် ပွဲတစ်ခုဖြစ်သွားပါပြီ။ ကျွန်မအနေနဲ့ ပြောချင်တာက ကျွန်မတို့တိုင်းပြည်မှာ သေနတ်သံတွေ စဲသွားမယ်။ သေနတ်သံတွေ စဲသွားရေးဟာ ပြည်သူတွေရဲ့ တမ်းတမ်းတတ မျှော်မှန်းနေတဲ့ မျှော်မှန်းချက်ဖြစ်တယ်။ အဲဒီလို မျှော်မှန်းချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် လာမယ့် ဩဂုတ် ၃၁ ရက်မှာ ကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဟာ အနာဂတ်တိုင်းပြည်ကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ပြည်သူ့ရဲ့ဆန္ဒတွေကို အကောင်အထည်ဖော်ဖို့အတွက် အနေအထားကောင်းတစ်ခုကို လမ်းဖွင့်ပေးတဲ့ ညီလာခံတစ်ခုပါ"ဟု အစည်းအဝေး တက်ရောက်လာသူ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP မှ ဒေါ်စောမြရာဇာလင်းက ပြောသည်။

အလားတူ ချင်းအမျိုးသားတပ်ဦး - CNF မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့ဆွေးနွေးပွဲမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကတော့ မကြာမီကျင်းပမယ့် ညီလာခံ ပြီးပြီးချင်းမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီး စတင်ကျင်းပမယ်ဆိုတဲ့အချက်ပါပဲ။ ဒီဆွေးနွေးပွဲမှာ လူမျိုးအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော် လည်းကောင်း အကြောင်းအရာတွေကို ဆွေးနွေးနိုင်မယ်ဆိုတဲ့အချက်ကို သဘောတူထားကြပါတယ်"ဟု ပြောသည်။

"မူဘောင်တွေကတော့ အခုမဆွေးနွေးသေးပါဘူး။ အခုလုပ်မယ့်ညီလာခံကို ဘယ်လိုလုပ်ကြမလဲဆိုတာကို ဆွေးနွေးကြတာပါ။ ဒီညီလာခံကြီးပြီးမှပဲ မူဘောင်ကိစ္စကို ဆွေးနွေးကြမှာပါ။ အခုဆွေးနွေးပွဲကတော့ မကြာမီကျင်းပမယ့်ညီလာခံမှာ အားလုံးပါဝင်နိုင်ရေးကို ဆွေးနွေးကြတာပါ။ ကျွန်တော့်အမြင်ကတော့ အားလုံးပါဝင်လာလိမ့်မယ်လို့ ထင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေလည်း ညီလာခံကို တက်မယ်ထင်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့အတွက် ကိုယ်စားလှယ်တော့ မဖြစ်ဘူးပေါ့။ ညီလာခံတက်ပြီးရင်တော့ သူတို့ဆုံးဖြတ်ကြလိမ့်မယ် ထင်ပါတယ်။ ကျွန်တော့်အမြင်ကတော့ ညီလာခံဟာ နောင်ကျင်းပမယ့် ညီလာခံတွေအတွက် အစပဲဖြစ်မှာပါ။ လက်မှတ်မထိုးရသေးတဲ့သူတွေကလည်း ညီလာခံတက်ပြီးရင် ဆုံးဖြတ်ကြလိမ့်မယ် ထင်ပါတယ်။ လက်မှတ်ထိုးမယ့်သူတွေလည်း များလိမ့်မယ်ထင်ပါတယ်"ဟု ဦးသုဝေ (နိုင်ငံရေးပါတီများအစုအဖွဲ့) ဒုတိယဥက္ကဋ္ဌက ပြောသည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference-21st Century Panglong ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီနောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့်ပြည်တွင်း သတင်းထောက်များ ဝင်ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း ၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဖုန်း ၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ငြိမ်းချမ်းရေး အလှမ်းမဝေးတော့

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
သဘောထားအမြင် အမျိုးမျိုးရှိသည်ပင်
သဘာဝတရားဟုမြင်။

အမြင်အမျိုးမျိုး ညှိနှိုင်းဖို့ပြင်
စည်ပင်တဲ့ ညီလာခံကြီး
မကြာမီ ကျင်းပတော့မည်ပင်။

(၂၁) ရာစု ပင်လုံညီလာခံဟု ခေါ်တွင်
ဝိုင်းဝန်းလို့ ကူညီကြရင်။

ငြိမ်းချမ်းရေး အလှမ်းမဝေးတော့ဟု
ဒို့များခေါင်းဆောင်ရှုမြင်။ ။

အောင်မြင်စေကြောင်း
ဆုတောင်းပတ္ထနာပြုလျက်ပင်။ ။

မောင်ဇေ(မန်းမြို့)

## ဗဟိုကောင်စီအစည်းအဝေးနှင့် မြန်မာနိုင်ငံကြက်ခြေနီညီလာခံကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၇၇) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် လည်းကောင်း၊ ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို ဩဂုတ် ၂၆ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးနှင့် ညီလာခံသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။
(သတင်းစဉ်)

# လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီ အတွင်း ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် သီးနှံအမျိုးအစားအလိုက် ရေကြီးနစ်မြုပ်မှု၊ ထိခိုက်၊ ပျက်စီး၊ ပြန်စိုက်မှု ဧကအခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

| စဉ် | သီးနှံအမည် | ရေမြုပ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
|---|---|---|---|---|---|
| ၁။ | မိုးစပါး | ၅၀၅၄၇၀ | ၄၁၈၅၀ | ၉၅၂၄ | ၃၁၃၄ |
| ၂။ | မိုးစပါး(ပျိုးခင်း) | ၅၂၅၁ | ၁၅၀၈ | ၆၁၃ | - |
| ၃။ | နွေစပါး(၂၀၁၅-၂၀၁၆) | ၂၅၂၉ | ၂၂၃ | ၁၅၃ | - |
| ၄။ | နွေနှမ်း(၂၀၁၅-၂၀၁၆) | ၁၁၂၉၅ | ၁၁၂၉၅ | ၆၉၀၂ | - |
| ၅။ | အစေ့ထုတ်ပြောင်း | ၇၄၇၀ | ၇၀၁၃ | ၂၁၁၆ | ၇၆ |
| ၆။ | ဖူးစားပြောင်း | ၁၁၆၂ | ၆၆၆ | ၂၂ | - |
| ၇။ | မိုးမြေပဲ | ၉၀၀ | ၅၅၃ | ၈၁ | - |
| ၈။ | မိုးနှမ်း | ၃၀၈၉၂ | ၁၄၃၁၆ | ၈၅၈၆ | - |
| ၉။ | မိုးနေကြာ | ၄၄၃ | ၁၆ | ၅ | - |
| ၁၀။ | ချည်မျှင်ရှည်ဝါ | ၁၁၈ | ၂၂ | ၁၁ | - |
| ၁၁။ | ပဲတီစိမ်း | ၆၀၈၅ | ၃၃၂၃ | ၈၁၈ | - |
| ၁၂။ | ပဲစင်းငုံ | ၈၄၉ | ၇၂၂ | ၆၈ | - |
| ၁၃။ | အခြားပဲ | ၆ | ၆ | - | - |
| ၁၄။ | အခြားရာသီသီးနှံ | ၉၉၈၇ | ၅၃၀၃ | ၇၅၀ | - |
| ၁၅။ | အခြားနှစ်ရှည်သီးနှံ | ၃၁၂ | ၁၂၂ | ၉၃ | - |
| | ပြည်ထောင်စုချုပ် | ၅၈၃၇၇၀ | ၈၆၈၃၈ | ၂၉၇၆၂ | ၃၂၁၀ |

(သတင်းစဉ်)

# ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်ကာကွယ်ရေး အသက်ကယ်အင်္ကျီများပေးအပ်

ကသာ ဩဂုတ် ၁၆

ကသာမြို့နယ် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ မြို့ပေါ်သို့ ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူများ သဘာဝဘေးဒဏ် ကာကွယ်နိုင်ရေးအတွက် အသက်ကယ် အင်္ကျီများကို အထက(၁)နှင့်အမက(၃) ကျောင်းတွင် တစ်ဦးချင်းအလိုက် ကျောင်းအုပ်ဆရာကြီး ဦးတင်ကိုကိုက ဦးစီး၍ ဩဂုတ် ၁၅ ရက်က လှူဒါန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ပညာရေးကျောင်းသား ကျောင်းသူများအတွက် အသက်ကယ် အင်္ကျီများကို ဆရာ ဆရာမများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် စာရေးဆရာအဖွဲ့တို့က အထက (၁)မှ ကျောင်းသား ကျောင်းသူ ၁၀၄ ဦး၊ အမက (၃)မှ ကျောင်းသား ကျောင်းသူ ၂၀ သာလျှင်ပေးနိုင်ခဲ့ပြီး ၃၉ ဦးအတွက် ဆက်လက်လှူဒါန်းပေးနိုင်ရန် လိုအပ်လျက် ရှိသဖြင့် အလှူရှင်များလိုအပ်နေသေးကြောင်းနှင့် စနစ်တကျဝတ်ဆင်နိုင်ရေး သင်ကြားပြသခြင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပို့ချခဲ့ကြသည်။ **ငွေအိုး (ကသာ)**



# ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းပေါ်ရှိ ဇမိချောင်းယာယီဘေလီတံတားရေကျော်

ဘားအံ ဩဂုတ် ၁၆

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဩဂုတ် ၁၅ ရက် ည ၁၀ နာရီမှစ၍ ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းပေါ်ရှိ အရှည်ပေ ၂၇၀ ရှိ ဇမိချောင်း ယာယီဘေလီတံတား သံပေါင်ပေါ်ထိ ချောင်းရေများ မြင့်တက်ခြင်းကြောင့် တံတားကြမ်းခင်းများဖြုတ်ထားရပြီး ဘေလီတံတားမျောပါမသွားစေရေး ကြိုးများဆိုင်းထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယာဉ်အသွားအလာ ခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။ ချောင်းရေကျပါက ကြမ်းခင်းများ အမြန်ဆုံးပြန်လည်တပ်ဆင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တံတားအထူးအဖွဲ့(၁၄)မှ ယာယီဘေလီတံတား မျောမပါသွားစေရေး ကြီးကြပ်စောင့်ကြည့်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးညိုမြို့နယ် ကယ်ဆယ်ရေးစခန်းသို့ မုန့်မျိုးစုံလှူဒါန်း

မိုးညို ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းနှင့် ရေဘေးသင့်နေအိမ်များသို့ ဩဂုတ် ၁၅ ရက်က ဇွဲဇုံသာသနကျောင်းတိုက်ရှိ မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဓမ္မပီယ ဦးစီးသောအဖွဲ့နှင့် ရန်ကုန်မြို့ ဆန်းထူးမုန့်တိုက်မှ သခင်လုရှိန်ရပ်ကွက်ရှိ မဟာသုမင်္ဂလာသီဟ ကြေးသွန်းဘုရားကြီးအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၊ ရေကင်းအုပ်စု မင်းကြီးရွာ၊ အလယ်ရွာ၊ ကျွန်းညိုအုပ်စု ရေဘေးရှောင်ပြည်သူများသို့ တန်ဖိုးငွေကျပ် ၆၂ သိန်း နှစ်သောင်းကျော်ခန့်ရှိသော မုန့်မျိုးစုံနှင့် ဖယောင်းတိုင်ထုပ်များ၊ ရေသန့်ဘူးများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၆၃)**

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁.၅၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၇၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၁၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၂၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၇၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄.၉၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၀၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၃၀' |
| ၁၈။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၃၀' |
| ၁၉။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၁၅' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၈၀' |
| ၂၁။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၂၀' |

(သတင်းစဉ်)


**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဌာန**
**သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်မှ(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းခုနစ်ရပ်အား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) တည်ဆောက်ရေးလုပ်ငန်းများ
(၁) ခြံစည်းရိုးကာရံခြင်း
(၂) ဂိတ်တဲဆောက်လုပ်ခြင်း
(၃) ကျောင်းသူအိပ်ဆောင်၊ အုပ်ချုပ်ရေးဆောင်၊ ဆရာအိမ်ရာ၊ ဝန်ထမ်းအိမ်ရာရှေ့မျက်နှာစာနှင့် ပြတင်းပေါက်သံပန်းများ တပ်ဆင်ခြင်း
(၄) နိုင်ငံတော်အလံတိုင် ပြုလုပ်ခြင်း
(၅) ရေစင်ဆောက်လုပ်ခြင်း
(ခ) မြေညှိခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း
(ဂ) မြေနေရာရှင်း ပြုပြင်ခြင်း

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၉-၂၀၁၆ရက်
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - သူနာပြုသင်တန်းကျောင်း နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၂၀၂၀၁၊ ၀၉-၄၃၁၆၀၆၉၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**နေပြည်တော်**
**ယူရီးယားဓာတ်မြေသြဇာများ ရောင်းချရန် တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ အိတ်သွတ်ပြီး ယူရီးယားဓာတ်မြေသြဇာ တန်နှစ်ထောင်နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ တန်နှစ်ထောင်တို့ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၆ရက်နေ့မှ ၂၃-၈-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက် - အချိန်နှင့်နေရာ** - ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)၊ မွန်းလွဲ၁နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့် အချိန်** - ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)၊ မွန်းလွဲ၁း၃၀နာရီ
၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**



**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးဇော်ဝင်းထွန်း ၁၁/စတန(နိုင်)၀၅၆၅၇၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၄၅၀၁၆၃၇**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)**
**ပြည်ခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၄**

ဦးဘမြင့် နှင့် ဦးကျင်ဝင်း-ပါ(၁၆)ဦး
**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးအေးလွင်(ဘ)ဦးစိုးလှိုင်၊ ဦးထွန်းထွန်း(ဘ)ဦးစိုးလှိုင်၊ ဦးကြူ(ဘ)ဦးတင်မောင် မော်လမြိုင်မြို့၊ ဖက်တန်းလမ်းနေ ဦးဘုန်းမြင့်(ဘ)ဦးကျော်ရှိန်(ယခု နေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဘမြင့်က ဒေါ်လှဆယ်-ပါ(၅)ဦး၏ အမွေပုံပစ္စည်းများကို အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ရက်(၁၃၇၈ခုနှစ် တော်သလင်းလပြည့်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြည်ခရိုင်တရားရုံး**



**ပျောက်ဆုံးကြောင်း**
ကျွန်မ မရွှေရည်ဝင်း ၁၂/ဥကမ(နိုင်)၁၉၇၇၈၄၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၄၈၇၂၀၅၄**



**မွေးသက္ကရာဇ်အမှန်**
ကျောက်တန်းမြို့နယ်၊ မြကိုင်းကျေးရွာနေ ဦးကျော်မြင့်၏သား မောင်ကျော်ဇေယျ ၁၂/ကတန(နိုင်)၁၀၇၉၅၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၁၉၉၄ ဖြစ်ပါကြောင်း။



**ဖခင်အမည်မှန်**
မင်းဘူးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(B)မှ မောင်မင်းချစ်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၈/မဘန(နိုင်)၀၇၀၉၀၀ ဖြစ်ပါကြောင်း။
**ဦးမြင့်ဆွေ**



**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ရွာသာကုန်းကျေးရွာနေ ဦးတိုး ၈/စလန(နိုင်) ၀၀၇၅၈၁၏သမီး မအိမွန်ကျော်၏ အမည်မှန်မှာ မပြည့်မွန်ကျော် ဖြစ်ပါသည်။
**မပြည့်မွန်ကျော်**

# မြင်းမူမြို့နယ်၌ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံး

**မြင်းမူ ဩဂုတ် ၁၆**

မြင်းမူမြို့နယ် လက်ပန်ကျေးရွာနေ ဦးကိုမြင့် (၅၂ နှစ်)၏ နေအိမ်သည် မီးကြွင်းမီးကျန်မှုတစ်ဆင့် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ အနီးပတ်ဝန်းကျင် နေအိမ်သုံးလုံးသို့ မီးကူးစက်လောင်ခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ လေးပင် သုံးခန်း နှစ်လုံး၊ လေးပင် ပတ်လည် နှစ်လုံး စုစုပေါင်း နေအိမ်လေးလုံး လောင်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်မှုမရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တောချောင်းဦးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝ၇၇)



# ပြွန်တန်ဆာမြို့ စံဖဲကျေးရွာအနီး ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်

**ညောင်လေးပင် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ စံဖဲကျေးရွာအနီးတွင် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီကျော်ခန့်က ရန်ကုန်-ညောင်လေးပင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သည်။ **(အပေါ်ပုံ)**

ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၉၅/၀)နှင့် (၉၅/၁)အကြား ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကိုအေးထိုက် ကတုတ်ဘုရားကြီးကျေးရွာ ဒိုက်ဦးမြို့နေ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကိုအောင်ခန့် ဒိုက်ဦးမြို့နယ်နေနှင့် ခရီးသည် ဦးသန်းဝင်း-ဒေါ်သိန်းသိန်းဦး ညောင်လေးပင်မြို့ ပုဇွန်မြောင်းရွာတို့ လိုက်ပါလာသော 5H/ ---- ငမိုးရိပ်ယာဉ်လိုင်း မီနီဘတ်စ်ယာဉ်သည် တိုက်ရှေ့ပြုတ်ထွက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သည်။ လူသေဆုံးမှုမရှိဘဲ ခရီးသည်နှစ်ဦးသာ (မစိုးရိမ်ရ)ဒဏ်ရာရရှိ၍ ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြွန်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဂုတ်တွင်းလမ်း၌ (၂၂)ဘီးယာဉ်တိမ်းမှောက်၍ လမ်းပိတ်ဆို့မှုဖြစ်

**ကျောက်မဲ ဩဂုတ် ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့ ဂုတ်တွင်းအဆင်းလမ်း မိုင်တိုင် (၈၄/၂-၃) ကြားတွင် ဩဂုတ် ၁၆ ရက် နံနက် ၁ နာရီခွဲက ဂျိုင်းဆက်ပျက်၍ ရပ်ထားသော နောက်တွဲယာဉ်ဘေးတွင် နောက်တွဲပါ (၂၂)ဘီးယာဉ် တိမ်းမှောက်ခဲ့ပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မန္တလေးမှ မူဆယ်ဘက်သို့ 3D/---- (၂၂)ဘီးယာဉ်ကို မိုးကြီး (၃၄ နှစ်) ပြည်ကြီးတံခွန်မြို့နယ်နေ မောင်းနှင်၍ ယာဉ်နောက်လိုက် ဝင်းအောင်စိုး (၂၀ နှစ်) ကျောက်မဲမြို့နေ လိုက်ပါလာသော ယာဉ်သည် ဂျိုင်းဆက်ပျက်၍ လမ်း၏ဝဲဘက်ခြမ်းတွင် ရပ်တန့်ထားစဉ် မူဆယ်မှ မန္တလေးဘက်သို့ 1I/---- (၂၂)ဘီးယာဉ်ကို မောင်ဦး (၂၃ နှစ်) နမ္မတူမြို့နယ်နေ မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်မိုး(၂၅ နှစ်) ပြည်ကြီးတံခွန်မြို့နယ်နေ လိုက်ပါလာသော ယာဉ်က အခင်းဖြစ်ပွားရာ နေရာအရောက် ချိုးကွေ့စဉ် ယာဉ်ပေါ်တွင်ပါလာသော ပစ္စည်းအလေးချိန်များ၍ နောက်တွဲမှာတိမ်းမှောက်ပြီး လမ်းကို ကန့်လန့်ခံကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ ဂုတ်တွင်း ရဲစခန်းမှ ရဲအုပ်ဇော်ဝင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂၀) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်မြင့်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းရေး ကူညီဆောင်ရွက်ကာ ပစ္စည်းများ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဖဲဝိုင်းမှ စကားများပြီးအပြန် ဓားထိုးခံရ၍ သေဆုံးမှုဖြစ်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် နာရေးအိမ်၌ ဖဲကစားရင်း စကားများရာမှ အိမ်အပြန်တွင် ဓားဖြင့်ထိုး၍ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သိန်းဇော်ထွေး (ခ) သားထွေးသည် အစ်ကိုဖြစ်သူ ဇော်နိုင်ဦးနှင့်အတူ ကျန်စစ်သားရပ်ကွက် ယောမင်းကြီးလမ်းရှိ နာရေးအိမ်၌ ဩဂုတ် ၁၄ ရက် ည ၈ နာရီ မိနစ် ၄၀ က နာရေးစောင့်ရင်း ဖဲကစားနေစဉ် အတူကစားသူ ဝင်းကျော်လင်းနှင့် စကားများခဲ့ကြသည်ဟု ဆိုသည်။ အစ်ကိုဖြစ်သူ ဇော်နိုင်ဦးက ဖျန်ဖြေပေး၍ သိန်းဇော်ထွေးအား နေအိမ်သို့ ပြန်ခိုင်းကာ သိန်းဇော်ထွေး နေအိမ်ပြန်ပြီး ခဏအကြာတွင် အစ်ကိုဖြစ်သူ ဇော်နိုင်ဦးအား ဝင်းကျော်လင်းက ဓားဖြင့်ထိုးကြောင်းသိရ၍ သွားကြည့်ရာ အစ်ကိုဖြစ်သူ ဇော်နိုင်ဦးမှာ ဒဏ်ရာရရှိပြီး ယောမင်းကြီးလမ်းပေါ်တွင် လဲကျနေ၍ ဒလမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ဓားဖြင့်ထိုးသူ ဝင်းကျော်လင်းအား ဒလမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ဩဂုတ် ၁၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိသော "ပြည်မြို့နယ်တွင် ကြံနှင့် သကြား စိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ" သတင်းတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး **အစား** ဒုတိယတိုင်းဦးစီးမှူး ဦးနိုင်ဦး ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**


### ဖခင်အမည်မှန်

ညောင်လေးပင်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၇/ညလပ(နိုင်)၀၆၄၅၈၉ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Zwe Mam Ye Wint Co., Ltd. ကုမ္ပဏီ၏ သွင်းကုန်လိုင်စင် အမှတ် MQIL 1 15-16 6979(16/12/2015)မူရင်းမှာ ပန်းဘဲတန်းမြို့နယ်အတွင်း သွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၄၅၀၀၄၅၂၃၃**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/B(ဈေးကုန်း)၊ မြေကွက်အမှတ်(၇၆)၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ ၀ဒသမ၀၉၂ ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ် ၅၅/အေ၊ အောင်သုခလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးထွန်းရင် (BQ-၀၁၃၈၅၁)၊ ဒေါ်ကျင်ဥ (AA-၀၀၇၈၀၀)အမည်ပေါက်၊ B-လ/န ၃၉ရပြီးမြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၀/၂၀၁၅၊ တရားမဇာရီမှုအမှတ် ၅၉/၂၀၁၅၊ အရောင်းအဝယ်စာချုပ်-၄၀၈၆/၂၀၁၆(၂၆-၇-၁၆)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်အေးမြင့် ၁၂/အစန(နိုင်)၀၇၆၀၉၈က မိမိပိုင်ဆိုင်သည့် အစိတ်အပိုင်းကို တစ်ဖက်သတ်မြေကွက်ခွဲစိတ်တိုင်းတာ မည်ဖြစ်ပြီး ဖြစ်ပေါ်လာသည့်ပြဿနာရပ်အားလုံးအပေါ် တာဝန်ယူကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးတင်ပြ၍ မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်းမကြီး၊ ရန်ကုန်မြို့ရုံးဝင်းအတွင်းတွင် မော်တော်ယာဉ်များစစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ် အဆောက်အအုံ (၉၈'×၆၀'×၁၇')(ရေမီး၊ဆေး)အပါအဝင် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၆ရက်

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)၊ သံသုမာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ရုံးဖုန်း-၀၁-၅၇၃၁၀၅၊ ၀၁-၅၇၀၉၆၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### အများသိစေရန်

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ကံဘဲ့၊ မြေကွက်အမှတ်၉၁/က၊ မြေကွက်တည်နေရာအမှတ်၂၊ မဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်သန်းနုအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနု ၁၂/ရကန(နိုင်)၀၅၁၀၆၈ကိုယ်တိုင်မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာနှင့် ရဲစခန်း ထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်၇က/၃၈၈/၉၂(၇-၁၀-၉၂) ဒေါ်သန်းနု အမည်ပေါက်နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် (၁၃၉)ကို မူလအမည်ပေါက် ဒုတိယဗိုလ်မှူးကြီး စိုးမောင်ကိုယ်စား ဦးကြည်လွင်ဦးက မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မီးခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### 7Stars (ရာထူးဝင်သင်တန်းကြီး)

**နိုင်ငံခြားရေး – အငယ်တန်းစာရေး**

**ပုံမှန်တန်းခွဲ/အနီးကပ်တန်းခွဲများ စပြီ။**

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးမှတ်စုများ ရောင်းချပေးနေပါပြီ ။

တိုက် (18/3B)၊ သပြေညို (၁)၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ရန်ကုန်မြို့။

09-789 10 7733, 09-421052736, 09-799 860 155

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/5105 Naing Htet L/T P/U ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟံ ၉/ကပတ(နိုင်)၂၁၇၀၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၈၀၂၀၊ Kenbo 125 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ထွန်း ၁၄/ကကန(နိုင်)၀၀၆၁၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၁၂၉၇၊ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ထွေး ၁၄/ဟကက(နိုင်)၀၂၃၆၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် (၁၃၁၈) နေ ဒေါ်ထားထားဦး ၁၂/အလန(နိုင်)၀၂၉၇၉၁ ကြော်ငြာအပ်ပါသည်။

၂၆-၁၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်အမှတ်စဉ် (၃၃၃၃၁/ ၂၀၁၄)ဖြင့် အမှတ် (၁၄၈၁)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁) ရပ်ကွက်၊ မ/ဒဂုံမြေနေရာ၌ အဆောက် အအုံဆောက်လုပ်ရန် ဒေါ်ထားထားဦးက အမှတ် (၅၂၀)၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ မ/ဒဂုံနေ ဦးလှမြင့်၏သား ဦးကိုကိုထွန်း ၉/ညဥန(နိုင်)၁၄၆၈၂၈ ကို လွှဲအပ်ထားသောအထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်ထားထားဦး ၁၂/အလန(နိုင်)၀၂၉၇၉၁**
**ဖုန်း-၀၉-၄၃၁၃၃၄၉၄၊ ၀၉-၇၉၅၅၉၆၁၃၃**

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ဦးစံလှိုင်၏သမီး ကျွန်မ မလေးလေးမြင့် ၁၂/သဃက(နိုင်)၁၂၇၁၆၈နှင့် ဦးဝင်းစိန်၏သား မောင်သိန်းနိုင် ၁၂/လကန(နိုင်)၀၀၀၀၅၀တို့သည် စိတ်သဘောထားမသက်ဆိုင်ပါသဖြင့် ၉-၄-၂၀၁၆ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မလေးလေးမြင့် ၁၂/သဃက(နိုင်)၁၂၇၁၆၈**

### အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)နေ ဦးအောင်မြင့် ၉/လဝန(နိုင်)၀၃၂၅၇၂-ဒေါ်တင်တင် ၉/လဝန(နိုင်)၀၃၂၇၃၂ တို့၏သားဖြစ်သူ မောင်စိုးဇေယျာထွန်း ၉/လဝန(နိုင်)၁၅၀၁၃၈ အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးအောင်မြင့်-ဒေါ်တင်တင်**

# မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၆ ဦးဖြင့်ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနှင့်ဖိလစ်ပိုင်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် ၂၆ ဦးပါဝင်သည့် ပဏာမလူစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် သုံးလနီးပါး အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ဩဂုတ် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် နေရပ်ပြန်၍ ဥရောပခြေစမ်းခရီးစဉ်အတွက် စီစဉ်လျက်ရှိပြီး ၄င်းပြန်လည်မရောက်ရှိမီ လူစာရင်းကို ကြိုတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် ပုံမှန်ပါဝင်နေသည့် ကစားသမားအများစုပါဝင်လာပြီး မျက်နှာသစ်ကစားသမားအဖြစ် ဇေယျာရွှေမြေ၏ လူငယ်နောက်ခံလူ ဖြိုးပိုင်စိုးသာ ပါဝင်လာခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ယခုရွေးချယ်ထားသည့်ကစားသမားများကို လေ့ကျင့်ပေးမည်ဖြစ်ပြီး အသင်းနှင့် အံမဝင်သည့် ကစားသမားများကို အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်ပြီး စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ ဥရောပခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်သည်။ ထို့ပြင် စက်တင်ဘာ ၃ ရက်တွင် အာဆီယံဒေသတွင်း အသင်းတစ်သင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး ဥရောပခြေစမ်းခရီးစဉ်အပြီးတွင်လည်း တောင်ကိုရီးယားခြေစမ်းခရီးစဉ်နှင့် အခြားနိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ)၌ မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား ကျော်ဇင်ဖြိုး (မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ နောက်တန်း ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဟိန်းသီဟဇော်၊ ဇော်လင်း (ရှမ်းယူနိုက်တက်)၊ ဖြိုးပိုင်စိုး(ဇေယျာရွှေမြေ)၊ ဖြိုးကိုကိုသိန်း(ရောဝတီ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အလယ်တန်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ရန်နိုင်ဦး(ရှမ်းယူနိုက်တက်)၊ ဆောင်လမန်(ချင်းယူနိုက်တက်)၊ သီဟဇော်(ရောဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရှေ့တန်း ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ ၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဗိုလ်လုပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၇ ရက် **(ယနေ့)**တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဗိုလ်လုပွဲအဖြစ် MNL ထိပ်သီးကလပ်အသင်းနှစ်သင်းဖြစ်သည့် ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့သည် ယခုရာသီ၏ နောက်ဆုံးဖလားအတွက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ချန်ပီယံဆုရရှိသည့်အသင်းမှာ ၂၀၁၇ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ပြည်တွင်းနည်းပြများ ကိုင်တွယ်နေသည့် အသင်းများဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်သည့် ဗိုလ်လုပွဲဖြစ်လာနိုင်ပေသည်။ ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ်တွင် ရတနာပုံအသင်းကိုနှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး မကွေးအသင်းသည် ဆီမီးဖိုင်နယ်တွင် ဇွဲကပင်အသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းသည် ယခင်က ရှုံး/ထွက်ပြိုင်ပွဲတွင် အမြင့်ဆုံး ဆီမီးဖိုင်နယ်သာ တက်ရောက်ခဲ့ဖူးပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရှုံး/ထွက်ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်က ချန်ပီယံဆုရရှိခဲ့ဖူးပြီး ဗိုလ်လုပွဲသို့ ငါးနှစ်အကြာမှ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အသင်းတွင် ကြည်လင်း ဒဏ်ရာကြောင့် ပါဝင်နိုင်ရန် မသေချာသော်လည်း နည်းပြ ဦးမျိုးမင်းထွန်း ဖြေရှင်းနိုင်ဖွယ်ရှိနေသည်။ ရန်ကုန်နည်းပြ ဦးမျိုးမင်းထွန်းမှာ တစ်ချိန်က မြန်မာလူငယ်အသင်းများတွင် ဦးကြည်လွင် လက်အောက်၌ ကစားခဲ့ဖူးကာ ဆရာဖြစ်သူနှင့် ပြန်လည်ရင်ဆိုင်ရခြင်းဖြစ်သည်။ ဦးကြည်လွင်သည် မကွေးအသင်းကို ၂၀၀၉ ခုနှစ်ကတည်းက ကိုင်တွယ်ခဲ့သူဖြစ်ပြီး ပထမဆုံး ချန်ပီယံဆုဖလားရယူနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

မကွေးနည်းပြ ဦးကြည်လွင်နှင့် ရန်ကုန်နည်းပြ ဦးမျိုးမင်းထွန်းတို့မှာ ပရော်ဖက်ရှင်နယ်နည်းပြဘဝ ပထမဆုံး ချန်ပီယံဆုဖလားကို ဘယ်သူရယူသွားမလဲဆိုတာ..... **ညီမြတ်သော်တာ**

## ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှု

၁၆-၈-၂၀၁၆

| အမှတ်စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၇ | ၂၄ | ၂၆ | ၇၇ |
| ၂ | ဂရိတ် ဗြိတိန် | ၁၆ | ၁၇ | ၈ | ၄၁ |
| ၃ | တရုတ် | ၁၅ | ၁၄ | ၁၈ | ၄၇ |
| ၄ | ရုရှား | ၁၁ | ၁၂ | ၁၃ | ၃၆ |
| ၅ | ဂျာမနီ | ၉ | ၇ | ၆ | ၂၂ |
| ၆ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၇ | ပြင်သစ် | ၇ | ၉ | ၈ | ၂၄ |
| ၈ | ဂျပန် | ၇ | ၄ | ၁၆ | ၂၇ |
| ၉ | နယ်သာလန် | ၇ | ၂ | ၃ | ၁၂ |
| ၁၀ | ဩစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၁၁ | တောင်ကိုရီးယား | ၆ | ၃ | ၅ | ၁၄ |
| ၁၂ | ဟန်ဂေရီ | ၆ | ၃ | ၄ | ၁၃ |
| ၁၃ | စပိန် | ၄ | ၀ | ၂ | ၆ |
| ၁၄ | နယူးဇီလန် | ၃ | ၆ | ၀ | ၉ |
| ၁၅ | ဘရာဇီး | ၂ | ၄ | ၄ | ၁၀ |
| ၁၆ | ကာဇက်စတန် | ၂ | ၃ | ၅ | ၁၀ |
| ၁၇ | မြောက်ကိုရီးယား | ၂ | ၃ | ၂ | ၇ |
| ၁၈ | ကင်ညာ | ၂ | ၃ | ၀ | ၅ |
| ၁၉ | ကနေဒါ | ၂ | ၂ | ၉ | ၁၃ |
| ၂၀ | ပိုလန် | ၂ | ၂ | ၃ | ၇ |

ဩဂုတ် ၁၆ ရက် ည ၉ နာရီအထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။

# မအူပင်တက္ကသိုလ် ကာယဗလ၊ ကာယအလှကြံ့ခိုင်မှုပြိုင်

**ရန်ကုန် ဩဂုတ် ၁၆**

မအူပင်တက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုအလှမယ်ပြိုင်ပွဲနှင့် အနုပညာဖျော်ဖြေပွဲကို ဩဂုတ်ပထမပတ်က ကျင်းပခဲ့သည်။ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုအလှမယ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ပါမောက္ခချုပ် ဒေါက်တာ ဌေးလင်းမောင်က ဆုများချီးမြှင့်ခဲ့သည်။ အနုပညာဖျော်ဖြေပွဲတွင် အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာအကများ၊ ယိမ်းအက၊ တေးသရုပ်ဖော်၊ ပြဇာတ်များ ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
### တိပိဋကဓရဆရာတော်ပူဇော်ပွဲ
### ဝါဆိုသင်္ကန်းကပ်လှူပွဲ နှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် (၈း၃၀) နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး အကောက်ခွန် မွှာရုံတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ/မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများ လှူဒါန်းရန် နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင် အဘိုး၊ အဖွားများ အမည်စာရင်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

(၁) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း - ၀၉၂၀၀၆၄၄၂
(၂) ဦးရဲညွန့် ဒုတိယဥက္ကဋ္ဌ ဖုန်း - ၀၉၅၁၀၇၅၇၅
(၃) ဗိုလ်မှူးကြီးတင်သိန်းဟန်(ငြိမ်း) ဒုတိယဥက္ကဋ္ဌ ဖုန်း - ၀၉၅၃၂၁၉၁၉
(၄) ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) အတွင်းရေးမှူး ဖုန်း - ၀၉၅၁၄၇၉၀၄
(၅) ဦးမောင်မောင်လှ တွဲဖက်အတွင်းရေးမှူး ဖုန်း - ၀၉၇၃၀၀၁၉၀၀
(၆) ဦးမြင့်လွင် တွဲဖက်အတွင်းရေးမှူး ဖုန်း - ၀၉၇၉၅၈၇၆၂၀

အလုပ်အမှုဆောင်အဖွဲ့

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြော်ငြာခြင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/အိပ်ချ်၊ မြေကွက်အမှတ် ၈၄၊ မြေကွက်တည်နေရာအမှတ် ၈၄၊ စက်မှု (၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် ဦးအေးချို ၁၂/တမန(နိုင်)၀၅၇၁၇၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၇၄/၁၁၏ (၂၉-၁၁-၂၀၁၁)ရက်စွဲပါ အမိန့်နှင့် (၁-၄-၁၅)ရက်စွဲ ပါ အမိန့်၊ အရောင်းအဝယ်စာချုပ်အမှတ် ၂၀၇၉/၁၆ (၁၂-၅-၁၆) တို့အရ ဦးကျော်ကျော်စံ ၁၂/တမန(နိုင်)၀၀၃၃၉၃၊ ဒေါ်မေနီစိုး ၁၂/တမန(နိုင်)၀၀၁၉၉၂တို့မှ ပိုင်ဆိုင်လာပြီး သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြု/ထုတ်ပေးမည်ဖြစ်၍ မူလကအမှုတွဲအမှတ် တမ/ဂရသ-၄၁/၂၀၀၂ (၆-၃-၂၀၀၃)ဖြင့် ထုတ်ပေးထားသည့် ဦးအေးချိုအမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် GG/2391 Toyota Succeed ယာဉ်လက်ဝယ်ရှိသူ Aung Naing Thu Construction Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တောင်ကြီး)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၅၁၉၁၇ Kenbo ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော်လွမ်း ၁၃/ပတယ(နိုင်)၀၃၆၃၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)

## သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ပြည်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အတွက် သူနာပြုရေစင်နှင့် ဂါလန် ၁၅၀၀ဆံ့ ရေကန်နှစ်လုံးဆောက်လုပ်ခြင်း၊ သားဖွားရေစင်နှင့် ဂါလန် ၁၅၀၀ ဆံ့ ရေကန်တစ်လုံး ဆောက်လုပ်ခြင်း၊ လက်ရှိအဆောင် သုံးဆောင်အတွင်းရှိ သန့်စင်ခန်းနှင့် မိလ္လာကန်ပြုပြင်ခြင်း၊ ကားဂိုဒေါင် ပေ (၃၀×၄၀×၁၄)ဆောက်လုပ်ခြင်း၊ 200 KVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၆-၈-၂၀၁၆ရက်
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၈-၂၀၁၆ရက် မှ ၁၆-၉-၂၀၁၆ရက် အထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ပြည်မြို့။

တင်ဒါများ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၁၆-၉-၂၀၁၆ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၂၇၁၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းကျောင်းစီမံခန့်ခွဲရေးအဖွဲ့
ပြည်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၇ယ/၆၉၄၆၀ Bojue Dream ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁၃/ပတယ(နိုင်)၀၄၈၆၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)

## ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက(၁)အဌမတန်း (A)မှ မောင်ဇော်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်းရွှေ ၉/မထလ(နိုင်)၁၂၂၃၈ဖြစ်ပါကြောင်း။

## ငှားမည်

ကုက္ကိုင်း၊ ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်အနီး၊ မြေ (၄၀'×၆၀') ခြံတွင်း (၃၄'×၃၈') ရှိ နှစ်ထပ်အဆောက်အအုံ၊ ရေချိုးခန်း၊ အိမ်သာတွဲလေးခန်းပါ။

ဖုန်း-၀၉-၇၈၅၃၁၈၁၂၇၊ ၀၉-၉၇၄၈၄၈၆၆၈

## အများသိစေရန်

ကိုဇော်မင်းနိုင် ၁၂/ဥကတ(နိုင်)၁၅၉၂၂၃နှင့် မခင်စန်းထွေး ၁၂/ဥကတ(နိုင်)၁၆၈၁၃၇တို့သည် ၁၀-၈-၂၀၁၆ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှိုင်ဘွား တရားလွှတ်တော်ရှေ့နေ
စဉ်-၈၁၃၀
အမှတ် ၄၇၅၊ ပထပ်(ညာ)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

# ရာသီဥတုပြောင်းလဲမှုနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်



**ရဲရဲ(ပျဉ်းမနား)**

ရာသီဥတုပြောင်းလဲခြင်းသည် ယာဉ်အန္တရာယ်နှင့် အဆက်အစပ်မရှိနိုင်ဟု သာမန်စဉ်းစားမည်ဆိုပါက စဉ်းစားစရာတစ်ခုဖြစ်သည်။ လက်တွေ့အခြေအနေအရ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု (Climate Change)အရ ဖြစ်ပွားတတ်သော အပူဒဏ်အန္တရာယ်၊ မုန်တိုင်းတိုက်ခိုက်မှု၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် သစ်ပင်များလဲပြိုမှု၊ မိုးရေကြောင့် လမ်းပျက်စီးမှု၊ ရေလွှမ်းမိုးမှုကြောင့် လမ်းများနှင့် ပလက်ဖောင်းပေါ်မှဖြတ်သန်းသွားရသည့် လူအများစုနှင့် ယာဉ်များမှာ အောက်ခြေမျက်နှာပြင်ကိုခန့်မှန်းမရနိုင်သဖြင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ရသည်ကို တွေ့မြင်ရသည်။

ရာသီဥတုပြင်းထန်လွန်းသည့်အခါ လူ၊ တိရစ္ဆာန်၊ ရေ၊ မြေ၊ တောတောင်များ ထိခိုက်ပျက်စီးရသလို လမ်းများသာမက ယာဉ်နှင့် စက်ပစ္စည်းများပါ ပျက်စီးဆုံးရှုံးရသည်။ တောမီးများ ထလောင်သလို နေပူလွန်းသည့်အခါ ယာဉ်များသုံးစွဲနေသည့် စက်သုံးဆီများမှတစ်ဆင့် မီးထလောင်သကဲ့သို့ ယာဉ်မှာဝိုင်ယာရှော့ဖြစ်၍ ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းသည်မျိုးဖြစ်တတ်သည်။

ရေလျှံနေသည့်လမ်းထဲတွင် သွားလာနေသည့်ယာဉ်များ၏ အင်ဂျင်နှင့် ဝိုင်ယာများ၊ရေစိုရှဲ ချွတ်ယွင်းပျက်စီးမှုများဖြစ်လာနိုင်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုများမှာ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ရှိနေသည်ကို သတိပြုသင့်သည်။ ကုန်းလမ်းခရီးမှ ယာဉ်များ အန္တရာယ်ရှိသလို ရေလမ်းရှိရေယာဉ်များမှာလည်းအန္တရာယ်နှင့် နီးကပ်လှသည်။ မြူဆိုင်း၍လည်းကောင်း၊ မုန်တိုင်းထန်၍လည်းကောင်း၊ လှိုင်းကြီးလေဆန်၍လည်းကောင်း ရေယာဉ်များနစ်မြုပ်ပြီး အသက်ဆုံးရှုံးမှုများဖြစ်ခဲ့ရသည်။ ဤသို့ ရာသီဥတုဆိုးရွားမှုကြောင့် ယာဉ်များအန္တရာယ်ဖြစ်နိုင်သလို ယာဉ်မောင်းများအနေဖြင့်လည်း သတိရှိဖို့လိုအပ်သည်။ မိမိလက်ထဲတွင် အသက်အပ်ပြီး ခရီးနှင်နေရသည့် ခရီးသည်များဒုက္ခသည် မရပ်တန့်နိုင်အောင် ရှိနေပေသည်။

လမ်းအန္တရာယ် (Road Traffic Accidents) ကြောင့် ထိခိုက်ဒဏ်ရာရမှုများဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် တွေ့မြင်နေရသည်။ သေကျေပျက်စီးပြီး ဒုက္ခိတဖြစ်နေသူများမှာလည်း မနည်းပေ။ အစွမ်းကုန် အသက်ကယ်နေရသည့် ကျန်းမာရေးဝန်ထမ်းများမှာ မိသားစုများနှင့် တစ်ထပ်တည်းရင်နင့်အောင် ခံစားကြရသလို သတင်းကြားရသူများအဖို့ စိတ်ဆင်းရဲကြရသည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို လူသားတို့အားနှင့်အင်နှင့် ဟန့်တားကျော်လွှားဖို့ ခက်ခက်ခဲခဲကြိုးစားရသလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ယာဉ်ထိန်းရဲရှေ့ရောက်မှ လိုက်နာရသည်မျိုးမဟုတ်ဘဲ မိမိ အသိစိတ်ဓာတ်က စည်းကမ်းသိပြီး စည်းကမ်းရှိရုံမက သတိရှိနေဖို့ အမြဲလိုအပ်သည်။ ယာဉ်မောင်းသူများအနေဖြင့် ကျွမ်းကျင်မှု၊ စိတ်နှင့်ခန္ဓာကျန်းမာမှုရှိနေရန် လိုအပ်သလို မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားမှု၊ လောဘ၊ ဒေါသများ ဖိစီးလွှမ်းမိုးမှုများလည်း ကင်းရှင်းရပေမည်။

လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် လမ်းကောင်း၊ ယာဉ်ကောင်းဖို့ လိုအပ်သကဲ့သို့ စည်းကမ်းကောင်း၊ သတိကောင်းသည့် ယာဉ်မောင်းများ ကိုင်တွယ်မောင်းနှင်မည်ဆိုလျှင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

# ရွှေဟင်္သာရုပ်တုဖွင့်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့အဝင်တွင် တည်ထားသည့် ရွှေဟင်္သာရုပ်တုဖွင့်လှစ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၄ ရက်က ရုပ်တုမျက်နှာစာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မွန် ဆရာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရုပ်တုကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် ကော့ပလိုင်းဆရာတော်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ရွှေဟင်္သာရုပ်တု ပြန်လည်တပ်ဆင်ရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရွှေဟင်္သာရုပ်တုအား ဗိသုကာအင်ဂျင်နီယာအငြိမ်းစား ဦးစိုးသိန်းဦးစီး၍ တည်ဆောက်ခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၅ သိန်းကုန်ကျခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**




# ရေဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့

**ဝါးခယ်မ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာအုပ်စုမှ ရေဘေးရှောင်အိမ်ထောင်စုများအား ရွှေလောင်းနယ်မြေရဲစခန်းမှ တစ်နိုင်တစ်ပိုင် ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုကို ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေဘေးရှောင်အိမ်ခြေ ၁၁ လုံးမှ အိမ်ထောင်စု ၁၁ စုကို ရွှေလောင်းနယ်မြေရဲစခန်းမှ ရဲအုပ်ဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များက တစ်နိုင်တစ်ပိုင် ထောက်ပံ့မှုအဖြစ် အိမ်ထောင်စု တစ်စုလျှင် ခေါက်ဆွဲခြောက်ထုပ်ဆယ်ထုပ်၊ ဖူဂျီဆပ်ပြာဘူးကြီးတစ်ဘူး၊ ဆီ ၅၀ ကျပ်သားတစ်ဘူးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှမ်းသီဟ(ဝါးခယ်မ)**

# ကျောင်းကျန်းမာရေးအကြောင်းနှင့် အားကစားသရုပ်ပြပွဲကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက် အမှတ် (၇၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဩဂုတ် ၁၃ ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အားကစားသရုပ်ပြခြင်းနှင့် ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီးကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဝေလွင်က အားကစားပညာအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတိုင်း ပြည်သူ့ကျန်းမာရေး ဒုတိယဦးစီးဌာနမှူး ဒေါက်တာယုယုဝေက ကျန်းမာရေးအကြောင်း ပညာပေးဟောပြောကာကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေးနှင့် ဗီတာမင်အေဆေး တိုက်ကျွေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝူရှူး၊ ကျွမ်းဘားဆပ်ကော်မတီမှ ဝူရှူး၊ ကျွမ်းဘားကစားနည်းဖြင့် သရုပ်ပြကစားခဲ့ကြကြောင်း သိရသည်။
**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ရမည်းသင်းမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံဖြစ်မြောက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့်ပန်းခြံဖြစ်မြောက်ရေး ကော်မတီအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို ဩဂုတ် ၁၃ ရက်က ပျဉ်တပ်ရပ် ရတနာစာလွှတ်ကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံဖြစ်မြောက်ရေး လုပ်ငန်းကော်မတီနာယကဆရာတော် ဘဒ္ဒန္တသောမနနှင့် နာယကများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးထက်မြက်အောင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းထွန်း၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်အလှူရှင် ဦးမျိုးမြင့်သန်းနှင့်အဖွဲ့၊ ဖြစ်မြောက် ရေးကော်မတီအဖွဲ့ဝင်များ၊ မျိုးဆက်သစ်လူငယ်များ တက်ရောက်ကြသည်။

နောင်မျိုးဆက်သစ်လူငယ်များ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်ကို အတုယူကာ အမျိုးသားစိတ်ဓာတ် ရင့်သန်စေရန် ရည်ရွယ်၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးကြပြီး ၂၀၁၇ ခုနှစ် လွတ်လပ်ရေး နေ့အမီ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**လှိုင်သန်းတင့်(ရမည်းသင်း)**



# နမ့်ဆန်မြို့ရှိ ကျေးလက်နေပြည်သူများ
## ရွှေလီရေအားလျှပ်စစ်မီးရရှိတော့မည်

**နမ့်ဆန် ဩဂုတ် ၁၆**

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအုပ်စုငါးစုမှ ပြည်သူများသို့ ရွှေလီရေအားလျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်ရုံးက စတင်ဆောင်ရွက်နေပြီး ဩဂုတ်လ ဒုတိယပတ်က လျှပ်စစ်ဓာတ်တိုင်များ ရောက်ရှိနေပြီဖြစ်သည်။

နမ့်ဆန်မြို့နယ်၌ အသုံးပြုလျက်ရှိသောရွှေလီရေအားလျှပ်စစ်မဟာဓာတ်အားလိုင်းသည် မြို့ပေါ်(၆)ရပ်ကွက်အပြင် မြို့နှင့်ဆက်စပ်လျက်ရှိသော ကျေးရွာကိုးရွာအား ဖြန့်ဖြူးပေးလျက်ရှိပြီး ပိုလျှံသော လျှပ်စစ်ဓာတ်အားများကို ကျေးရွာအုပ်စုငါးစုသို့ နောက်ထပ် တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာများ လျှပ်စစ်မီးရရှိပါက ကျေးရွာနေပြည်သူများ၏ လူနေမှုဘဝ တိုးတက်လာမည့်အပြင် အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော လက်ဖက်ဆန်ခါချခြင်း၊ လက်ဖက်လှိမ့်ခြင်းလုပ်ငန်းများတွင်လည်း လျှပ်စစ်မီးဖြင့် အကုန်အကျသက်သာစွာဖြင့် ယခုထက်ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်တော့မည်ဖြစ်ပြီး ထင်းလောင်စာခုတ်ထွင်မှု လျော့နည်းလာသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပေါ် ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်း တင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ" ကို မြန်မာ့ခေတ်မီပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ် မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့ခေတ်မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေး မျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ရတနာနန္ဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနန္ဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရေနီမြောင်း နေခြည်နု

**ဆူးငှက်**



***ယခင်အပတ်မှအဆက်***

မြေနီလမ်းလေးနံဘေး ရေစပ်စပ်တွင် ဗေဒါပင်လေးတွေ၊ မှိုနတိုပင်လေးတွေ၊ မြင်းခွာရွက်ပင်လေးတွေ စုဝေးနေကြသည်။ မြက်ဖျားများမှာတော့ နှင်းတွေသီးနေပြန်ပေါ့။ ဆည်တော်ကြီးမှ လွှတ်လိုက်သောရေက ရေနီမြောင်းထဲတွင် ဖောင်းလန်နေသည်။ ရေမျက်နှာပြင်လှိုင်းတွန့်လေးတွေက ရေငွေ့လူလူလေးတွေကို လူပ်ရမ်းပေးနေပေ့ါ။ ရေစစ်ကန်ဆီဝင်သော မြောင်းထဲ ရေနီမြောင်းရေက ပွှန်တစ်လုံး ရေတံခါးမှတစ်ဆင့် တဝေါဝေါ စီးဆင်းနေသည်။ မကြာပါချေ၊ ယဉ်ပျံ့ဘူတာဆီက အက်ကွဲကွဲ ဥဩသံပေးကာ မြို့ပတ်ရထား ထွက်ခွာလာသံ ကြားရ၏။

အား... ၆ နာရီကျော်ပြီပေါ့။ တကယ်တော့ သည်မီးရထားကို မြို့ပတ်ရထားဟုသာ ခပ်လွယ်လွယ် ခေါ်နေကြသည်။ မြို့ပတ်ရထားမဟုတ်၊ မတ္တရာရထားဖြစ်၏။ မနက်လင်းလျှင် သိုးခြံဘူတာလေးက ထွက်ခွာလာပြီး သူရဲဈေးဘူတာဝင်သည်။ ဒါက အရှေ့မြို့ပတ်ရထားလမ်း။ အနောက်မြို့ပတ်ရထားလမ်းကတော့ ဖျက်သိမ်းလိုက်ပါပြီ ထားတော့။ သူရဲဈေးဘူတာရောက်တော့ သူရဲဈေးနှင့် မတ္တရာကို ယခင်မီးရထားလမ်းဟောင်းအတိုင်း ခေါက်ပြန်ပြေးဆွဲနေခြင်းဖြစ်သည်။ ညနေရောက်တော့ သူရဲဈေးဘူတာလေးမှသည် မြို့ပတ်ရထားလမ်းအတိုင်း သိုးခြံဘူတာသို့ပြန်ကာ ညအိပ်ခြင်းဖြစ်သည်။ ထို့ကြောင့် သည်ရထားသည် ရေနီမြောင်းပေါင်သို့ မနက် ၆ နာရီကျော်လျှင် တောင်မှမြောက်သို့ တစ်ခါသွားသည်။ ညနေ ၆ နာရီခွဲလျှင် မြောက်မှတောင်သို့ တစ်ခါပြန်သည်။ ထို့ကြောင့် မီးရထားဥဩသံနှင့် ဂျုံးဂျုံး ဂျက်ဂျက် မီးရထားခုတ်မောင်းသံများကို ဆိတ်ငြိမ်နေရာလေးဆီမှာ တစ်နေ့နှစ်ခါ ကြားနေရပြန်သေး၏။

ရေနီမြောင်းပေါင်တစ်လျှောက် မြို့ပတ်ရထားခုတ်မောင်းသွားနေစဉ်မှာပင် လမ်းနံဘေးတိုက်ကြီး၊ ခြံကြီးများက ဝင်းပေါက်များတွင်ထွက်ကာ ဆွမ်းလောင်းနေကြပြီဖြစ်၏။ ဆွမ်းခံကိုယ်တော်များကား နံနက်ခင်းနေခြည်နုတွင် ဝင်းဝါ သပ္ပာယ်လှသည်။ သည်နားမှာ သရက်ကုန်းကျောင်းတိုက်၊ ဓမ္မစကြာရိပ်သာကျောင်းတိုက်သာမက မြို့အရှေ့ဘက်မျက်နှာ ဦးထိပ်တံခါးအထွက် နန်းတော်ရှေ့ ဈေးအနောက်ဘက်ရှိ မဟာဝိသုကာရာမတိုက်၊ မဟာတုလ္လတ်ဘုံစံကျောင်း(တိုက်တော်)ရှိသည်။ ၆၂ လမ်းပေါ်တွင် အတုမရှိကျောင်းတိုက်၊ မင်္ဂလာရာမ မောင်းထောင်တိုက်၊ မဟာဝိဇယာရာမ ခင်မကန် တိုက်၊ သဒ္ဒမ္မ ဇောတိကာရာမ တကောင်တိုက်၊ မဟာဝိသုဒ္ဓါရာမ အင်းခန်းတိုက်၊ ဝိစိတ္တာရာမ မာန်အောင်တိုက်၊ ဆင်တဲတိုက်၊ လယ်ကိုင်းတိုက် စသည်ဖြင့် ရှိသည်မဟုတ်ပါလော။ ထို့ကြောင့် များပြားလှသည့်အပြင် ကြီးမားလှသည့် ဘုန်းကြီးကျောင်းတိုက်ကြီးများ၏ ဂေါစရဂါမ်က ယခုလို အစွန်အဖျားရေနီမြောင်းပေါင်အထိကျယ်ပြန့်လာခြင်းဖြစ်၏။

မြို့ပတ်ရထားက ဥဩတွင်တွင်ဆွဲကာ ဖြတ်အမောင်း၊ ရဟန်းသံဃာတော်များ ဆွမ်းခံအကြွ၊ အရှေ့ဆီမှ နေခြည်သည် ရေနီမြောင်းပေါ်၊ ရတနာပုံလမ်းပေါ်၊ နှင်းဆီခင်းတွေပေါ်၊ သပြေရွက်နုလေးတွေပေါ်၊ မြက်ခင်းစိမ်းစိမ်းပေါ်အထိ ဖြန့်ကြက်လာချေပြီ။ ထိုအခါ ရန်ကင်းတောင်ခြေမှ၊ ရေထွက်မှ၊ ပုသိမ်ကြီးမြို့မှ၊ ကျည်ကုန်းမြို့သာကုန်းမှ၊ နန်းဦးလွင်မှ မန္တလေးဆီသို့ အလုပ်ဝင်ရန် လာကြသည့် စက်ဘီးအုပ်ကြီးများက အရှိန်ရလာကာ နန်းရှေ့၁၉ လမ်းပေါ်မှာ ပွင့်အံ့ထွက်လာကာ ရေနီမြောင်းဘေး လမ်းသွယ်လေးဆီအထိ ဖြန့်ဆင်းလာနေပြီ။

ကျွန်တော်သည် ပွှန်တစ်လုံး သစ်သားတံတားလေးမှ ထွက်လာကာ ရတနာပုံလမ်းကလေးပေါ်အရောက် တဝေါဝေါဖြတ်သွားသော မြို့ပတ်ရထားကို ထုံးစံအတိုင်း တွဲတွေရေမှတ်ကြည့်ပြီး ခြောက်တွဲမြောက် ရထားတွဲဆုံးသွားမှ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရင်း ရေနီမြောင်းကမ်းစပ်မှ တည်ပင်ကလေးဆီ ငေးမောကြည့်နေမိပါ၏။ သည်တည်ပင်လေးက နှစ်သက်တမ်းရင့်ပေမယ့် ကျစ်မြေကြောင့် ဖွံ့ထွားမှုက မသိသာလှ။ သို့မဟုတ် ကိုယ့်မျက်စိမှာကိုက သည်တည်ပင်ကလေးကို မကြီးထွား၊ မအိုမင်းစေချင်တာလည်း ဖြစ်မှာပါ။ သည်တည်ပင်ကလေး ကြီးရင့်သွားပြီဟု မှတ်ယူလျှင် ကိုယ့်အသက်ကလည်း ထပ်တူတပ်မျှကြီးရင့်သွားပြီဟူသော အသိကို ဖုံးဖိလိုခြင်းကြောင့်လည်း ဖြစ်ပါ၏။ တည်ပင်လေးနှင့် ကျွန်တော်က တစ်စုံတစ်ရာ ဇာတ်လမ်းရှိသည် ဆိုပါစို့ ။

လွန်ခဲ့သော နှစ် ၂၀ ကျော် လူပျိုပေါက်အချိန်ကဟု ပြောရပေမည်။

နန်းရှေ့ရေနီမြောင်းပေါင်သည် ပီဘိလယ်တောဖြစ်ပါ၏။ အရှေ့ကျုံးလမ်းအတိုင်း ပန်တျာကျောင်းရောက်တော့ ကျုံးရေသွင်းမြောင်းနှင့်ယှဉ်ကာ အရှေ့ဆီသို့ ခပ်ကြမ်းကြမ်းမြေလမ်းလေးအတိုင်း တက်သွားကြရသည်။ ၆၂ လမ်းကျော်သည်နှင့် အရှေ့ဘက်မှာ အိမ်ခြေမရှိဘဲ လယ်တောသက်သက်ဖြစ်သွားသည်။ ဓမ္မစကြာရိပ်သာက လူနေအိမ်များနှင့် ဝေးကွာစွာ သီးခြား ဖြစ်နေ၏။ ရိပ်သာအရှေ့ဘက်က လယ်ကွင်းပြင်၊ ဟိုရန်ကင်းတောင်ခြေအထိ ဆိုပါတော့။ ၆၂ လမ်းအကျော်စမှာတော့ ရေသွင်းမြောင်း၏ တောင်ဘက်မှာ တစ်ထပ်တိုက်လုလုလေးတစ်လုံးစ နှစ်လုံးစတော့ရှိနေပါပြီ။ သည်အရှေ့ဘက်က လယ်ကွင်း။

လူပျိုပေါက် စိတ်ကစားစအရွယ်မို့ ရည်းစားလေးတစ်ယောက်အား အေးဆေးလွတ်လပ်စွာ စကားပြောဖို့ ချိန်းဆိုလိုက်ပြီး သူနှင့်အတူ စက်ဘီးတစ်စီးဖြင့် ရေသွင်းမြောင်းကလေးအတိုင်း အရှေ့ဘက်တက်ကာ လယ်ကွင်းတွေအလယ်က ရေနီမြောင်းပေါင်ပေါ် ဦးတည်လိုက်ကြသည်။သူစီးလာသော စက်ဘီးလေးအား သူ့သူငယ်ချင်းထံအပ်ထားခဲ့ပြီး အရှေ့ကျုံးထောင့်ရောက်ကတည်းက ကိုယ့်စက်ဘီးနောက်မှာထိုင်ကာ ကိုယ်ခေါ်ရာလိုက်လာတော့ သင်းမြမြ သနပ်ခါးရနံ့လေးကိုပင် မခံစားနိုင်တော့ဘဲ ရင်တွေခုန်လှပေ့ါ ။ စက်ဘီးပေါ်ပါလာကတည်းက သူ့မိသားစုအကြောင်းတွေ စီကာပတ်ကုံးပြောပြ၊ ကိုယ်ကလည်း စကားမရှိ စကားရှာ ကိုယ့်မိသားစုအကြောင်း ပြောပြ၊ ကိုယ်ပေးသောစာတွေအကြောင်းပြော၊ စာတွေဖွက်ထားသည့်နေရာပြော၊ သူ့ညီမလေးရိပ်မိသည့်အကြောင်းပြော၊ သည်လိုနှင့် ရေသွင်းမြောင်းပေါင်အတိုင်း အရှေ့ဆီတက်ကာ ၆၂ လမ်းအထိ သမီးရည်းစားဘဝ၏ ကြည်နူးဖွယ်စကားလုံးလေးတွေမှာပဲ ယစ်မူးကြည်နူးနေမိတော့၏။

သည်လိုနှင့် ၆၂ လမ်းအကျော် အရှေ့ဆက်အတက်မှာ ဆောက်ပြီးစတစ်ထပ်တိုက်သစ်ကလေးမြင်တော့ သူက "နင်နဲ့တို့ယူပြီးကြလို့ရှိရင် အခုလို တိုက်လုလုလေးမှာ နေကြရအောင်နော်"တဲ့။ သူကတော့ သမီးရည်းစားဘာသာဘာဝ စိတ်ကူးယဉ် စကားလုလုလေးကို ပြောမိတာပဲပေ့ါ။ သို့သော် မိမိမှာက မိဘကိုယ်တိုင် အိမ်ပိုင်ယာပိုင်မရှိဘဲ သူများဝင်းခြံတွင် ကပ်ရပ်နေရကာ သီးခြား ကိုယ်ပိုင်ခွဲထွက်နိုင်စွမ်း စီးပွားရေးအင်အား မရှိ။ မိမိအဖို့မှာမူ ကျောင်းလည်းမပြီး၊ အလုပ်မရှိ အကိုင်မရှိ၊ မိဘဆီ လက်ဝါးဖြန့် မုန့်ဖိုးတောင်းနေရသူ။ စက်ဘီးလေးနောက်က ထိုင်လိုက်ကာ သူ့ကိုယ်လုံးလေးနှင့် ဖိကပ်ထားပြီး ချစ်စဖွယ်ကြည်နူးစဖွယ် စကားလေးတွေ ပြောဆိုနေသော ချစ်သူဆိုသူ၏ နှုတ်ဖျားက "တိုက်လုလုလေး" ဟူသောစကားကြောင့် မိမိမှာ ရုတ်ခြည်း လန့်ဖျပ်ကာ ဆောက်တည်ရာမရ ဖြစ်သွားပြီး ကြည်နူးရွှင်ပျမှု အားလုံးမှာလည်း ရုတ်ခြည်း အရည်ပျော်၍ သွားတော့၏။ အသံတွေ တုန်လာသည်၊ လက်ဖျားတွေ အေးလာသည်။ ပြောစရာစကားတွေ ရှာမရ။ ပွှန်တစ်လုံးအရောက် စက်ဘီးကလေးကို ထောက်ပြီး မြောင်းပေါင်ပေါ်မှ တည်ပင်ရိပ်လေးအောက် နှစ်ယောက်ထိုင်တော့လည်း သူ့မျက်နှာ ရဲရဲမကြည့်ဝံ့တော့။ ဗလာစာအုပ်လေးထဲက စာရွက်လွှတ်လေးတွေ ဆွဲဖြတ်ပြီး အပင်ခြေရင်းခင်းပေးကာ နှစ်ယောက်တွဲထိုင်တော့ မိမိမှာ အေးစက်တောင့်တင်းနေ၏။ ကိုယ်လုံးလေးဖိကပ်ကာ ကိုယ့်လက်လေးပေါ် သူ့လက်အုပ်ကိုင်လိုက်တော့လည်း အေးစက်ကာချွေးစေးပြန်နေသော အတွေ့အထိကြောင့် သူလည်းအံ့အားသင့်နေ၏။ ကွင်းပြင်ကို ဖြတ်တိုက်လာသောလေကြောင့် သူ့ဆံပင်လေးတွေက ကိုယ့်နားပေါ် ကိုယ့်ပါးပေါ် ကလူနေတာလည်း မကြည်နူးနိုင်၊ သူ့ဆီက သနပ်ခါးရနံ့လေးလည်းမခံစားနိုင် ။

တစ်ချိန်က စိတ်ကူးယဉ်ကာ အခုလို လွတ်လပ်စိမ်းစိုနေရာမှာ ချစ်သူနှင့် တွေ့ဆုံပါက-

**"သူ့ပါးလေးနွေး**
**ကိုယ့်ပါးနွေးတယ်။**
**ဆံနွယ်မျှင်လှိုင်း**
**ရစ်သိုင်းပိုက်ထွေး**
**ချွေးစေးပြန်**
**တိုးသံသဲ့သဲ့**
**မခွဲဘူး မခွဲဘူး**
**ကဲလွန်းသူရယ်**
**မွှန်းလှပြီတဲ့** "ဟု ရေးစပ်ခဲ့မိသော ကဗျာလေးတစ်ပုဒ်ကိုလည်း သတိမရနိုင်တော့။

"အတူနေကြရရင် တိုက်အိမ်ကလေး လုလုတဲ့၊ တိုက်အိမ်လေးလုလုတဲ့ "ထိုစကားလုံးများက ကြည်နူးမှုအားလုံးသာမက နုနယ်ငယ်ရွယ်သူ၏ နှလုံးသားမှ ပေါက်ဖွားလာသည့် ရိုးသားသည့်အချစ်ဆိုသော အရာကိုပင် ဖျက်ဆီးလိုက်ပါရောလား။

ဤသို့ဖြင့် ဇာတ်ဝင်ခန်းသည် ဆွတ်ပျံ့မှုမရှိဘဲ အေးစက်မာကျောကာ " ပြန်ကြစို့ "ဆိုသောစကားဖြင့် ခဏငယ်အချိန်ကို ကလနားသတ်လိုက်တော့ သူကကိုယ့်ကို နားမလည်သလိုကြည့်ပြီး ဒေါသမျက်ရည်ဝိုင်းနေ၏။ သည်အဖြစ်အပျက်က ဘဝမှာ အမာရွတ်တစ်ခုပမာမို့ ဇာတ်ပို့ "တည်ပင်" လေးကို မေ့မရနိုင်ခဲ့ပါချေ ။

ဩော် ..ဖြစ်ချင်တော့ ထိုမေ့မရသည့်တည်ပင်လေး အနားမှသည် မနက်လင်းလျှင် သားနှစ်ယောက်အတွက် မနက်စောစာ မုန့်လေးတွေသွားဝယ်ပေးနေရသူ ဖြစ်နေပါကောလား။

သို့သော် တည်ပင်ကလေးကိုလည်း မအိုမင်းစေချင်ပါ။ လွန်ခဲ့သည့်နှစ် ၂၀ ကလိုပဲ နုပျိုစေချင်သေးတာပေါ့။

***("ရတနာနန္ဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## ဘားအံမြို့တွင် ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် FOOTBALL UNITED တို့မှပူးပေါင်း အကောင်အထည်ဖော်မည့် ဘောလုံးအားကစားအခြေပြု ရပ်ရွာလူထုအတွင်းပေါင်းစည်းညီညွတ်စေလိုသော စသည့်ရည်ရွယ်ချက်များဖြင့် ဘားအံမြို့ပေါ်အခြေခံပညာအထက်တန်းကျောင်း ၅ ကျောင်းမှ အမျိုးသားသက်ငယ်တန်း၊ အမျိုးသား သက်ကြီးတန်းနှင့် အမျိုးသမီးဘောလုံးအသင်းများ ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက်က ဘားအံမြို့ ဇွဲကပင် အဆင့်မြင့် အားကစားကွင်း၌ကျင်းပသည်။



ဘောလုံးပြိုင်ပွဲတွင် အမျိုးသားသက်ငယ်တန်းတွင် ငါးတန်းနှင့် ခြောက်တန်းမှအသင်း ငါးသင်း၊ အမျိုးသား သက်ကြီးတန်းတွင် ခုနစ်တန်းမှ အသင်း၁၀ သင်း၊ အမျိုးသမီးဘောလုံးအသင်းတွင် ငါးတန်း၊ ခြောက်တန်းနှင့် ခုနစ်တန်းတို့မှ အသင်းငါးသင်းတို့သည် နံနက်ပိုင်းမှ စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးဘောလုံးအသင်း ပထမဆု၊ဒုတိယဆု၊ အမျိုးသား သက်ငယ်တန်း ပထမဆု ၊ ဒုတိယဆု၊ အမျိုးသားသက်ကြီးတန်း ပထမဆု၊ ဒုတိယဆုနှင့် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရ ကျောင်းအတွက်ဆုများကို ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးအေးလွင်နှင့် ဆရာဆရာမများက ဆုများချီးမြှင့်ပေးခဲ့ကြောင်းနှင့် ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း ကော့ကရိတ်မြို့တွင် နှစ်ကျောင်းနှင့် မြဝတီမြို့ ရွှေကုက္ကိုမြို့တွင် တစ်ကျောင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်**

## ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဗန်းမော် ဩဂုတ် ၁၆**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးဆက်သစ် လူငယ်အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အသက် ၂၁ နှစ်နှင့်အောက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပေးပွဲကို ဩဂုတ် ၁၄ ရက်က ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာန ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ဟန်းတဲ(က)အသင်းနှင့် ခွန်သာ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ခွန်သာ(က) ဘောလုံးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲကျင်းပခဲ့ရာ ရပ်မိရပ်ဖ ဦးလှရွှေက ဒုတိယဆုရရှိသော ဟန်းတဲ(က)အသင်းအား ဆုငွေ သုံးသိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များပေးအပ်ခဲ့၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး ရှေ့တန်းဆု၊ အလယ်တန်းဆု၊ နောက်တန်းဆု၊ အကောင်းဆုံးဘောလုံးသမားဆုတို့အား ပေးအပ်ခဲ့ကြပြီး ပထမဆုရရှိသော ခွန်သာ(က) အသင်းကို ဆုငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဒိုင်းဆုကြီးအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် အများပြည်သူများဆိုင်ကယ်မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုထူး ဦးဆောင်သောအဖွဲ့နှင့် မြန်မာ့အာမခံလုပ်ငန်းအဖွဲ့တို့က ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက အမှတ်(၂)ရပ်ကွက် ပြည်လုံးချမ်းသာ ဘုရားကြီးအတွင်း၌ ဆိုင်ကယ်စီးလိုင်စင် လာရောက်ပြုလုပ်ကြသော ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများအကြောင်း အသိပညာပေး ဟောပြောပွဲများပြုလုပ်ပြီး ဆိုင်ကယ်စီး ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ပေးစဉ်။**
ပေါက်စ(မင်းလှ)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီရွေးချယ်ရန် စည်းဝေး

**ဗန်းမော် ဩဂုတ် ၁၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ မဏိသြဂကျေးရွာအုပ်စု မဏိသြဂ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစည်းအဝေးပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက် ဆောင်ရွက်နိုင်မှုလုပ်ငန်းများ၊ ကျေးရွာအဆင့် ဆောင်ရွက်ရမှုလုပ်ငန်းစဉ်များနှင့် ကျေးရွာအဆင့် ကော်မတီဝင်များ၏ လုပ်ငန်း တာဝန်များကို ရှင်းလင်းပြောကြားသည်။



မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် မဏိသြဂကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျေးရွာသူ ကျေးရွာသားများ၏ဆန္ဒမဲဖြင့် ကော်မတီဝင်များအား ရွေးချယ်၍ မြစိမ်းရောင် ကော်မတီဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**


## စဉ့်ကူးမြို့နယ်တွင် မိုးစပါးဧက ၂၂၂၅၇ ဧက စိုက်ပျိုးသွားမည်

**စဉ့်ကူး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ယခုနှစ် ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီတွင် မိုးစပါး လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ စဉ့်ကူးမြို့နယ်တွင် မိုးရွာသွန်းမှု ကောင်းမွန်လာခြင်းတို့ကြောင့် ရေတော်၊ မိုးတော် မိုးစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးကောင်းသောက် မိုးစပါး ၇၈၅၈ ဧက၊ ဆည်ရေသောက်မိုးစပါး ၅၇၅၅ ဧကနှင့် ထွန်ဇံကြဲမိုးစပါး ၈၆၄၄ ဧက စုစုပေါင်း မိုးစပါး ၂၂၂၅၇ ဧကစိုက်ပျိုးသွားရန်ရှိသော်လည်း ယခုအခါ ဆည်ရေလည်းအပြည့်၊ မိုးလည်းကောင်းသည့်အတွက် ဆည်ရေနှင့် မိုးကောင်းသောက်လယ်များအတွက် အပြည့်အဝစိုက်ပျိုးနိုင်မည်ဖြစ်သော်လည်း ထွန်ဇံစပါးခင်းများအနေဖြင့် ရေကြီးရေလျှံမှုဖြစ်စဉ်တို့ကြောင့် ရေမျောပါ နစ်မြုပ်မှုများရှိခဲ့သဖြင့် မြစ်ရေဝင်ကျွန်းပိုင်း တောင်သူများအတွက် ဝမ်းစာရေး၊ နွားစာပါ အခက်အခဲများရှိလာနိုင်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**



**မိုးရာသီအထိမ်းအမှတ် ပန်းချီပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ Mandalay Hill Art Gallery ၌ ဩဂုတ် ၁၄ မှ ၁၈ ရက်အတွင်း နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပရာ ပန်းချီ ပညာစိတ်ပါဝင် စားသူများ လာရောက်ကြည့်ရှုကြစဉ်။**
တင်မောင်(မန်းကိုယ်ပွား)

## အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး ကျေးရွာဆိုလာမီး တပ်ဆင်

**မြောက်ဦး ဩဂုတ် ၁၆**

မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း (National Electrification Project)ဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း၌ရှိသော ကျေးရွာ ၂၈ ရွာတွင် ဆိုလာမီးယူနစ် စုစုပေါင်း ၃၄၆၄ ယူနစ်ကို ပြည်သူအချိုးကျထည့်ဝင်ငွေနှင့် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးအရာရှိ ဦးနိုင်လင်းထွန်းထံမှသိရသည်။

**အောင်လှဖြူ**

## မြို့ပေါ်ရပ်ကွက်ရှိ ငါးနှစ်အောက်ကလေးငယ်များအား သံချဆေးများတိုက်ကျွေး

**ငဖဲ ဩဂုတ် ၁၆**

မင်းဘူးခရိုင် ငဖဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် ဩဂုတ်လဒုတိယပတ်က ဗီတာမင်အေ(အပြာ)တစ်သိန်းအား ခြောက်လမှ တစ်နှစ်အထိကလေးများနှင့် ဗီတာမင်အေ(အနီ)နှစ်သိန်းအား တစ်နှစ်မှငါးနှစ်အထိ ကလေးများကို တိုက်ကျွေးပေးကြပြီး နှစ်နှစ်မှ ငါးနှစ်အထိကလေးများအား သံချဆေးများတိုက်ကျွေးပေးကြောင်း သိရသည်။

ထိုသို့ကလေးငယ်များအား ဗီတာမင်အေ(အပြာ)နှင့်(အနီ)တိုက်ကျွေးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကြက်မျက်သင့်ရောဂါများကာကွယ်နိုင်ပြီး ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေခြင်း၊ သံချဆေးများတိုက်ကျွေးခြင်းကြောင့် သန်ကောင်ရောဂါ၊ သွေးအားနည်းရောဂါများကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ယင်းသို့ ပြုလုပ်ရာတွင် မြို့ပေါ် ၂ရပ်ကွက်ရှိကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ဆေးတိုက်ခြင်းများကို စုစုပေါင်းကလေးဦးရေ ၃၀၇ဦးအား ဆေးတိုက်ကျွေးပေးခဲ့ကြောင်းသိရပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း တစ်ပြိုင်နက်ပြုလုပ် တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မိုးစပါး မျိုးသန့်မျိုးပွား တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်

**ပုသိမ်ကြီး ဩဂုတ် ၁၆**

မိုးစပါး စိုက်ပျိုးရန် မျိုးသန့်၊ မျိုးပွားဧက ၅၀ စံပြကွက်အတွက် တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက်က ပုသိမ်ကြီးမြို့ငြိမ်းချမ်းသာစံကျေးရွာအုပ်စု မြနန္ဒာရှေ့တန်းစခန်း၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မြင့်ဇော်က အမှာစကားပြောကြားပြီး ကွင်းအမှတ် (၄၄၉/က) ဧက ၅၀ စံပြကွက် မိုးစပါး စိုက်ပျိုးနိုင်ရန် တောင်သူ ၂၀ အား ရွေးသွယ်ရင် မျိုးသန့်စပါးအိတ် တစ်အိတ်စီနှင့် ဓာတ်မြေသြဇာတစ်အိတ်စီ အခမဲ့ပေးအပ်သည်။ ထို့နောက် စပါးအထွက်တိုးကောင်းစေရန် နည်းစနစ်၊ ဓာတ်မြေသြဇာသုံးစွဲပုံနည်းစနစ်များနှင့် ဆေးဝါးများအန္တရာယ်အသုံးပြုပုံများအား ဆက်လက်ပို့ချပေးကြောင်း သိရသည်။ **အောင်ကျော်ထွန်း(မင်္ဂလာတောင်ညွန့်)**

# အစားအသောက်သိပ္ပံနှင့် နည်းပညာ

**ဒေါက်တာမျိုးကြွယ်(AUAA)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးမူဝါဒ အမှတ်စဉ်(၃)တွင် 'ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူသား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်' ဟု ပါရှိပါသည်။ နိုင်ငံတော်အတွက် ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူသားအရင်းအမြစ်များနှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၏ လုပ်ဆောင်ချက်အချို့ကို တင်ပြလိုပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ အဓိကဌာနကြီး ခုနစ်ခုဖြစ်သည့် လယ်ယာသီးနှံပညာဌာန၊ အပင်မွေးမြူရေး ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန၊ မြေဆီလွှာနှင့် ရေသိပ္ပံဌာန၊ အပင်ရောဂါဗေဒဌာန၊ ကိမိလနှင့် သတ္တဗေဒဌာန၊ ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေး ဇီဝနည်းပညာဌာန၊ စိုက်ပျိုးစီးပွားပညာဌာနတို့မှ အထူးပြု ကျောင်းသားကျောင်းသူများကို ဘွဲ့ကြို၊ ဘွဲ့လွန်(မဟာသိပ္ပံ၊ ပါရဂူဘွဲ့) သင်တန်းများမှ တစ်ဆင့် နှစ်စဉ်မွေးထုတ်ပေးလျက်ရှိနေပါသည်။

သို့သော် စိုက်ပျိုးရေးနှင့်ပတ်သက်သော ဘာသာရပ်များ၊ ဥပမာ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ကျေးလက်လူမှုဗေဒနှင့် တောင်သူပညာပေးလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာ၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေးမိုးလေဝသ၊ စားကျက်သိပ္ပံပညာ စသည်ဖြင့် ကျွမ်းကျင်ပညာရှင်များ မြန်မာနိုင်ငံအတွက် မွေးထုတ်ပေးရန် လိုပါဦးမည်။

အစားအသောက်သိပ္ပံနှင့် နည်းပညာ ဘာသာရပ်နှင့် ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စတင် အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်ပါသည်။ ကိုရီးယားနိုင်ငံ ကွန်ဂျူးအမျိုးသားတက္ကသိုလ် (Kongju National University)မှ ပါမောက္ခ ဒေါက်တာယူဂျီဟောင်က အစားအသောက်သိပ္ပံနှင့် နည်းပညာသင်တန်းကို ယခုနှစ် ဇွန်လတွင် ပို့ချခဲ့ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဌာနအသီးသီးမှ ဆရာ ဆရာမများ တက်ရောက်သင်ကြားခဲ့ပါသည်။ သင်တန်းတွင်ပို့ချသော ဘာသာရပ်များမှာ အစားအသောက်များ ချက်လုပ်ခြင်းနည်းပညာနှင့် အသုံးချပုံများ၊ အချဉ်ဖောက်ခြင်းနည်းဖြင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်း၊ အစားအသောက်နှင့် ကျန်းမာရေး၊ နှံစားသီးနှံနှင့် ဘေးထွက်အစားအသောက် ပစ္စည်းများ၊ ဥယျာဉ်ခြံသီးနှံများမှ စားသောက်ကုန်အဖြစ်သို့ ပြုပြင်မွမ်းမံခြင်းနည်းပညာ ဘာသာရပ်များဖြစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပြသပေးပါသည်။

ဥရောပနိုင်ငံများရှိ တက္ကသိုလ်များ၏ စီမံကိန်းဖြစ်သည့် NutriSEA အရှေ့တောင် အာရှနိုင်ငံများ အစားအသောက်သိပ္ပံဌာန တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် သင်တန်းပေးရေး စီမံကိန်းအရ ပူးတွဲသုတေသနပြုလုပ်မည့် တက္ကသိုလ်များနှင့်အတူ ဤဘာသာရပ်ကို သင်ကြားနိုင်ရန် ၂၀၁၆ ခုနှစ်မှ စတင်လုပ်ဆောင်နေပါသည်။ ဥရောပနိုင်ငံများမှ မိတ်ဖက်တက္ကသိုလ်များမှာ ဘယ်လ်ဂျီယံမှ Ghent University၊ ပြင်သစ်မှ University of Toulouse၊ ဂျာမနီမှ University of Gottingen၊ နယ်သာလန်မှ Wageningen University၊ ပေါ်တူဂီမှ University of Porto၊ ဟန်ဂေရီမှ Campden BRI တို့ဖြစ်ပြီး အာရှနိုင်ငံများမှ မိတ်ဖက်တက္ကသိုလ်များမှာ ကမ္ဘောဒီးယားမှ Royal University of Agriculture နှင့် Chea Sim University၊ ဗီယက်နမ်မှ Hue University နှင့် Hanoi University of Science and Technology၊ မြန်မာနိုင်ငံမှ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ ဖြစ်ကြပါသည်။

ကိုရီးယားနိုင်ငံ ကွန်ဂျူးအမျိုးသားတက္ကသိုလ်တွင် အစားအစာနှင့် သိပ္ပံနည်းပညာဌာနမှ နှစ်အလိုက် သင်ကြားပေးနေသော ဘာသာရပ်များမှာ ပထမနှစ်တွင် အစားအစာသိပ္ပံဆိုင်ရာ အခြေခံသဘောတရားများ၊ အစားအစာ အဏုဇီဝဗေဒ၊ အစားအစာ ဩဂဲနစ် ဓာတုဗေဒ၊ အစားအစာသိပ္ပံနှင့် စက်မှုလုပ်ငန်းစသည့် ဘာသာရပ်များနှင့် အထောက်အကူပြု ဘာသာရပ်များ သင်ကြားပြီး ဒုတိယနှစ်တွင် အစားအစာ ဓာတုဗေဒ၊ အစားအစာ ပြုပြင်ထုတ်လုပ်ခြင်း၊ အစားအစာ ရူပဗေဒ၊ အချဉ်ဖောက်ခြင်းနည်းပညာ၊ နှံစားသီးနှံ ပြုပြင်ထုတ်လုပ်ခြင်း၊ အင်ဂျင်နီယာဘာသာ၊ ဇီဝဓာတုဗေဒနှင့် အထောက်အကူပြု ဘာသာရပ်များ သင်ကြားပေးပါသည်။ တတိယနှစ်တွင် အစားအစာ ဇီဝနည်းပညာ၊ အင်ဇိုင်းများ အသုံးချနည်းပညာ၊ အစားအစာအရည်အသွေးထိန်းချုပ်ခြင်း၊ အစားအစာဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်နှင့် အထောက်အကူပြု ဘာသာရပ်များ သင်ကြားပေးပါသည်။ နောက်ဆုံးနှစ်တွင် အစားအစာသန့်ရှင်းရေး၊ အစားအစာ ကြာရှည်အထားခံရန် ပြုလုပ်ခြင်း၊ အစားအစာများ စစ်ဆေးနည်း ဓာတ်ခွဲခန်းဘာသာ၊ စားသုံးနိုင်သော ဆီနှင့် အဆီများ၊ အစားအစာ ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲခြင်းပညာ၊ အစားအစာများ စနစ်တကျ ထုပ်ပိုးပြုပြင်ခြင်းနှင့် အထောက်အကူပြု စာတွေ့၊ လက်တွေ့၊ ဓာတ်ခွဲခန်းများနှင့် ကွင်းဆင်းလေ့လာခြင်းဘာသာရပ်များ သင်ကြားပေးပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်နိုင်ငံ JICA-TCP အစီအစဉ်အရလည်းကောင်း၊ ကိုရီးယားနိုင်ငံ Mokpo National University နှင့်လည်းကောင်း၊ ထိုနိုင်ငံများမှ တက္ကသိုလ်များ၏ ကူညီမှုဖြင့် အစားအစာ သိပ္ပံနှင့် နည်းပညာဌာနတည်ထောင်ရေးစီမံကိန်း ပြုလုပ်မည်ဖြစ်ပါသည်။ မျှော်မှန်းချက်မှာ အစားအစာသိပ္ပံနှင့် နည်းပညာဌာန တည်ထောင်ပြီး ပို၍ကျန်းမာသော၊ ပို၍ အရသာရှိသော၊ ပို၍ စိတ်ချလုံခြုံစေသော အစားအစာထုတ်လုပ်သည့် နည်းပညာများကို ကျောင်းသားကျောင်းသူများအား သင်ကြားပို့ချပေးနိုင်ရေး ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အစားအစာသိပ္ပံနှင့် နည်းပညာဌာန တည်ထောင်ရန်၊ အစားအစာ အဏုဇီဝဓာတ်ခွဲခန်း တည်ထောင်နိုင်ရန်၊ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ အမယ်သစ်များ ထုတ်လုပ်နိုင်ရန်နှင့် အစားအစာထုတ်လုပ်သည့် သိပ္ပံနည်းကျ နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေးတို့ ဖြစ်ပါသည်။

ကျွန်တော်တို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မဟာသိပ္ပံ၊ ပါရဂူဘွဲ့ရ ကျွမ်းကျင်သော ဆရာ၊ ဆရာမများဖြစ်ရန် ဤဘာသာရပ်နှင့် ပတ်သက်၍ အောင်မြင်ကျော်ကြားလျက်ရှိသော နိုင်ငံတကာတက္ကသိုလ်များသို့ ပညာသင်စေလွှတ်၍ ပြန်ရောက်လာပါက အစားအစာသိပ္ပံနှင့် နည်းပညာ အထူးပြုဘွဲ့နှင့် အစားအစာသိပ္ပံနှင့် နည်းပညာဌာန စတင်တည်ထောင်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း တင်ပြလိုက်ပါသည်။ ။



အစားအသောက်နည်းပညာသင်တန်းပို့ချရာတွင် အသုံးပြုသည့် ကိရိယာများ

## ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သေဆုံးသွားခဲ့သူ၏မိခင်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ သွားရောက်တွေ့ဆုံအားပေး

**ဒလ ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နာ၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအတွင်း ဆောက်လုပ်လျက်ရှိသော ငါးထပ်တိုးချဲ့ဆောင် တည်ဆောက်မှုလုပ်ငန်းခွင်တွင် သေဆုံးခဲ့သည့် အလုပ်သမား၏ မိခင်ကြီးအား ၄င်းနေထိုင်ရာ ဒလမြို့နယ် နေအိမ်သို့ တာမွေမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၄ ရက်တွင် သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သေဆုံးသူ၏မိခင်နေထိုင်ရာ အုံ့ကြီးအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်က "တာမွေမြို့နယ်က အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရွှေ၊ ဆေးရုံအုပ်ကြီးနဲ့ ကုမ္ပဏီကတာဝန်ရှိသူများ အဖွဲ့ပါ။ အဲဒီတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သေဆုံးသွားတဲ့ ဆောက်လုပ်ရေးလုပ်သားထွန်းလင်းနောင်ရဲ့မိခင်ဒေါ်ခင်စိန်နဲ့ မောင်နှမသားချင်းတွေကို လာပြီး တွေ့ဆုံအားပေးသွားပါတယ်"ဟု ပြောသည်။

ထိုရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးလှကြည်ကလည်း "သူတို့အဖွဲ့က သေဆုံးသူရဲ့နာရေးကိစ္စ အလုံးစုံကို တာဝန်ယူဆောင်ရွက်ပေးသွားမယ်။ နောက်ပြီး ကျန်ရစ်တဲ့ မိခင်အိုကြီးအတွက် ကျပ် ၁၀ သိန်းကို ဘဏ်မှာအပ်နှံပေးထားပြီး ကျပ်သိန်း ၉၀ ကိုလည်း ထောက်ပံ့ကူညီပေးမယ်လို့ နှုတ်ကတိပြုသွားကြပါတယ်"ဟု ပြောသည်။

အသက် ၃၂ နှစ်ရှိ ဆောက်လုပ်ရေးလုပ်သား ကိုထွန်းလင်းနောင်သည် တာမွေမြို့နယ်ရှိ နာ၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအတွင်း ငါးထပ်တိုးချဲ့ဆောင် အပေါ်ဆုံးလွှာ ကွန်ကရစ်ကြမ်းခင်းလောင်းနေစဉ် ဩဂုတ် ၁၃ ရက်က နံနက်ပိုင်းက ပြုတ်ကျခဲ့မှုကြောင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**



## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြုလုပ်

**ဒလ ဩဂုတ် ၁၆**

ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုကို ဩဂုတ် ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာဆွေက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝါဝါအေးက မျှတအစာ စားသုံးတတ်စေရန် အစာအုပ်စုသုံးစု အကြောင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမာက သန့်လေးသန့် လုပ်ငန်းများအကြောင်းတို့ကို ကျောင်းသားကျောင်းသူ ကလေးငယ်များ စိတ်ဝင်စားစေရန် ကျန်းမာရေးကဗျာများ ရွတ်ဆိုစေ၍ ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းရှိ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူ ၄၄၀ အား အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းနှင့် လက်သည်းညှပ်ပေးခြင်းတို့ကို ဆရာ ဆရာမများက စုပေါင်းပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**သန်းဌေး(ဒလ)**



**မန္တလေးဘူတာကြီး၌ မှုခင်းကျဆင်းရေးအတွက် ဘူတာကြီးအတွင်းသို့ ဝင်ထွက်သွားလာနေကြသော မော်တော်ယာဉ်များတွင် မူးယစ်ဆေးဝါးနှင့် တုတ်၊ ဓား၊ လက်နက်များ မပါရှိစေရန် စစ်ဆေးမှုများကို ရထားရဲတပ်ဖွဲ့မှ အမှတ်(၁)တပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီးမြဌေး၏ ကြီးကြပ်မှုဖြင့် အမှတ်(၄)တပ်ခွဲမှူး ဒုရဲမှူးအောင်ဇော်ဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် မီးရထားဌာနဝန်ထမ်းများပူးပေါင်း၍ ဩဂုတ် ၁၃ ရက် ညပိုင်းက ဆောင်ရွက်ကြစဉ်။**
မင်းထက်အောင်(မန်းကိုယ်ပွား)

## မြို့နယ်စည်ပင်၏ ဝန်ဆောင်မှုများအကြောင်း လက်ကမ်းစာစောင်ဖြန့်ဝေ

**တနင်္သာရီ ဩဂုတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(One Stop Shops)ရုံးတွင် ဝန်ဆောင်မှုပေးမည့် လုပ်ငန်းငါးမျိုးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် လက်ကမ်းစာစောင်များ ဩဂုတ် ၁၄ ရက်က ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လက်ကမ်းစာစောင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့် ဝန်ထမ်းများက မော်တော်ဆိုင်ကယ်ယာဉ်မောင်းများ၊ ဈေးဆိုင်ရှင်များထံသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။ လက်ကမ်းစာစောင်တွင် ဘီးခွန်လုပ်ငန်း၊ စားသောက်ဖွယ်ပြုလုပ်ရောင်းချခြင်းလုပ်ငန်း၊ ပစ္စည်းအခွန် လုပ်ငန်း၊ တည်းခိုခန်းလိုင်စင်လုပ်ငန်းနှင့် အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလိုင်စင်များ စသည့်လုပ်ငန်းငါးမျိုးကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည့်အချက်များကိုပါ ဖော်ပြထားသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ရီယိုအိုလံပစ် မီတာ ၁၀၀ အပြေးပြိုင်ပွဲမှာ သုံးကြိမ်မြောက်ချန်ပီယံဖြစ်လာတဲ့ အူစိန်ဘော့

ဂျမေကာ အပြေးချန်ပီယံ အူစိန်ဘော့ဟာ ဘရာဇီးနိုင်ငံမှာ ကျင်းပနေတဲ့ ရီယိုအိုလံပစ် ၂၀၁၆ ပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀ ပြေးပွဲမှာ သုံးကြိမ်မြောက်အဖြစ် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ အူစိန်ဘော့ဟာ အမေရိကန် တာတိုအပြေးချန်ပီယံ ဂျပ်စတင်း ဂတ်လင်းကို ကျော်ဖြတ်ပြီး ၉ ဒသမ ၈၁ စက္ကန့်ဖြင့် ခြေတစ်လှမ်းအသာရကာ ပန်းဝင်ဗိုလ်စွဲသွားခဲ့တာပါ။ ဂတ်လင်းအနေနဲ့ ၉ ဒသမ ၈၉ စက္ကန့်နဲ့ ပန်းဝင်ခဲ့ပြီး ငွေတံဆိပ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဂတ်လင်းနဲ့ အူစိန်ဘော့တို့ဟာ ခြေတစ်လှမ်းသာ ကွာခြားပါတယ်။ ကနေဒါအပြေးသမား ဂရက်ဆီးကတော့ ၉ ဒသမ ၉၁ စက္ကန့်နဲ့ ကြေးတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အူစိန်ဘော့ဟာ မီတာ ၂၀၀ နဲ့ မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် သုံးကြိမ် သုံးခါ ဗိုလ်စွဲတဲ့ ချန်ပီယံဖြစ်လာမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အိုလံပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြေးပွဲမှာ သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့တဲ့ ချန်ပီယံဖြစ်သွားခဲ့ပါပြီ။



# နည်းပြသစ် ဂွာဒီယိုလာလက်ထက်မှာ မန်စီးတီးမှ ထွက်ခွာဖွယ်ရှိနေတဲ့ ဂိုးသမား ဂျိုးဟတ်

မန်စီးတီးအသင်းရဲ့အမာခံဂိုးသမားကြီး ဂျိုးဟတ်ဟာ အသင်းက ထွက်ခွာသွားဖွယ်ရှိပါတယ်။ အင်္ဂလန်နံပါတ်တစ်ဂိုးသမား ဂျိုးဟတ်နေရာမှာ အင်ဒရေတာစတီဂျင်နဲ့ အစားထိုးဖို့ ကြိုးစားနေတာပါ။ ဂျိုးဟတ်ဟာ မန်စီးတီးအသင်းနဲ့အတူ ဆယ်စုနှစ် တစ်ခုကြာ ကစားခဲ့တဲ့ သက်တမ်းအရှည်ကြာဆုံး ဂိုးသမားကြီး တစ်ဦးဖြစ်ပါတယ်။ နည်းပြသစ် ဂွာဒီယိုလာ လက်ထက်မှာ ဂိုးသမား ဂျိုးဟတ်ကို ဆက်လက် ခေါ်ယူထားဖို့ ရေပန်းစားခြင်းမရှိခဲ့ပါဘူး။ ဂျိုးဟတ်ဟာ လက်ရှိ မန်စီးတီးနဲ့ စာချုပ်သက်တမ်းသုံးနှစ် ကျန်ရှိနေပါသေးတယ်။ သို့သော်လည်း နည်းပြသစ် ဂွာဒီယိုလာအနေနဲ့ အပြောင်းအရွှေ့ကာလ မကုန်ဆုံးမီမှာ အစားထိုးဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။

ဂျိုးဟတ်ဟာ ကမ္ဘာ့လုပ်ခလစာအမြင့်ဆုံး ဂိုးသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ ဂျိုးဟတ်ကို ပရီမီယာလိဂ် ထိပ်တန်းကလပ်တွေထဲက တစ်ခုဖြစ်တဲ့ အဲဗာတန်အသင်းကလည်း တစ်ပတ်ကို လုပ်ခလစာ ပေါင် ၁၃၅၀၀၀ နဲ့ ခေါ်ယူစာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။





# အဖြေထုတ်တော့မယ့် စပိန်စူပါဖလားပိုင်ရှင်

စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်ကို ဩဂုတ် ၁၇ ရက် ညပိုင်းမှာ ကစားမှာဖြစ်ပါတယ်။ စပိန်စူပါဖလားအတွက် အဆုံးအဖြတ်ပေးမယ့် ဒီပွဲအတွက် ပထမအကျော့ ဆီဗီလာကွင်းမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရယူခဲ့တဲ့ ဘာစီလိုနာတို့ကတော့ အခွင့်အရေးကို လက်မလွှတ်တမ်းရယူဆုပ်ကိုင်နိုင်ရေးကြိုးစားလာတော့မှာဖြစ်ပြီး ဆီဗီလာတို့ကတော့ ပထမအကျော့ အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးခဲ့တာမို့ ဒီပွဲမှာ အပြည့်အဝ အားထည့်မှရတော့မယ့်အခြေအနေဖြစ်နေပါတယ်။

တကယ်တော့ စပိန်စူပါဖလားဆိုတာ ဘာစီလိုနာတို့အတွက် ၁၁ ကြိမ် ဆွတ်ခူးခဲ့ပြီး ဒုတိယကိုးကြိမ်ရရှိခဲ့တဲ့ မှတ်တမ်းကောင်းတွေရှိထားတဲ့ ဖလားလည်းဖြစ်ပါတယ်။ ဆီဗီလာအသင်းရဲ့ နည်းပြ ဆမ်ပါအိုလီအတွက်တော့ ပထမဆုံး ရင်ဆိုင်ရတဲ့ဖလားလုပွဲဖြစ်လို့ အောင်ပွဲခံလိုစိတ်ပြင်းပြနေပေမယ့် တစ်ဦးချင်းရော၊ အသင်းလိုက်ပါ နေရာစုံမှာ ခြေစွမ်းပြနိုင်နေတဲ့ ဘာစီလိုနာကို မာမာတင်းတင်းရင်ဆိုင်ကစားနိုင်ပေမယ့် ရလဒ်ကောင်းကို ဖန်တီးနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

ဆီဗီလာရဲ့ တိုက်စစ်၊ ခံစစ်တွေဟာ ဒီနှစ်ဘောလုံးရာသီအတွက် အားရစရာကောင်းတဲ့ အနေအထားမရှိသေးသလို ဗီယက်တို၊ ဗီတိုလိုတို့ကလည်း တိုက်စစ်မှာ အားကိုးဖွယ်ရာအသင့်အခြေအနေမျိုးရှိမလာသေးတာမို့ နည်းပြ ဆမ်ပါအိုလီအတွက်တော့ ကစားသမားနေရာချထားမှုအပိုင်းမှာ ခေါင်းခဲစရာတော့ ရှိနေပါတယ်။ အခု ဒုတိယအကျော့မှာ ဘာစီလိုနာကွင်းမှာ ကစားရမှာမို့ ဆီဗီလာရဲ့ မာကျောမှု အရည်အသွေးကို ဖော်ထုတ်ပြီး တင်းတင်းရင်းရင်း စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားနိုင်ရင်တော့ အခြေအနေတစ်မျိုး ပြောင်းသွားမလားဆိုတာလည်း မျှော်လင့်စရာပါပဲ။

ဒါပေမယ့် ဘာစီလိုနာရဲ့တိုက်စစ်က ဆီဗီလာရဲ့ နောက်တန်း အားနည်းချက်ကို အချိန်မရွေး ကျော်ဖြတ်နိုင်တဲ့ စွမ်းရည်ရှိတာမို့ ဆီဗီလာဟာ ဒုတိယအကျော့ပွဲစဉ်မှာ ဂိုးမပြတ်ရေးကို အာရုံစိုက်ရမလိုဖြစ်နေပါတယ်။ ဆီဗီလာတို့ရဲ့ ဘာစီလိုနာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့တာမို့ အခုပွဲမှာလည်း ရလဒ်ကောင်းထွက်ပြီး စပိန်စူပါဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့တော့ မလွယ်ပါဘူး။

ဘာစီလိုနာအသင်းဟာ ၂၀၁၃ ခုနှစ် နောက်ပိုင်း အခုလို စပိန်စူပါဖလားကို မရခဲ့တာမို့ အခုနှစ်ရာသီအစမှာ ဖလားတစ်လုံးလက်ဝယ်ပိုင်ပိုင်ရယူနိုင်ရေးအတွက် ခြေလှမ်းတစ်ဝက်လှမ်းထားခဲ့ပြီဖြစ်လို့ အခုပွဲမှာ ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က စပိန်စူပါဖလား ဗိုလ်လုပွဲမှာ ဘီလ်ဘာအိုအသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ ခံစားမှုကို ဘာစီလိုနာတို့ ပူပူနွေးနွေးခံစားရဆဲဖြစ်လို့ အဲဒီလို ခါးသီးတဲ့ အတွေ့အကြုံကို ထပ်မံပုံဖော်ဖို့ ကြိုးစားမှာတော့ မဟုတ်ပါဘူး။

ဘာစီလိုနာတို့က အဲဒီလိုအဖြစ်မျိုးမကြုံတွေ့ရဖို့အတွက် ဒုတိယအကျော့ပွဲစဉ်မှာတော့အဓိက ကစားသမားတွေ အကုန်ထုတ်သုံးပါလိမ့်မယ်။ တိုက်စစ်အင်အားကိုလည်း ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲကို ပွဲထုတ်လာပြီး သေချာတဲ့ အနိုင်ရလဒ်ကို ပြတ်ပြတ်သားသားပုံဖော်ပါလိမ့်မယ်။ ဒါပေမယ့် နေမာပါဝင်ဖို့ မသေချာတဲ့ တိုက်စစ်ကြောင့် အားနည်းချက်တော့ ရှိနေမှာပါပဲ။ ဘာစီလိုနာဟာ စပိန်စူပါဖလား ဗိုလ်လုပွဲတွေမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း အောင်ပွဲခံရဖို့ ခက်ခက်ခဲခဲအားထုတ်ခဲ့ရတာချည်းဖြစ်တာမို့ အဲဒီအစဉ်အလာကို အခုနှစ်တော့ ချိုးဖျက်ဖို့ အားထုတ်မှာ သေချာပါတယ်။

ဆီဗီလာတို့ကလည်း အခုနောက်ဆုံးပွဲဖြစ်တာမို့ ဘာစီလိုနာရဲ့အားနည်းချက်ကို ကောင်းကောင်း အသုံးချပြီး ခံစစ်ကို လုံအောင် အခြေပြုကာ အခွင့်ရေးရရင် ဂိုးရအောင် သွင်းယူဖို့ ကြိုးစားလာမှာ သေချာပါတယ်။ ပထမအကျော့ပွဲစဉ်ရလဒ်အရ မဖြစ်မနေနိုင်ပွဲရအောင် အားထုတ်လာမယ့် ဆီဗီလာရဲ့ ကစားသမားအခင်းအကျင်းနဲ့ နည်းဗျူဟာပိုင်း ပြောင်းလဲမှုတွေက ဒီပွဲမှာ ဘယ်လောက်အထိ အကျိုးသက်ရောက်မှု ရှိနိုင်မလဲဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့လက်ရှိကစားသမားတွေရဲ့စွမ်းဆောင်မှု ကစားအား၊ နည်းပညာနဲ့ နေရာအလိုက် အရည်အသွေးတွေအရ ဘာစီလိုနာဟာ ဆီဗီလာကို လွှမ်းမိုးနိုင်ပေမယ့် စပိန်စူပါဖလားပွဲတွေမှာ ခက်ခဲလေ့ရှိတဲ့ ဘာစီလိုနာရဲ့ အစဉ်အလာတွေကလည်း မေ့ထားလို့မရတာမို့ ဒီပွဲက စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

■ မိုးမြင့်လင်းလက် ■

# လီဗာပူးနဲ့ကစားဖို့ အသင့်မဖြစ်ခဲ့ဘူးလို့ဆိုတဲ့ အာစင်ဝင်းဂါး

ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့်မှာ အာဆင်နယ်ဟာ အိမ်ကွင်းမှာ လီဗာပူးကို လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ အာဆင်နယ်အသင်းရဲ့ ဒီရှုံးနိမ့်မှုဟာ လေးနှစ်တာ အဖွင့်ပွဲ ကစားစဉ်အတွင်း တတိယအကြိမ်မြောက် အဖွင့်ပွဲ ရှုံးနိမ့်မှုလို့ဆိုပါတယ်။ နည်းပြ အာစင်ဝင်းဂါးကတော့ ဒီရှုံးနိမ့်မှုဟာ သူ့အသင်းအနေနဲ့ လီဗာပူးနဲ့ကစားဖို့ အသင့်မဖြစ်ခဲ့ဘူးလို့ ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ဒီပွဲမှာ အဓိက ကစားသမားတွေဖြစ်တဲ့ အိုဇေးလ်၊ ဂျီရူ၊ ကိုစီနီတို့ မပါဘဲ ကစားခဲ့ရတယ်လို့ ဆိုပါတယ်။ အာဆင်နယ်ကစားသမားတွေဟာ ယူရို ၂၀၁၆ အပြီး ဒဏ်ရာရကစားသမားတွေ များနေခဲ့တဲ့အတွက် အသင့်မဖြစ်ခဲ့ဘူးလို့ ဆိုပါတယ်။

ဆန်ချက်ဇ်နဲ့ တံခါက်ကြော ဒဏ်ရာရ ရမ်ဆေးတို့ဟာလည်း အစပွဲမှာ ပါဝင်ခွင့်ရခဲ့ပေမယ့် ခြေစွမ်းပြ ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့အသင်းရဲ့ကစားသမားတွေဟာ ရုပ်ပိုင်းဆိုင်ရာအရ ကြံ့ခိုင်မှု အားနည်းမှုတွေ ရှိနေခဲ့တာကြောင့် လီဗာပူးနဲ့ ကစားခဲ့ရာမှာ လိုအပ်ချက်တွေရှိနေတယ်လို့ နည်းပြ အာစင်ဝင်းဂါးက ဝန်ခံပြောဆိုပါတယ်။ အာဆင်နယ်အသင်းဟာ အရှုံးနဲ့ရင်ဆိုင်ရလို့ အသင့်မဖြစ်သေးဘူးလို့ ဆိုပေမယ့် တစ်ချိန်လုံး လီဗာပူးကို ဖိကစားခဲ့တာတွေ့ရပါတယ်။

■ ကောင်းမြတ်သူ - စုစည်းသည်။ ■

# ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းများရိတ်သိမ်း၊ ယခင်နှစ်ထက် အထွက်နှုန်းနည်းနိုင်

**ကျောက်ပန်းတောင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြီးခဲ့သည့်ကဆုန်လအတွင်း စိုက်ပျိုးခဲ့ကြသည့် မိုးနှမ်းများကို ယခုအခါ ရိတ်သိမ်းနေကြပြီဖြစ်ပြီး နှမ်းအနက်မျိုးမှာ အတော်အသင့်ရရှိကြမည်ဖြစ်သော်လည်း နှမ်းဖြူမျိုးမှာမူ တောင်သူတော်တော်များများ ဖျက်သိမ်းခဲ့ရပြီး အထွက်နှုန်းနည်းနိုင်ကြောင်း သိရသည်။

"စိုက်တာကတော့ နှမ်းအနက်တွေပဲ။ ဒါပေမယ့် နှမ်းတွေက မညီဘူးဗျ။ ဟိုဘက်အခင်းက ခုမနက်နုတ်ပြီးတာပဲ၊ အပင်လည်းသန်တယ်၊ အသီးလည်းပါတယ်၊ ပိုးလည်းလွတ်တယ်။ အခုဒီအခင်းကတော့ အပင်ပုပြီး ပိုးကျထားတော့ ရိုးမဲတွေဆွဲနေပြီ၊ နှမ်းအဆံ သိပ်မပါလောက်ဘူး။ စိုက်ထားတာ နှစ်ကေနဲ့တစ်မတ်လောက် ရှိမှာပေါ့။ မိုးစွေရက်ကြာသွားလို့ ရိုးမဲတွေလိုက်ပြီး အသီးဖျင်းသွားတာ။ အစေ့အဆံပေါ်ချိန်ကျ ဈေးနှုန်းကလည်း ကျသွားပါပြီ။ တောင်သူတွေက အလုပ်သမားလောက်တောင် တွက်ခြေမကိုက်တော့ဘူး။ ဒီအခင်းကို ပေါင်းနှစ်ခါနုတ်ရတယ်။ တစ်သိန်းခွဲလောက်ကုန်တယ်။ ပိုးကျလို့ ဆေးဖျန်းရတယ်။ ဆေးဖိုးက ငါးသောင်းလောက်ကုန်တယ်။ မျိုးစေ့မျိုးဆံဖိုးနဲ့ ကိုယ့်သီးနှံပြန်ရောင်းမယ်ဆိုတော့ ဈေးကမရှိတော့ဘူး"ဟု လယ်ယားတောင်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးမာရင်က ပြောသည်။

နှမ်းသီးနှံမှာ မိုးရက်ရှည်စွေရွာခြင်း၊ မိုးအုံ့ခြင်းများကို မကြိုက်ကြောင်းသိရပြီး မိုးရက်ရှည်စွေပါက ပင်စည်များဝါလာပြီး အပင်လဲလိုက်လာကြောင်းနှင့် မိုးစွေ၍ အုံ့ဆိုင်းမှုရက်ကြာရှည်သည့် အခြေအနေမျိုးတွင် ပျပိုးများကျရောက်တတ်ကာ မိုးအုံ့ရက်ရှည်လေ ပိုးပေါက်ပွားမှုနှုန်း မြန်ဆန်လေဖြစ်ကြောင်း သိရသည်။ နှမ်းပင်များတွင် ပျပိုးမဲများ ကပ်တွယ်ခြင်းကို ဒေသခံတောင်သူများက ရိုးမဲဆွဲသည်ဟုခေါ်ပြီး ပျပိုးကပ်ပါက အရွက်များကိုလိပ်ကပ်သွားစေကာ အပင်ဖွံ့ထွားမှုနှင့် အသီးသီးနှုန်းများကို ကျဆင်းစေကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်သူများမှာ နှမ်းသီးနှံ တစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးကြသည်များရှိသလို များသောအားဖြင့် ပဲစင်းငုံသီးနှံနှင့် သီးညှပ်စိုက်ပျိုးကြသည်ကို တွေ့ရသည်။ ယခုနှစ်တွင် တစ်မြို့နယ်လုံး၌ မိုးနှမ်းစိုက်ဧကမှာ ၁၅၀၃၉၀ စိုက်ပျိုးထားသော်လည်း မြို့နယ်အတွင်း မိုးစွေရက်များခြင်း၊ မိုးအုံ့ရက်ရှည်ခဲ့ခြင်းတို့ကြောင့် အချို့နေရာများတွင် ပျပိုးကျရောက်ကာ နှမ်းအထွက်နှုန်း ညီမျှမှုမရှိကြောင်း၊ ယမန်နှစ်ကထက် အထွက်နှုန်းကျဆင်းနိုင်ကြောင်း သိရသည်။

ယမန်နှစ်က ကျောက်ပန်းတောင်းမြို့နယ်အတွင်း နှမ်းအဖြူကို အားထားစိုက်ပျိုးခဲ့ကြသော်လည်း ယခုနှစ်တွင်မူ ရာသီဥတုဒဏ်ခံနိုင်မှုနှင့် ဈေးကောင်းရရှိမှုတို့ကြောင့် နှမ်းအနက်မျိုးများကိုပါ အားထားစိုက်ပျိုးလာကြကြောင်း သိရပြီး ယခုနှစ် သီးနှံပေါ်စပြုချိန်တွင် နှမ်းဖြူတစ်တင်းမှာ ၂၈၀၀၀ ကျပ်ဈေးရှိကာ နှမ်းအနက်မှာ ၄၅၀၀၀ ကျပ်ဝန်းကျင် ဈေးရှိနေကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုပြုလုပ်

**တောင်ကြီး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု၊ စံပြကျောင်းဆုပေးပွဲနှင့်ငွေပဒေသာပင်စိုက်ထူပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာယဉ်သန္တာလွင်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများအကြောင်း ရှင်းလင်းပြောကြားကာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး စံပြကျောင်းဆုရရှိသောကျောင်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စံပြဆုနှင့်ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းကျန်းမာရေး စစ်ဆေးခြင်း၊ မူကြိုကျောင်းသူသားများအား အာဟာရကျွေးမွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ လက်ဆေးနည်းသရုပ်ပြခြင်း၊ စနစ်မှန်သွားတိုက်နည်း သရုပ်ပြခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးကြပြီး အလှူရှင် ၈၇ ဦးက ကျောင်းကျန်းမာရေးသီတင်းပတ်အတွက် အလှူငွေကျပ် ၃၅ သိန်းကျော်ကို လှူဒါန်းခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မြို့တွင်းရေလျှံမှုမဖြစ်စေရေးအတွက် ရေမြောင်းတူးဖော်

**ကလေး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ အဓိကမြို့တွင်းလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီး တောင်ဘက်ရေမြောင်းသည် ကျဉ်းမြောင်းခြင်း၊ ရွံ့နွံများပြည့်နေခြင်းနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းတို့ကြောင့် မြောင်းတိမ်ကောပြီး မိုးရွာသည့်အချိန်တိုင်း မြောင်းရေလျှံတက်မှုများ အမြဲတမ်းဖြစ်ပွားလျက်ရှိသဖြင့် တာဟန်းမီးပွိုင့်အနီး တောင်ဖီလာရပ်ကွက်ရှိ ရေမြောင်း အရှည်ပေ ၁၆၀၀ ခန့်ကို ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရ သည်။

ယခင်က မြောင်းပိတ်ဆို့နေခြင်းကြောင့် မိုးရွာချိန်တွင် ကတ္တရာလမ်းမကြီးတစ်လျှောက် ရေများလျှံတက်စီးဆင်းလျက်ရှိသဖြင့် ရပ်ကွက်နှင့် မြို့ကို အကျည်းတန်စေခဲ့သည့်အပြင် ခရီးသွားပြည်သူများလည်း စိတ်ဒုက္ခရောက်ခဲ့ရကြောင်း၊ ထို့ကြောင့် လမ်းမပေါ်ရေလျှံမှုမှ ကင်းဝေးစေရန်အတွက် လမ်းဘေးမြောင်းကို တိုးချဲ့တူးဖော်ခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများက ကြီးကြပ်မတည်၍ လွှတ်တော်ရန်ပုံငွေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာန ရန်ပုံငွေနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေများဖြင့် တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဩဂုတ် ၁၃ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါရေမြောင်းတူးဖော်သည့်လုပ်ငန်းများ ပြီးစီးပါက တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမတစ်လျှောက်တွင် ရေလျှံမှုများ မရှိနိုင်တော့ဘဲ ပြည်သူများအတွက်လည်း သွားလာရေး အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း ရေမြောင်းအတွင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ မပြုလုပ်ကြရန်လိုအပ်ကြောင်း ဒေသခံအချို့က ပြောဆိုလျက်ရှိသည်။

**ချင်းတွင်းသား**

# ကျိုင်းတုံ၌ ၂၅၀၀ ကီလိုဝပ် နမ့်စို ဓာတ်အားပေးစက်ရုံဖွင့်

**ကျိုင်းတုံ ဩဂုတ် ၁၆**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နေပြည်သူများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ တည်ဆောက်ခဲ့သည့် ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(နမ့်စို) ဖွင့်ပွဲကို စက်ရုံတည်ရှိရာ ကျိုင်းတုံမြို့ မိုင်းခွန်ကျေးရွာအုပ်စု ကောင်းကန်ရွာ၌ ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမြင့်နိုင်က "ကျိုင်းတုံမြို့လျှပ်စစ်ဖြန့်ဖြူးရေးကို ကျိုင်းတုံစွမ်းအင်ကုမ္ပဏီက ၂၀၁၄ ဧပြီလမှာ တာဝန်ယူခဲ့ပါတယ်။ ဒေသတွင်း ဓာတ်အားသုံးစွဲမှုများလာတော့ လုံလောက်မှုမရှိလို့ မြို့ရဲ့အရှေ့တောင်ဘက် ရှစ်မိုင်အကွာမှာ ယခုဖွင့်လှစ်တဲ့ ဓာတ်အားပေးစက်ရုံကို ၂၀၁၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ်မေလမှာ ဓာတ်အားစမ်းသပ်ဖြန့်ဖြူးပေးခဲ့ပါတယ်"ဟု ပြောသည်။

ကျိုင်းတုံမြို့မှ မြို့မိမြို့ဖတစ်ဦးက "လက်ရှိ ကျိုင်းတုံမြို့မှာ စဉ်ဆက်မပြတ် လျှပ်စစ်မီးရနေတယ်။ ရေခမ်းခြောက်တတ်တဲ့ နွေရာသီမှာလည်း စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ဖို့ သင့်တင့်တဲ့ရေရှိနေဖို့ လိုတယ်။ ဒီအတွက် သစ်တောတွေ မပြုန်းတီးစေဖို့ သက်ဆိုင်ရာက ကြပ်မတ်ပေးဖို့နဲ့ နမ့်စိုချောင်းအနီး သစ်ပင်များ စိုက်ပျိုးဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

စက်ရုံဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဥပဒေချုပ်ဦးတင်ဦး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဝင်း၊ မြို့မိမြို့ဖ ဦးဟောင်ခမ်းနှင့် ဦးစိုင်းဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

ယခုဖွင့်လှစ်သည့် ရေအားသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(နမ့်စို)တွင် တာဘိုင်အမျိုးအစား Pelton Turbine (CJA4) 5-W-100/1×6 သုံးလုံး တပ်ဆင်ထားပြီး စက်တပ်ဆင်အင်အား ၂၅၀၀ ကီလိုဝပ်ရှိ၍ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၁၂ ဒသမ ၅ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# မြိတ်မြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**မြိတ် ဩဂုတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၇၂/၂၀၁၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၃/၂၀၁၆)သင်တန်းဆင်းပွဲများကို မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ခန်းမဆောင်၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရသော ရွှေပေးကျေးရွာမှ မအိအိဝင်းနှင့် အခြေခံသင်တန်းတွင် ထူးချွန်ဆုရသော ကလွင်ကျေးရွာမှ မချောကလျာတို့အား အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးကာ ကျောင်းအုပ်ဒေါ်ထွန်းလှက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့ မြိတ်၊ ပုလော၊ ကျွန်းစု၊ တနင်္သာရီ၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်များမှ သင်တန်းသူ ၈၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ရက်သတ္တပတ် ၁၄ ပတ်အတွင်း သင်ထောက်ကူပစ္စည်းများအစုံအလင်ဖြင့် စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် သင်တန်းများကို အဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းအကြိမ်ပေါင်း ၁၀၄ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းသူ ၃၂၁၇ ဦး သင်တန်းဆင်းခဲ့ကာ မိမိတို့ကျေးရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ ၁၆၇၄ ဦးရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေဂီတပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရ၏ လမ်းညွှန်မှုဖြင့် မန္တလေးဂီတအစည်းအရုံးက ဦးဆောင်စီစဉ်၍ မန္တလေးဂီတပညာရှင်များ စုစည်းဖျော်ဖြေတင်ဆက်သော ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေဂီတပွဲတော်ကို မန္တလေး အမျိုးသားကဇာတ်ရုံ၌ ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေဖျော်ဖြေပွဲတွင် မန္တလေးဂီတအစည်းအရုံး မန္တလေးဂီတမောင်နှမများ ပရဟိတအသင်းက အဖွင့်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော ဂျေမောင်မောင်၊ ဟဲလေး၊ အိမ့်ချစ်၊ ဖိုးကာ၊ Lဆိုင်းဇီ၊ စည်သူလွင်တို့အပါအဝင် အနုပညာရှင်များက ဖျော်ဖြေခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများက အဆိုတော်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။ အဆိုပါရန်ပုံငွေဂီတပွဲတော်တွင် လက်မှတ်ရောင်းရငွေနှင့် စေတနာရှင်များ၏လှူဒါန်းငွေ ကျပ်သိန်း ၂၀၀ ရရှိပြီး ရန်ပုံငွေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**သုံးခွ ဩဂုတ် ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကြံကြိတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း(Community Clinic)ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့် ဩဂုတ် ၁၂ ရက်က ဖွင့်လှစ်ခဲ့ပြီး ကျေးလက်နေပြည်သူများအား ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင် ဦးဆောင်မှုဖြင့် ဆယ်ရွာကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဆရာမများက ကုသပေးခဲ့ခြင်းဖြစ်ကာ သံဃာတော်သုံးပါးနှင့် ပြည်သူ ၉၆ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆေးကုသရာတွင် နွမ်းပါးသော ပြည်သူများနှင့် သက်ကြီးရွယ်အိုများ အများဆုံးလာရောက်ကုသကြပြီး အချို့မှာ ဆေးဖိုးအခက်အခဲကြောင့် မြို့တက်ဆေးမကုနိုင်သူများဖြစ်ရာ ယခုကဲ့သို့ ကျေးရွာတွင် အခမဲ့လာရောက်ကုသပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**



# သုံးခွမြို့နယ်တွင် ဓာတ်မြေဩဇာ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**သုံးခွ ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမိုး၊ ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်မော်အောင်၊ သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင် နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော အဖွဲ့သည် ဩဂုတ် ၁၁ ရက်က သုံးခွမြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာအရောင်းဆိုင်များသို့ ကွင်းဆင်း၍ ရောင်းချဖြန့်ဖြူးခွင့် လိုင်စင်များစစ်ဆေးခြင်းနှင့် ဓာတ်မြေဩဇာများ သတ်မှတ်အရည်အသွေးပြည့်ဝမှု ရှိ မရှိ စစ်ဆေးခြင်း၊ နမူနာယူခြင်းတို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)နှင့် ပတ်သက်၍ အဖွဲ့ပေါင်းစုံ သုံးသပ်အစည်းအဝေး ပြုလုပ်

**ကျွန်းစု ဩဂုတ် ၁၆**

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာပေါင်း ၁၆၃ ရွာတွင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ၂၀၁၅-၂၀၁၆ ခုနှစ် (တတိယနှစ်စက်ဝန်း)တွင် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် သုံးသပ်အစည်းအဝေးကို ကျွန်းစုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်မှ) ညွှန်ကြားရေးမှူး ဦးလှခိုင်နှင့် ဝန်ထမ်းများ၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်၊ ကျွန်းစုမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ စီမံကိန်းအကြောင်းနှင့် လုပ်ဆောင်မှုအကောင်းဆုံး ကျေးရွာအုပ်စုနှင့် ကျေးရွာများရွေးချယ်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ တတိယနှစ်စီမံကိန်းစက်ဝန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးကြပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအကောင်းဆုံး ကျေးရွာအုပ်စုများနှင့် ကျေးရွာများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)အရ ဆောင်ရွက်နေသော လမ်း၊ တံတား၊ ကျောင်း၊ ဆေးခန်း၊ ရေပေးဝေရေးလုပ်ငန်းစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၇၀ ရှိကာ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းထွန်းဦးထံမှ သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**မကွေး ဩဂုတ် ၁၆**



မကွေးမြို့နယ် မြင်ကွန်းကျေးရွာအုပ်စု မြင်ကွန်းကျေးရွာရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခမဲ့ အခြေခံကွန်ပျူတာ သင်တန်းကို မြင်ကွန်းကျေးရွာ ရွှေဂူ ဓမ္မာရုံ၌ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်ထားပြီး ဒေသတွင်း ကျေးရွာများမှ လူငယ်များအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကွန်ပျူတာပညာရပ်ဟာ လူတိုင်းသိသင့်တဲ့ ပညာရပ်ပါ။ အခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအရောက် သင်တန်းပို့ချပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မြို့ပေါ်မှာ သွားပြီးသင်တန်းတက်မယ်ဆိုရင် သင်တန်းစရိတ်၊ နေစရိတ်၊ စားစရိတ်၊ သွားလာရတဲ့စရိတ်တွေများတော့ မတက်နိုင်ပါဘူး"ဟု မြင်ကွန်းကျေးရွာမှ သင်တန်းတက်ရောက်နေသူတစ်ဦး ဖြစ်သည့် ကိုအောင်မျိုးထွန်းက ပြောသည်။

သင်တန်းတွင် မြင်ကွန်းကျေးရွာအုပ်စုတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အနိမ့်ဆုံးပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်ပြီးသည့် ကျေးရွာနေ လူငယ် သင်တန်းသား ၄၀ တက်ရောက်လျက်ရှိသည်။ သင်တန်းတွင် အခြေခံကွန်ပျူတာသင်ခန်းစာများဖြစ်သော Micr- osoft Office၊ Adobe Page Maker နှင့် ဟာ့ဒ်ဝဲပြင်ဆင်ထိန်းသိမ်းနည်း စသည့်ဘာသာရပ်များကိုသင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဩဂုတ် ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇောဟိန်းနှင့် မြို့နယ်ဦးစီးမှူးတို့က သင်တန်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

**ကျော်ဇေယျ**

## သံတောင်-တောင်ငူ လေးမိုင်စစ်ဆေးရေးဂိတ်တွင် ခနောက်စိမ်းဟုယူဆရသည့်သတ္တု သိန်း ၆၆၀ ဖိုးခန့်ဖမ်းမိ

**တောင်ငူ ဩဂုတ် ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့မှ တောင်ငူမြို့သို့မောင်းနှင်လာသော ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးအား တောင်ငူ-သံတောင်ကားလမ်း လေးမိုင်စစ်ဆေးရေးဂိတ်၌ ရှာဖွေစစ်ဆေးခဲ့ရာ ခနောက်စိမ်းဟုယူဆရသည့် သတ္တုအိတ် ၂၁၀(၁၁ တန်)ကာလတန်ဖိုးငွေကျပ်သိန်း ၆၆၀ ခန့် ဖမ်းဆီးရမိမှုအား တောင်ငူ အမှတ်(၃) နယ်မြေရဲစခန်း၌ ဩဂုတ် ၁၅ ရက်တွင် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက် ည ၁၀ နာရီခွဲခန့်က တောင်ငူ လေးမိုင်စစ်ဆေးရေးဂိတ်၌ တောင်ငူမြို့ စစ်ဘက်ဆိုင်ရာလုံခြုံရေးတပ်စုမှ ဗိုလ်ကြီးပိုင်စိုးသူ ဦးစီးအဖွဲ့နှင့် ဒုရဲအုပ် အောင်မျိုးသွင်တို့ ပူးပေါင်းအဖွဲ့က ယာဉ်များကို စစ်ဆေးဆောင်ရွက်နေစဉ် တောင်ငူ-သံတောင် ကားလမ်းအတိုင်း မျိုးမင်းဦး(၃၄ နှစ်) ဒေါ်ဥခူရပ်ကွက် လွိုင်ကော်မြို့နေသူ မောင်းနှင်ပြီး ဇင်ဘိုအောင်(၂၆ နှစ်) ချမ်းစုရပ်ကွက် လွိုင်ကော်မြို့နေသူလိုက်ပါလာသည့် 3F/----- ခြောက်ဘီးယာဉ်အား စစ်ဆေးရှာဖွေရာမှ တွေ့ရှိခဲ့ခြင်းဖြစ်၍ တောင်ငူအမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သက်ရှည်ပညာ ရောဂါညှိဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးမည်

**ဝါးခယ်မ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုရန်အတွက် သက်ရှည်ပညာ ရောဂါညှိဌာနဖွင့်ပွဲကို စာရေးကုန်းရပ်ကွက်ရှိ ဝါးခယ်မမြို့နယ်အသင်းတိုက် အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ သက်ရှည်ပညာရောဂါညှိအဖွဲ့ဗဟို(ရန်ကုန်)မှ ဧည့်သည်တော်များ၊ မြို့နယ်မှ အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ကြပြီး ဖွင့်ပွဲတွင် ဝါးခယ်မမြို့နယ် သက်ရှည်ပညာရောဂါညှိအဖွဲ့၏ ကိုယ်စား ဦးဆန်းချိုဦးက အမှာစကားပြောကြားကာ အဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သက်ရှည်ပညာ ရောဂါညှိအဖွဲ့ ဗဟို(ရန်ကုန်)မှ ဒေါ်ရင်ရင်ထွေးက သတ္တဝါများ ခံစားနေရသည့် ရောဂါဝေဒနာများအား သက်သာအောင်၊ ပျောက်ကင်းအောင် စကြဝဠာစွမ်းအင်ဖြင့် သတ္တဝါများ၏ ဇီဝကမ္မဖြစ်စဉ်ကို မူလအတိုင်း ပြန်လည်ကောင်းမွန်နိုင်ရန် ညှိပေးသည့်စနစ်ဖြစ်ကြောင်း၊ နှိပ်နယ်ချိုးဖဲ့ခြင်း၊ ဆေးစားခြင်း၊ ဆေးထိုးခြင်းအလျင်းမပြုဘဲ သတ္တဝါများ၏ ကျန်းမာရေးအတွက် ခံစားနေရသည့် ဝေဒနာများအား တိုင်းရင်းဆေးပညာအလိုအရ ဓာတ်ကြီးလေးပါးကို မျှတအောင် ညှိပေးသကဲ့သို့ဖြစ်ကြောင်းစသည့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဟောပြောခဲ့သည်။

ဝါးခယ်မမြို့နယ် သက်ရှည်ပညာ ရောဂါညှိအဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို စာရေးကုန်းရပ်ကွက် ဘိုးမင်းခေါင်ရန်အောင်မြင် ဓမ္မာရုံ၌ အခြေပြု၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မည်သူ့ကိုမဆို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**


### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်အုပ်စု၊ စာဖြူစုကျေးရွာနေ ဦးအောင်ထွန်း-ဒေါ်မကြည်တို့၏ သား ဦးကျော်လှိုင်(ခ)ဦးလှိုင်မြင့် ၇/လပတ(နိုင်)၀၃၀၁၃၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်လှိုင်(ခ)ဦးလှိုင်မြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု၊ အမှတ် ၈၅၈၊ တလုပ်ရုံတပ်ခွဲ(လျှပ်/စစ်)နေ ဦးအောင်သီဟကျော် ၉/အမရ(နိုင်)၀၉၇၂၆၁နှင့် ဦးအောင်ထက်ခေါင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ စိန်ပန်းနီလမ်း၊ အမှတ် ၄၀၉၊ ကွင်းအမှတ် ၅၁၊ ကွင်းအမည်(ဘုမ္မော်မြောက်)၊ ဦးပိုင်အမှတ်(၃၉၁-က+၃၉၂-ခ)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၅၀ဧကရှိ နေအိမ်နှင့်မြေကြီးတွင် ဒေါ်ကျင်လှ ၆/ထဝန(နိုင်)၀၃၀၁၀၃ မိသားစုနေထိုင်ပိုင်ဆိုင်ပြီး သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး ဆောင်ရွက်နိုင်ရန် ဒေါ်ကျင်လှ၏ ပိုင်ဆိုင်မှုအား ကန့်ကွက်လိုသူရှိပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ကျင်လှ ၆/ထဝန(နိုင်)၀၃၀၁၀၃**

### ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးစိုင်းယီ ၁၃/ကသန(နိုင်)၀၀၃၂၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးစိုင်းယီ ၁၃/ကသန(နိုင်)၀၀၃၂၁၈နှင့် နန်းသွယ်သွယ်ဦး ၁၃/လခန(နိုင်)၀၁၇၂၉၉တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး သုံးဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ်ဇနီးဖြစ်သူ နန်းသွယ်သွယ်ဦးသည် လွန်ခဲ့သော ၂၀၁၄ခုနှစ်က မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားခဲ့ရာ ယနေ့အချိန်ထိ အဆက်အသွယ်မပြုပါသဖြင့် ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နန်းသွယ်သွယ်ဦးနှင့် ပတ်သက်သည့် ကိစ္စအဝဝတို့သည် ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းယီနှင့် လုံးဝပတ်သက်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းယီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စဝ်ဥမ္မာကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၁/၉၉)**
**အမှတ်-၃၂၊ ကျောက်တလုံးလမ်း၊**
**သစ်တောရပ်ကွက်၊ တောင်ကြီးမြို့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပညာရေးကောလိပ်များတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(တင်သွင်းသည့်ဈေးနှုန်းတွင် ရောင်းချသူမှ ရောင်းချရငွေအတွက် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းအားထည့်သွင်းတွက်ချက်ပြီးသား အဆိုပြုဈေးနှုန်းဖြစ်ရမည်။)

(က) စက်ပစ္စည်းများ

(ခ) ရုံးသုံးစက်ပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၈-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၆ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၉၈၊ ၀၆၇-၄၀၇၆၅၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**
**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁၃)၊ နေပြည်တော်**

### ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ-၁၊ မြေကွက်အမှတ်-၄၄၉/စီ၁၊ မြေကွက်တည်နေရာအမှတ် ၁၊ မိုးမခလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒုတိယဗိုလ်မှူးကြီးအုံကျော်(အငြိမ်းစား)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား မြေအမည်ပေါက်သည် ၂၆-၄-၂၀၁၆ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စန်းနွဲ့(ခ)မလုံး ၁၂/ကမတ(နိုင်)၀၄၅၄၂၂ ကိုယ်စားငင်း၏အထွေထွေကိုယ်စားလှယ်လွှဲစာ(၅၃၉၉/၂၀၁၆)ရရှိသော(သမီး)ဒေါ်မျိုးမျိုး ၁၂/ကမတ(နိုင်)၀၀၁၀၈၇က ဒေါ်စန်းနွဲ့(ခ)မလုံးသည် ဒေါ်မျိုးမျိုး ၁၂/ကမတ(နိုင်)၀၀၁၀၈၇က ဒေါ်စန်းနွဲ့(ခ)မလုံးသည် မြေအမည်ပေါက်၏ တရားဝင်ဇနီးဖြစ်ပြီး အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ မြေအမည်ပေါက်၏ သေဆုံးမှုလက်မှတ်နှင့် ယင်းမြေ၏ဂရန်မူရင်းကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဂန့်ဂေါခရိုင်၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပေါ်ရှိ ကျွန်းချောင်းရေကျော်တံတား၊ ဖန်ခါးတံတားနှင့် စိုင်ဒူးတံတားတည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော တောသစ်(ရွယ်စုံ)၊ Chipping ကျောက်၊ ချောင်းကျောက်စရစ်၊ ချောင်းသဲများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၆ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၁-၈-၂၀၁၆ရက်(မွန်းတည့် ၁၂ နာရီ)

**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၁-၉-၂၀၁၆ရက်( မွန်းလွဲ ၁နာရီ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထက်ဖော်ပြပါရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းမည့် ပစ္စည်းအသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၆၂၉၀၃၅၊ ၀၆၂-၅၀၀၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၄၈၏ (Portion)မြေကွက်တည်နေရာ အမှတ်၉၇၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကိုအုံးမောင်၁၂/ဥကမ(နိုင်)၁၅၃၇၆၄ အမည်ပေါက် အယ်လ်(သက်တန်း)မြေအား ဦးကျော်သန်းထွဋ်မှ တရားလိုပြု၍ ဦးအုံးမောင်(ပါ)၂အား တရားပြိုင်ထားကာ စွဲဆိုခဲ့သော သင်္ဃန်းကျွန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၈၂/၁၅(၂၈-၃-၂၀၁၆ရက်)၏ စီရင်ချက်တရားမဒီကရီမှုအမှတ် ၇/၁၆ ၂-၅-၂၀၁၆ရက်၏ အမိန့်နှင့် ၁၃-၅-၂၀၁၆ ရက်စွဲပါ ဘီလစ်ခန့်စာတင်ပြ၍ တရားရုံးကိုယ်စား(ဘီလစ်)ဦးထွန်းထွန်းအောင် ၉/မလန(နိုင်)၀၉၅၇၆၈က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန်ကြီးထောင့်မြို့ရှိ ပဒေါင်းပိုင်းလမ်းတာမြေသားများ နိမ့်ကျမှုအချိန်မီပြုပြင်ဆောင်ရွက်နိုင်ခဲ့



**ကန်ကြီးထောင့် ဩဂုတ် ၁၆**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၁)ရပ်ကွက်ရှိ ပဒေါင်းပိုင်းလမ်းတာသည် ဒါးကမြစ်ရေတိုးလာမှုကြောင့် ဩဂုတ် ၁၃ ရက် နံနက်က တာအမြင့် ၁၂ ပေ၊ အရှည်ပေ ၄၀ ခန့်ရှိ မြေသားများတစ်ပေခွဲခန့် နိမ့်ကျသွားခဲ့ကြောင်းသိရသည်။

အဆိုပါနေရာသို့ မြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဝါးကတုတ်ရိုက်ခြင်း၊ ဂန်ရိုက်ခြင်း၊ သဲအိတ်များချခြင်း၊ တာဖို့ခြင်းတို့ကို အချိန်မီကာကွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့မစည်ပင်သာယာဈေးထိပ်ရှိ တာကိုလည်း သဲအိတ်များဖြင့်တာဖို့ခြင်း၊ သဲစက်လှေများမှ သဲများကို စုပ်တင်ပြီးအဆင်သင့်သဲအိတ်များထည့်၍ အရန်ထားရှိခြင်းတို့ကိုလည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြို့၏ ဒါးကမြစ်ရေမှာ အထက်မြစ်ရေများ ကျဆင်းလာမှုနှင့် မိုးများဆက်တိုက်ရွာသွန်းသောကြောင့် အတက်မြန်လာပြီး ဩဂုတ် ၁၄ ရက်က တိုင်းထွာရရှိသောရေမှတ်မှာ စိုးရိမ်ရေမှတ် ၁၈ ပေ အောက် ၁၇ ဒသမ ၈ ပေသို့ရောက်ရှိနေကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်တွင် မျိုးသန့်မျိုးပွား မိုးစပါးခင်း(RS-CS)မျိုးကွဲပယ်ခြင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် မျိုးသန့်မျိုးပွားမိုးစပါးခင်း(RC-CS) မျိုးကွဲပယ်ခြင်းအား ပုဗ္ဗသီရိမြို့နယ်ညောင်ပင်ကြီးစုကျေးရွာ ဧက ၅၀၀ အဆင့်မြင့်လယ်ယာ ကွင်းအမှတ် ၁၆၃၆ (က)ရှိတောင်သူ ဦးတင်ထွန်း၏ စိုက်ကွက်၌ စိုက်ပျိုးထားသော ဆင်းသုခစိုက်ခင်း၌ ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

မျိုးကွဲပယ် ကွင်းဆင်းဆောင်ရွက်ခြင်းအခမ်းအနားသို့ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ဥတ္တရခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ တိုင်းမျိုးစိတ်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဖိုးတိုးက မျိုးကွဲပယ်ခြင်းလုပ်ငန်းများအား စိုက်ခင်းထဲသို့ ကွင်းဆင်းပြီး တောင်သူများကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**



# စိုက်ပျိုးရေးဦးစီးဌာနမှတောင်သူများအား ပညာပေးဆွေးနွေး

**ခိုလမ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများ စိုက်ပျိုးနည်းပညာများရရှိစေရန် ရည်ရွယ်၍ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက်က ခိုအွတ်ကျေးရွာအုပ်စု ကာလေကျေးရွာအခြေခံပညာမူလတန်း (လွန်)ကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးလေးဝင်းက တောင်သူများအား စပါးဖျက်ပိုးမွှားများ ကျရောက်မှုနှင့် ကြွက်အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် နှိမ်နင်းဆေးများနှင့် ရွက်ဖျန်းအပင်အားဆေးမှုန့်များ အသုံးပြုနည်း၊ နှိမ်နင်းနည်းလမ်းများအကြောင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေအကြောင်း၊ မြေမှန်မျိုးမှန်၊ ရာသီဥတုမှန် သိပ္ပံနည်းကျ စိုက်ပျိုးတတ်စေရန်တို့ကို ပညာပေးဆွေးနွေးဟောပြောပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ရှမ်းဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများက သိရှိလိုသည့်အချက်အလက်များကိုတင်ပြဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ခိုအွတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှတောင်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**








OPPO F1s Pre-Order
Gift Box
1. OPPO x Barcelona Backpack
2. Selfie Stick Package
(9) ရက်အတွင်းသာ ရရှိနိုင်မည့်အခွင့်အရေး 17 Aug ~ 25 Aug 2016

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

မေးခွန်းပုံစံ၊ မေးလေ့မေးထရှိသော မေးခွန်းများနှင့် အမှတ်ပြည့်ရ ဖြေဆိုချက်များ

လေ့လာလေ့ကျင့်သူများသည် ထူးချွန်အောင်မြင်ကြ၏။

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
Reg. 3123/2003

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော
**အဋ္ဌမတန်း**
၂၀၁၅/၂၀၁၆ (၂-နှစ်အတွက် ၃၄-စုံ)
**မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ**
တစ်ဘာသာ တစ်အုပ်

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ပထဝီဝင်
သမိုင်း
အထွေထွေသိပ္ပံ

လေ့လာဖို့
လေ့ကျင့်ဖို့
ထူးချွန်အောင်မြင်ဖို့

**လက်ဆောင်သစ်**
Reg. 3616/2010
၂၀၁၅/၂၀၁၆
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော
**အဋ္ဌမတန်း**
ဘာသာစုံ
**မေးခွန်းပေါင်းချုပ်**
ထွက်နေပြီ
(၂) နှစ်အတွက် တစ်ဘာသာမေးခွန်း (၃၄)စုံ၊
(၆)ဘာသာ အပြည့်အစုံ

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။



အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

ထူးချွန်အောင်မြင် ဂုဏ်ထူးပန်းဆင်နိုင်ရန် လေ့လာ၊ လေ့ကျင့် ကျက်မှတ်ဖို့ တိကျပြည့်စုံသော မှတ်စုရှိရမည်။

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
Reg. 3123/2003
တက္ကသိုလ်ဝင်စာမေးပွဲ
၂၀၀၂ မှ ၂၀၁၆ ထိ
**ဘာသာစုံမေးခွန်းဟောင်းများနှင့် စံပြအဖြေများ**
အကောင်းဆုံး လမ်းညွှန်မှတ်စု
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင် စေတနာနှင့်ပညာပြည့်ဝသော ရွှေလက်ဆောင် ကိုသာ ရွေးချယ်လိုက်ပါ။

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ဓာတုဗေဒ
ရူပဗေဒ
ဇီဝဗေဒ
ဘောဂဗေဒ

ထွက်နေပြီ

**လက်ဆောင်သစ်**
Reg. 3616/2010
တက္ကသိုလ်ဝင်စာမေးပွဲ
၂၀၀၂ မှ ၂၀၁၆ ထိ
**မေးခွန်းဟောင်းများစုစည်းချက်**
ဘာသာစုံ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင်
စေတနာနှင့်ပညာပြည့်ဝသော လက်ဆောင်သစ် ကိုသာ ရွေးချယ်ပါ။

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၇ယ/၈၅၅၁၉ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းယုမောင် ၅/မမန(နိုင်)၀၆၃၇၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့


ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001
**နေရာတိုင်းဆောင်ထား**
အရောက်ပို့
တပ်ဆင်
ရှင်းပြ

အလုံ
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၃၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

Rain Flower
3 Years




မိုးရာသီ အထူး Promotion
Rain Flower မီးသတ်ဆေးဘူးများအား ဝယ်ယူအားပေးကြသော Customer များအတွက် Rain Flower အမှတ်တံဆိပ် ထီးလက်ဆောင်များ ပေးနေပါသည်။


**First Myanmar Investment Co., Ltd.**
A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

## အမြတ်ဝေစုစတင်ထုတ်ပေးမည့်နေ့ကြေညာခြင်း

First Myanmar Investment Co., Ltd. (FMI) ၏ (၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကြေညာခဲ့သည့်အတိုင်း အစုရှယ်ယာရှင်များအတွက် ၂၀၁၅-၂၀၁၆ အမြတ်ဝေစုများကို အောက်ပါအတိုင်း ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**အမြတ်ဝေစုများ ထုတ်ဝေပေးရာတွင် -**

* **Securities Account ဖွင့်လှစ်ထားသည့် အစုရှယ်ယာရှင်များ -**

FMI ကုမ္ပဏီအနေဖြင့် အမြတ်ဝေစုများကို **၃၀-၈-၂၀၁၆ ရက်နေ့တွင်** KBZSC, MSEC, AYAtrust Securities, CB Securities နှင့် KTZRH Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည် ဖြစ်ပါသည်။ ယင်းကုမ္ပဏီတို့အနက် မိမိတို့ Securities Account ဖွင့်လှစ်ထားသည့် Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။

* **Securities Account ဖွင့်လှစ်မထားရသေးသည့် အစုရှယ်ယာရှင်များ -**

FMI ကုမ္ပဏီ ရန်ကုန်ရုံးချုပ်နှင့် မန္တလေးရုံးခွဲတို့တွင် **၃၀-၈-၂၀၁၆ ရက်နေ့မှစတင်၍ ရုံးဖွင့်ရက်များတွင် နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀)နာရီအတွင်း** ထုတ်ပေးသွားပါမည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd.

First Myanmar Investment Co., Ltd.
ရန်ကုန်ရုံးချုပ် - FMI Centre ၊ အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၀၃၆၃၊ ၂၄၀၃၇၃ | Web: fmi.com.mm | Email: fmi@spa-mm.com
မန္တလေးရုံးခွဲ - အမှတ် (၁၀၃)၊ ၇၆-လမ်း (၃၃× ၃၄ လမ်းကြား)၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၆၀၅၆၁ | Email: fmi-mdy@spa-mm.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း
# အမှတ်စဉ်(၂၁/၁၆) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၁/၁၆)ကို ပညာရေးကောလိပ်များတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ် ဖြစ်ပါသည်။

၂။ သင်တန်းသားများကို သင်တန်းတက်နေစဉ်ကာလအတွင်း ပညာရေးကောလိပ်များတွင် ကျောင်းဆောင်နေထိုင်ခွင့်ပေးမည်ဖြစ်ပါသည်။

၃။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့်မိဘနှစ်ဦးလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၁၆-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ (ရမှတ်စာရင်း ပူးတွဲတင်ပြရမည်။)

(ဂ) ၂၀၁၆-ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် အသက်(၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) ကျန်းမာသန်စွမ်းပြီး ဆရာတစ်ဦး၏ သွင်ပြင်အင်္ဂါရပ်နှင့်ပြည့်စုံ၍ မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်ရပါ။

၄။ (က) သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို မြို့နယ်ပညာရေးမှူးရုံးများတွင် ရယူနိုင်ပါသည်။

(ခ) လျှောက်လွှာများကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၁ ရက်ထက် နောက်မကျဘဲ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး တစ်ခုတည်းသို့ ပေးပို့လျှောက်ထားရပါမည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

(ဂ) အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ထားသော လျှောက်လွှာများ၊ တစ်နေရာထက်ပိုလျှောက်ထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အထက်ပါအချက်အလက်များကို သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စစ်ဆေးတွေ့ရှိပါက သင်တန်းမှ ပြန်လည်စေလွှတ်ခြင်း၊ ထုတ်ပယ်ခြင်းပြုလုပ်သွားမည် ဖြစ်ပါသည်။

၅။ (က) လျှောက်ထားသူသည် သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသား ဖြည့်သွင်းလက်မှတ်ရေးထိုးရပါမည်။

(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ ပူးတွဲတင်ပြရမည်။

၆။ (က) သင်တန်းလျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသည့် ပညာရေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံး တစ်ခုတည်းတွင်သာ လျှောက်ထားရမည်။

(ခ) တက်ရောက်ရမည့် ပညာရေးကောလိပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ သင်တန်းတက်ရောက်ရာတွင် မိမိလျှောက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ပညာရေးကောလိပ်များ (သို့မဟုတ်) သွားလာရေးအဆင်ပြေသော ပညာရေးကောလိပ်များတွင် သင်တန်းတက်ရောက်ရမည်ဖြစ်ပါသည်။ ကောလိပ်ဝင်ဆံ့အင်အားအရသာ လက်ခံနိုင်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်-

| | |
|---|---|
| (၁) ကျောက်ဖြူပညာရေးကောလိပ် | (၁၃) မုံရွာပညာရေးကောလိပ် |
| (၂) စစ်ကိုင်းပညာရေးကောလိပ် | (၁၄) မန္တလေးပညာရေးကောလိပ် |
| (၃) တောင်ကြီးပညာရေးကောလိပ် | (၁၅) မိတ္ထီလာပညာရေးကောလိပ် |
| (၄) တောင်ငူပညာရေးကောလိပ် | (၁၆) မြစ်ကြီးနားပညာရေးကောလိပ် |
| (၅) ထားဝယ်ပညာရေးကောလိပ် | (၁၇) မြောင်းမြပညာရေးကောလိပ် |
| (၆) ပခုက္ကူပညာရေးကောလိပ် | (၁၈) ရန်ကင်းပညာရေးကောလိပ် |
| (၇) ပုသိမ်ပညာရေးကောလိပ် | (၁၉) လှည်းကူးပညာရေးကောလိပ် |
| (၈) ပြည်မြို့ပညာရေးကောလိပ် | (၂၀) သင်္ဃန်းကျွန်းပညာရေးကောလိပ် |
| (၉) ဘားအံပညာရေးကောလိပ် | (၂၁) လားရှိုးပညာရေးကောလိပ် |
| (၁၀) ဘိုကလေးပညာရေးကောလိပ် | (၂၂) လှိုင်ကော်ပညာရေးကောလိပ် |
| (၁၁) မကွေးပညာရေးကောလိပ် | (၂၃) ကျိုင်းတုံဆရာအတတ်ပညာ သင်တန်းဌာနခွဲ |
| (၁၂) မော်လမြိုင်ပညာရေးကောလိပ် | |

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများ စာရင်းကို ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရသူများသည် ၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၇ရက်မှ ၃၀ရက်အတွင်း သက်ဆိုင်ရာပညာရေးကောလိပ်များသို့ သတင်းပို့ရမည်။

၉။ သတင်းပို့သည့်အချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံစာ(မူရင်း)၊ ရမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)များ ယူဆောင်လာရမည်။

၁၀။ ပညာရေးကောလိပ်သို့ သတင်းပို့ချိန်တွင် သင်တန်းသားလက်ခံရေးအဖွဲ့က ဆရာအင်္ဂါရပ်နှင့်ကိုက်ညီမှုရှိ/မရှိ လူတွေ့စစ်ဆေးပါမည်။

၁၁။ သင်တန်းအောင်မြင်ပြီးမြောက်ပါက ဆရာအတတ်ပညာဒီပလိုမာလက်မှတ် (Diploma in Teacher Education) ချီးမြှင့်ပြီး ဆရာအတတ်ပညာဒီပလိုမာ ရသူများကို မူလတန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။

**တင်မျိုးကြည်**
**ညွှန်ကြားရေးမှူးချုပ်**

---

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၃၈)ရပ်ကွက်၊ အမှတ် ၅၄၅ နေ ဦးမင်းဌေး ၁၂/မဘန(နိုင်)၀၀၂၁၃၁ နှင့် ဒေါ်သီတာအောင် ၁၂/စခန(နိုင်)၀၀၀၁၄၄ တို့၏သား မောင်အောင်သန့်ကို ၁၂/ဒဂမ(နိုင်)၀၂၃၉၆၄ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘနှင့် မိသားစုများအား စိတ်ဆင်းရဲစေသည့် အပြုအမူများ အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ် အပြီးပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်အောင်သန့်ကိုနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ ဦးမင်းဌေး ၁၂/မဘန(နိုင်)၀၀၂၁၃၁**

---

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI အတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန အောက်ရှိ ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း NVTI တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**

(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်း (သင်တန်းကာလ ၁ လ)

(ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း (သင်တန်းကာလ ၁ လ)

(ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း (သင်တန်းကာလ ၁ လ)

၂။ လျှောက်ထားသူသည်-

(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်း အတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဌမတန်း)အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာ မူလတန်း(စတုတ္ထတန်း)အောင်မြင်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်း ကျန်းမာသူဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား (၃၀)ဦးစီ လက်ခံသင်ကြား ပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလ များအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်

**သင်တန်းနေရာ**

ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈

လျှောက်လွှာများကို ၂၀-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ နံနက် ၉ နာရီမှ ညနေ ၄း၀၀ နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျိုက်ထိုမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၇

ဦးဇေယျာမင်း (၎င်း၏အထူးကိုယ်စားလှယ် ပါဝါရရှိသူ ဒေါ်စိုးစိုး) **နှင့်** ဦးနိုင်မိုးထွန်း(ခ) ဦးနိုင်မိုးထွေး ပါ-၂

**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ သိမ်ဇရပ်ကျေးရွာ၊ ရွာမပိုင်းနေ ဦးနိုင်မိုးထွန်း(ခ)ဦးနိုင်မိုးထွေး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇေယျာမင်းက ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုသူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦး ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေ ရှင်းလင်းရန် ကျိုက်ထိုမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ် တရားသူကြီးရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် ရုံးသို့ လာရောက်ရန်ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာစေရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး၊ ကျိုက်ထိုမြို့နယ်တရားရုံး**

---

# အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၄၅/ရွှေတောင်)၊ ဦးပိုင်အမှတ်(၅၂/ခ)၊ ဧရိယာ ၀ဒသမ ၀၆၈ဧကရှိ မြေသည် ပီနာရာရာနယောင်း အမည်ဖြင့် ဦးပိုင်ပေါက်ပြီး ၉၉ နှစ် အငှားဂရန်ရရှိထားသော မြေဖြစ်ပါသည်။ မူလအမည်ပေါက်သူ ပီနာရာရာနယောင်းသည် ၁၉၆၅ ခုနှစ်တွင် ကွယ်လွန်သွားသည့်အတွက် အမွေစားအမွေခံသားသမီးများဖြစ်သည့် (၁) ဒေါ်ခင်မျိုးအေး၊ (၂) ဒေါ်ရှန်းတီ၊ (၃) ဒေါ်ဂျယာလချမီးတို့ သုံးဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၃၃/၁၉၉၅ ဖြင့် ပိုင်ဆိုင်လာပြီး အမွေဆက်ခံပိုင်ဆိုင်သူ သုံးဦးတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၀/၁၉၉၅ ရရှိထားသူ ဦးစိုးမိုး(ခ)ဦးဝီလီရန်ရောင်းထံမှ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၁၀၆/၁၉၉၉ ဖြင့် ဦးမင်းထွန်းက တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဝယ်ယူခဲ့စဉ်မှပင် (၉၉)နှစ် အငှားဂရန်ရရှိထားခြင်းမရှိသဖြင့် ဦးမင်းထွန်းမှ နှစ်(၃၀)အငှားဂရန် ပထမအကြိမ် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက နှစ်(၃၀)အငှားဂရန် ပထမ အကြိမ် လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့်အောက်ဖော်ပြပါလုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| ၁။ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း | (၉၄) မျိုး |
| ၂။ ရုံးသုံးစက်ပစ္စည်း | (၂၀) မျိုး |
| ၃။ ပရိဘောဂ | (၂၀) မျိုး |
| ၄။ Technical Books | |

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၈-၈-၂၀၁၆ရက်မှစ၍ ၃၁-၈-၂၀၁၆ရက်ထိ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၅၂၉၂၊ ၆၆၃၀၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါမော်တော်ယာဉ် ပြုပြင်ရာတွင် သုံးစွဲမည့်စက်ပစ္စည်းနှင့် ယာဉ်အပိုပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) Car Painting Machine & Accessories | (၁)စုံ |
| (ခ) Car Alignment Machine (Digital) & Alignment Link | (၁)စုံ |
| (ဂ) တာယာမျိုးစုံ | (၁၅၀)လုံး |
| (ဃ) ဘက်ထရီမျိုးစုံ | (၇၀)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင် တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | **တင်ဒါပုံစံရောင်းမည့်ရက်** | - ၂၂-၈-၂၀၁၆ရက်မှ ၉-၉-၂၀၁၆ရက်ထိ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော် |
| ၅။ | **တင်ဒါဖွင့်မည့်ရက်၊ အချိန်** | - ၁၃-၉-၂၀၁၆ရက် ၁၃း၀၀နာရီ |
| ၆။ | **ဆက်သွယ်ရန်ဖုန်း** | - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂၊ ၀၁-၆၅၁၀၃၉ |

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ ခိုင်သဇင်ဦး ၁၂/ကတတ(နိုင်)၀၃၁၈၈၇ ၏ Passport စာအုပ်အမှတ် M485087 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၀၈၇၉၈**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၇

၁။ ဦးခင်မောင်လေး **နှင့်** ၁။ ဦးမြတ်ထွန်း(ခ)ကျောက်ခဲ
၂။ ဦးဂုရုဆာမိ(ခ) ဦးမြင့်သိန်း ၂။ ဦးဇော်သန်းထိုက်(ခ) ဦးဇော်ငယ်

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်လမ်းဆုံအနီး၊ ပြည်လမ်း၊ သုံးလွှာ၊ အမှတ် ၁၁၅ နေ (၁) တရားပြိုင် ဦးမြတ်ထွန်း(ခ) ကျောက်ခဲနှင့် ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ရွှေဇလပ်လမ်း၊ အမှတ် (D-၅၁၆)နေ (၂) တရားပြိုင် ဦးဇော်သန်းထိုက်(ခ)ဦးဇော်ငယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ်(၁၅၂၂/၂၀၁၁)၏ စီရင်ချက်ဒီကရီနှင့် ဆက်နွှယ်နေသော လှိုင်သာယာမြို့နယ်တရားရုံးတော်၏ တရားမဇာရီမှုအမှတ်(၅၁/၂၀၁၂)အမှု၏ ဆောင်ရွက်ချက်အပေါ် ထုတ်ပေးထားသော အရောင်းသက်သေခံလက်မှတ်သည် အဆင့်မြင့်တရားရုံးများအမိန့်အရ အလိုအလျောက်ပျက်ပြယ်နေသည့်အတွက် တရားလိုများနှင့် တရားလိုများပိုင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပစာအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထာဝစဉ်တားမြစ်မိန့် ထုတ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၈ရက် (၁၃၇၈ခုနှစ် တော်သလင်း လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်း အပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

# တိုက်ခန်း
## အရောင်း/အငှား

ကမ္ဘာအေးအိမ်ရာ၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက်(၃)လမ်း၊ (၇, ၈)လွှာ၊ (၁၉×၅၆)ပေ၊ အဲယားကွန်းသုံးလုံးပါ၊ ကြွေပြားအရှေ့အနောက်အပြည့်ခင်း၊ အခန်းတစ်ခန်းပါ၊ **အရောင်း သိန်း ၁၄၅၀၊ အငှား ၉ သိန်းခွဲ** ဂမုန်းပွင့်ကုန်တိုက်အနီး၊ ကမ္ဘာအေးဘုရားကားမှတ်တိုင်အနီး ဖုန်း-၀၉-၅၁၅၃၅၂၉၊ ၀၉-၇၉၅၁၇၂၀၈၀၊ ၀၉-၂၅၄၄၃၉၉၄၈ **အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။ အကျိုးဆောင်ခ ၂ %**

---

# အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/5108 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၂၅၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၁၄၃၁ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘဆိုင် ၉/မနတ(နိုင်)၀၁၅၉၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၇၀၇၀၆ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၉/ခမစ(နိုင်)၀၄၃၂၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၁၆၂၆ Toyota Corolla EE96 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုပြုံး ၁၃/မမတ(နိုင်)၀၂၂၆၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ယ/၂၃၁၀၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်သိန်း(ခ) ဒေါ်အေးအေးခိုင် ၉/မမန(နိုင်)၀၁၅၁၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

# အစိုးရသစ်၏ ပထမ ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

အစိုးရသစ်၏ ပထမ ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်း ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် အဓိကကျသည့် ရန်ကုန်၊ မန္တလေးတို့၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ရေးဆွဲပြီး မေ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း။

မှုခင်းကျဆင်းရေးဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၏ အမှုများအား တရားရုံးများတွင် ရုပ်သိမ်းခြင်း/ပိတ်သိမ်းခြင်း၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရ တိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းဟူသည့် အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ❄

# နာဂဒေသ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**ခန္တီး ဩဂုတ် ၁၆**

စစ်ဗျူဟာအဖွဲ့(အခြေချ)ခန္တီးမြို့မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုး ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ တပ်မတော်မှ ပါရဂူဆေးမှူးများနှင့်ပူးပေါင်း၍ နာဂဒေသရှိ ထန်ခေါ်လားမားရွာ၊ ထန်ခေါ်နောက်ကုန်းရွာ၊ ယမ်းကြုံးရွာနှင့် လောင်ဂီးရွာတို့ရှိ ဒေသခံနာဂတိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တစ်ရွာဝင်၊ တစ်ရွာထွက် နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နာဂဒေသမှ ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးအရ မိုးတွင်းကာလ၌ သွားလာရန်လွန်စွာခက်ခဲသည့် ဒေသဖြစ်သော်လည်း ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေသော၊ နယ်လှည့်ဆေးကုသရေးအဖွဲ့၏ သွားလာရေးကိစ္စများနှင့် အခြားသော ကူညီထောက်ပံ့မှုလုပ်ငန်းများကို စစ်ဗျူဟာအဖွဲ့(အခြေချ)ခန္တီး တပ်နယ်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စန်းလွင်ဦး**

## ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

(မိုး/ဇလ)

❑လယ်ယာစီးပွားလုပ်ငန်းများအဆင်ပြေမှ နိုင်ငံ့လူမှုစီးပွားတိုးတက်မည် စာ-၆
❑အလက်ပိုမြို့၌ အမေရိကန်နှင့် ရုရှားတို့ စစ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိဟုဆို စာ-၁၀
❑ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆက်လက်ကျင်းပ စာ-၁၁

